ကြေးမုံ
The Mirror
၁၉၅၇ ခုနှစ် ဒီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၂ ရက်၊ တနင်္ဂနွေနေ့ (6-10-2013) (၇၆၂၅)

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၅-၁၀-၂၀၁၃)

ကျိုက္ကမီ	၃ ဒသမ ၀၇ လက်မ
မော်ဘီ	၂ ဒသမ ၇၉ လက်မ
ဘားအံ	၂ ဒသမ ၄၈ လက်မ
မော်လိုက်	၂ ဒသမ ၄၀ လက်မ
မော်လမြိုင်	၂ ဒသမ ၂၄ လက်မ
ရန်ကုန်	၂ ဒသမ ၀၁ လက်မ

ဒို့တာဝန်အရေးသုံးပါး

☆ ပြည်ထောင်စု မပြိုကွဲရေး။
☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

မျိုးဆက်သစ်များကို နိုင်ငံတော်က အားထားရမည့် ပညာရှင်များဖြစ်လာရန် ပြုစုပျိုးထောင်

နေပြည်တော် အောက်တိုဘာ ၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့်အတူ ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(MICC)၌ ကျင်းပသည့် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အားပေးသည်။

အခမ်းအနားကို အခြေခံပညာ ကျောင်းသား ကျောင်းသူလေးများက အိုဘယ့်မြတ်ဆရာ သီချင်းဖြင့် သီဆိုဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက အမှာစကားပြောကြားရာတွင် ယနေ့ အောက်တိုဘာလ ၅ ရက်နေ့ကို ကမ္ဘာ့ဆရာများနေ့အဖြစ် နိုင်ငံတကာမှ သတ်မှတ်ထားပြီး ၁၉၉၄ ခုနှစ်မှ စတင်ကာ နိုင်ငံအလိုက် အထိမ်းအမှတ် အခမ်းအနားများ နှစ်စဉ်ကျင်းပခဲ့ကြကြောင်း၊ ရည်ရွယ်ချက်မှာ မိမိတို့နိုင်ငံအတွက် အားထားရမည့် မျိုးဆက်သစ်လူငယ်၊ လူရွယ်များကို အသိပညာရှင်၊ အတတ်ပညာရှင်များ ဖြစ်လာစေရန် ပြုစုပျိုးထောင်ပေးကြသည့် ဆရာ ဆရာမများ၏ ကြိုးပမ်းစွမ်းဆောင်မှုများကိုလည်းကောင်း၊ လူ့ဘောင်လောကအဖွဲ့အစည်းတွင် ဆရာ ဆရာမများ၏ အခန်းကဏ္ဍသည် မရှိမဖြစ် အရေးပါနေမှုကို လည်းကောင်း အသိအမှတ်ပြုသည့်အနေဖြင့် နိုင်ငံအသီးသီးက ကမ္ဘာ့ဆရာများနေ့ကို ကျင်းပနေခြင်းဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့အပြင် မြန်မာနိုင်ငံတွင်လည်း ကမ္ဘာ့ဆရာများနေ့ကို နှစ်စဉ်ကျင်းပဂုဏ်ပြုခဲ့ရာ ယခုနှစ်တွင် (၁၂)ကြိမ်မြောက် ရှိပြီဖြစ်ကြောင်း၊ ဆရာ ဆရာမများကို အနန္တော အနန္တငါးပါးဂိုဏ်းဝင်အဖြစ် ရိုသေလေးစားတန်ဖိုးထားကြသည့် မြန်မာ့ရိုးရာအစဉ်အလာကောင်းများ ရှေးယခင်ကတည်းက တည်ရှိခဲ့ပြီးဖြစ်ပါကြောင်း၊ ဆရာ ဆရာမများသည် စာပေသင်ကြားပေးရသည့် တာဝန်အပြင် ကျောင်းသားများ၏ ရုပ်ပိုင်းဆိုင်ရာ၊ အကျင့်စာရိတ္တနှင့် စိတ်ပိုင်းဆိုင်ရာများတွင်ပါ စံပြပုဂ္ဂိုလ်များဖြစ်စေရန် ပြုမူနေထိုင်ကြရမည်ဖြစ်သည့်အတွက် နာသုံးနာအပြင် စံနမူနာကိုပါ ဖြည့်စွက်ရဦးမည်ဖြစ်ကြောင်း၊ ပြောဆို၊ ပြုမူ၊ ဝတ်စားနေထိုင်ရာတွင် သိက္ခာသမာဓိရှိရှိဖြင့်

စာမျက်နှာ ၈ ကော်လံ ၁ သို့ ❑

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

ယခင်နှစ် ရွှေကျင်သီတင်းကျွတ်မီးမျှောပူဇော်ပွဲတော်တွင် လှော်ကားတော်ကြီးလှေဖြင့် ရှေးခေတ်တပ်မတော်ရေကြောင်း ချီတက်နေပုံ။

ရွှေကျင်မီးမျှောပူဇော်ပွဲ အစဉ်အလာမပျက်ဆင်နွှဲမည်

သတင်းမှတ်စု - ပိန်းဇလုပ်သိန်းညွန့်

မြန်မာနိုင်ငံတစ်ဝန်း၌ ဒေသအလိုက် ကျင်းပဆင်နွှဲသည့် ပွဲတော်များအနက် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ရွှေကျင်မီးမျှောပူဇော်ပွဲသည်လည်း နာမည်ကျော်ကြားသည်။

ရွှေကျင်မြို့သည် ရန်ကုန်မြို့မှ အရှေ့မြောက်ဘက် မိုင်တစ်ရာကျော်တွင်ရှိပြီး ပဲခူးတိုင်းဒေသကြီး အရှေ့ခြမ်း အရှေ့ရိုးမတောင်ခြေတွင် တည်ရှိသည်။

၁၂ ရာသီပွဲတော်များအနက် ရွှေကျင်သီတင်းကျွတ် မီးမျှောပူဇော်ပွဲမှာ ဒေသတွင်းသာမက မြန်မာနိုင်ငံအရပ်ရပ်သို့ပင် ပျံ့နှံ့ကျော်ကြားသည်။

ကုန်းဘောင်ခေတ်နှောင်းပိုင်းမှစ၍ ကျင်းပလာခဲ့သော ရွှေကျင်မီးမျှောပူဇော်ပွဲသည် မြတ်စွာဘုရားအား အမှူးထား၍ တောင်သမုဒ္ဒရာ၌ ကြေးပြာသာဒ်ဖြင့် စံမြန်းနေသည့် ရှင်ဥပဂုတ္တမထေရ်မြတ်အား ရည်စူး၍ နှစ်စဉ်သီတင်းကျွတ်လပြည့်ကျော် ၁ ရက်နေ့တွင် ရွှေကျင်ချောင်းအတွင်း ဆီမီးရောင်စုံမီးကြာခွက်များ ရေမျှောပူဇော်သည့် ပွဲတော်တစ်ခုဖြစ်ပြီး ခေတ်အဆက်ဆက် လက်ဆင့်ကမ်းကျင်းပလာသည်မှာ ယခုနှစ်တွင် (၁၆၂)နှစ်မြောက်အဖြစ် ဆောင်ရွက်ကျင်းပတော့မည်ဖြစ်သည်။

စာမျက်နှာ ၇ ကော်လံ ၁ သို့▼

အင်အားအနည်းငယ်ရှိ မြေငလျင်လှုပ်

နေပြည်တော် အောက်တိုဘာ ၅

ယနေ့ မွန်းလွဲ ၃ နာရီ ၂၂ မိနစ် စက္ကန့် ၂၀ အချိန်တွင် မန္တလေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် မိုင် ၂၇၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း(မြစ်ကြီးနားမြို့၏ အနောက်မြောက်ဘက် ၃၅ မိုင်)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၄ ဒသမ ၃ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။

(ကြေးမုံ)

ကြေးမုံစာတည်းရှုထောင့် — ၆-၁၀-၂၀၁၃၊ တနင်္ဂနွေနေ့

လူဦးရေနှင့် စားနပ်ရိက္ခာ

ကျွန်ုပ်တို့နိုင်ငံသည် ကမ္ဘာပေါ်တွင် လူဦးရေအများဆုံး နိုင်ငံကြီးနှစ်နိုင်ငံကြားတွင် ရပ်တည်နေထိုင်လျက်ရှိပါသည်။ မြန်မာနိုင်ငံ၏လူဦးရေသည် တစ်နေ့တခြားတိုးပွားလျက်ရှိသကဲ့သို့ အဆိုပါနိုင်ငံကြီး နှစ်နိုင်ငံသည်လည်း အရှိန်အဟုန်ဖြင့် လူဦးရေတိုးပွားနေပါသည်။

အဆိုပါနိုင်ငံကြီး နှစ်နိုင်ငံတွင် အနောက်ဘက်ရှိနိုင်ငံကြီးသည် ယခုလက်ရှိ၌ လူဦးရေ သန်း ၁၂၀၀ ကျော်ရှိပြီး အရှေ့ဘက်ရှိနိုင်ငံကြီး၏ လူဦးရေသန်း ၁၃၀၀ ကျော် နောက်တွင်ရပ်တည်နေသော်လည်း လာမည့် ၂၀၅၀ ခုနှစ်တွင် အရှေ့ဘက်နိုင်ငံကြီးကို ကျော်လွန်ကာ ကမ္ဘာ့လူဦးရေအထူထပ်ဆုံးနိုင်ငံကြီး တစ်နိုင်ငံဖြစ်လာမည်ဟု ခန့်မှန်းထားကြသည်။

မြန်မာနိုင်ငံအနေဖြင့်လည်း ကုန်လွန်ခဲ့သည့် နှစ် ၃၀ ကျော်ကာလက လူဦးရေ ၃၅ သန်းကျော် ရှိသော်လည်း ယခုလက်ရှိတွင် လူဦးရေသန်း ၆၀ ဝန်းကျင်ရှိနေပြီဖြစ်သည်။ နောင် အနှစ် ၃၀ ကျော် ၂၀၅၀ ခုနှစ်တွင် လူဦးရေ သန်း ၁၀၀ ရောက်မည်ဟု ဆိုထားသည်။

မြန်မာနိုင်ငံသည် လက်ရှိတွင် အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ လူဦးရေ သုံးပုံတစ်ပုံခန့် သာရှိပြီး နောင် အနှစ် ၃၀ ကျော်သောအခါ မြန်မာနိုင်ငံအပါအဝင် ဒေသတွင်းနိုင်ငံများ၏ လူဦးရေတိုးနှုန်းကြောင့် နိုင်ငံအတွင်းနှင့် ဒေသအတွင်း စားနပ်ရိက္ခာရှားပါးမှုနှင့် လိုအပ်မှုများ မြင့်တက်လာမည်ဖြစ်သည်။

ထို့ကြောင့် လူဦးရေတစ်နေ့တခြား တိုးတက်လာမှုများကို မျှော်ချင့်၍ ဆိုင်ရာနိုင်ငံအလိုက် စားနပ်ရိက္ခာ တိုးတက်ထွက်ရှိရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် အဆိုပါလူဦးရေတိုးတက်မှုသည် ဒေသတွင်းနှင့် နိုင်ငံအလိုက် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေးဆိုင်ရာ လိုအပ်ချက်များ၊ စိန်ခေါ်မှုများနှင့်ပါ ကြုံတွေ့လာနိုင်သည်ကို သတိပြုသင့်သည်။

လူဦးရေတိုးတက်လာမှုနှင့်အတူ စားနပ်ရိက္ခာတိုးတက်ရှာဖွေရုံသာမက နေထိုင်မှုပုံစံနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းများကို အနှစ် ၃၀ စီမံကိန်းဖြင့် ထိထိရောက်ရောက် ဆောင်ရွက်သွားကြမှသာ အနာဂတ် လူမှုဘဝများ သာယာလှပမည်ဖြစ်သည်။

လူတို့၏ အရေးသုံးပါးဖြစ်သည့် စားရေး၊ ဝတ်ရေး၊ နေရေးတွင် စားရေးဖြစ်သည့် စာနပ်ရိက္ခာသည် အရေးကြီးလှသဖြင့် အနာဂတ်အတွက် ဦးစားပေးအရေးတစ်ခုဖြစ်လာသည်။ ယနေ့ပြည်တွင်း စားသုံးမှုဖူလုံနေရုံသာမက ပိုလျှံနေသဖြင့် စိုးရိမ်ဖွယ်မရှိသော်လည်း နောင်ကာလတွင် ဖြစ်ပေါ်လာမည့် လူဦးရေကြောင့် စားသုံးမှုအတွက် အရေးတကြီးပြင်ဆင်ထားကြရမည်။

မြန်မာနိုင်ငံသည် ရေ၊ မြေသဘာဝကောင်းမွန်မှုကြောင့် ပြည်တွင်းစားသုံးမှုအတွက် လုံလောက်ရုံသာမက ပိုလျှံသည်များကို ပြည်ပသို့တင်ပို့နေသည်။ ဆန်၊ ဆန်ကွဲ၊ ပဲမျိုးစုံ၊ ပြောင်း၊ ဆီထွက်သီးနှံ၊ ရော်ဘာ၊ ကြက်ဆူသီးဟိုင်ဗ္ဗစသည့် နှစ်ရှည်သီးနှံ။ သရက်၊ ဖရဲ သခွားမွှေးစသည့် သစ်သီးဝလံများ။ ကြက်သွန်နီ၊ ကြက်သွန်ဖြူ နနွင်းတက်၊ ချင်းစို၊ ချင်းခြောက်စသည့် မီးဖိုချောင်သုံးထွက်ကုန်များကို ပြည်ပသို့ တင်ပို့လျက်ရှိသည်။

မြန်မာနိုင်ငံ၏ လူဦးရေနှင့် စားနပ်ရိက္ခာထွက်ရှိမှုသည် အားရဖွယ်ဖြစ်သည်။ သို့သော် ဤမျှလောက်သာမြော်တွေးပြီး ကျေနပ်နေရုံဖြင့် ပြီးပြည့်စုံမည်မဟုတ်ချေ။ ထို့ထက်မက အထွက်တိုးအောင် ကြိုးပမ်း အားထုတ်မှသာ ပြည်တွင်းစားနပ်ရိက္ခာလည်း လုံလောက်ဖူလုံမှုရှိပြီး ပြည်ပသို့ပါ တင်ပို့နိုင်ခြင်းအားဖြင့် တိုင်းပြည်ဝင်ငွေပါ တိုးတက်ရရှိလာမည်ဖြစ်သည်။

ထို့ကြောင့် တစ်နေ့တခြားတိုးပွားလာသော လူဦးရေအတွက် နောင်အနှစ် ၃၀ ကာလအထိ မြော်တွေးတွက်ဆထား၍ ပြင်ဆင်ဆောင်ရွက်ကြရတော့မည်။ အထွက်ကောင်း၊ မျိုးကောင်းများကို အသုံးပြု၍ သိပ္ပံနည်းကျစိုက်ပျိုးလုပ်ကိုင်ကြရမည်။ အရှည်မြော်တွေး၍ လုပ်ကိုင်ဆောင်ရွက်ကြမှသာ ပြည်သူအားလုံး၏ဘဝ ထာဝရသာယာလှပနေမည်ဖြစ်ပါသည်။ ။

ကျန်ရှိသည့် သံဝေဇနီယသုံးဌာန ဆက်လက်တည်ဆောက်ပူဇော်ရန်လှူဒါန်းနိုင်

ဂေါတမမြတ်စွာဘုရားအလောင်းတော် ဖွားမြင်ရာ လုမ္ဗိနီဥယျာဉ်၊ သဗ္ဗညုတဉာဏ်တော်ရရှိတော်မူရာ မဟာဗောဓိအောင်မြေ၊ ဓမ္မစကြာတရားဦးဟောတော်မူရာ မိဂဒါဝုန်တောနှင့် ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံအင်ကြင်းတောစသည့် သံဝေဇနိယလေးဌာနအနက်မှ ပွင့်တော်မူရာတစ်ဌာနတို့ တည်ဆောက်ပူဇော်ပြီးစီးခဲ့ပြီး ကျန်ရှိသည့်သံဝေဇနိယသုံးဌာနကို နေပြည်တော်သတ္တဌာနအနီးပတ်ဝန်းကျင်တွင် ဆက်လက်တည်ဆောက်ပူဇော်ရန် စတင်စီမံဆောင်ရွက်နေပြီဖြစ်ရာ ဝန်ကြီးဌာနအလိုက်သော်လည်းကောင်း၊ အဖွဲ့အစည်းအလိုက်သော်လည်းကောင်း၊ တစ်ဦးချင်းစီသော်လည်းကောင်း ပါဝင်လှူဒါန်းလိုသူများအနေဖြင့် ဦးကံချွန်(နေပြည်တော်ကောင်စီဝင်) ဖုန်း ၀၆၇-၄၀၄၂၀၅၊ ဦးသန်းကျော်ထူး (ဒုတိယမြို့တော်ဝန်) နေပြည်တော်စည်ပင် သာယာရေးကော်မတီ ဖုန်း ၀၆၇-၄၃၂၁၁၆၊ ဦးဝင်းဌေး(အတွင်းရေးမှူး) နေပြည်တော်စည်ပင်သာယာရေး ကော်မတီဖုန်း ၀၆၇-၄၃၂၁၁၇၊ အထူးဖွံ့ဖြိုးရေးစီမံကိန်းရုံး ဖုန်း ၀၆၇-၄၁၄၂၀၂၊ ၄၁၄၂၁၄၊ စီမံရေးရာဌာနမှူး ဖုန်း ၀၆၇-၄၁၄၇၅၃ တို့သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်ထားသည်။ **(ကြေးမုံ)**

ရန်ကုန်မြို့လယ်ကောင်၏ အချက်အချာကျသော ဆူးလေမီးပွိုင့်တွင် (၂၇)ကြိမ်မြောက် ဆီးဂိမ်းအားကစားပွဲတော်ကို ကြိုဆိုဂုဏ်ပြုသည့်အနေဖြင့် ပိုစတာဆိုင်းဘုတ် စိုက်ထူထားသည်ကို အောက်တိုဘာ ၃ ရက် နံနက်ပိုင်းက တွေ့ရစဉ်။ (၀၄၀)

ချင်းပြည်နယ်လမ်းပန်းဆက်သွယ်ရေးအတွက် ချေးငွေအသုံးပြုမည်

တီးတိန် အောက်တိုဘာ ၅

ချင်းပြည်နယ်သို့ ဂျပန်နိုင်ငံတကာပူးပေါင်းဆောင်ရွက်ရေး အေဂျင်စီမှ ကမ်းလှမ်းသည့် ချေးငွေအား တည်ဆောက်ရေးလုပ်ငန်းပိုင်းဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

၎င်းချေးငွေစီမံကိန်းအတွက် ဂျပန်ယန်းငွေ တစ်ဘီလီယံ (မြန်မာကျပ်ငွေ ၁၀ ဘီလီယံ)ကို အကူအညီပေးမည်ဖြစ်၍ လုပ်ငန်းများတွင် အသုံးပြုမည့် ယာဉ်အန္တရာယ်များအတွက် တင်ဒါခေါ်ယူမှုပြီးပါက တည်ဆောက်ရေးလုပ်ငန်း စတင်မည်ဖြစ်ပြီး ၂၀၁၆ ခုနှစ် ဇွန်လတွင် ပြီးဆုံးမည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

ချင်းပြည်နယ်အတွင်း လမ်းပိုင်းပြုပြင်ရန်နှင့် မြှင့်တင်ရန် အရေးတကြီးလိုအပ်နေသည့် ကလေး-သိုင်းငင်း-တီးတိန်ကားလမ်း ၃၄ မိုင်၊ ကလေး-ဖလမ်း-ဟားခါးကားလမ်း ၃၅ မိုင်နှင့် ဟားခါး-ဂန့်ဂေါကားလမ်းမိုင် ၇၀ အစရှိသည့် လမ်းပိုင်းများတွင် ချေးငွေအကူအညီဖြင့် ပထမအဆင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအစီအစဉ်တွင် အတိုးနှုန်းသက်သာသော ချေးငွေများထောက်ပံ့ပေးမည်ဖြစ်ပြီး ဂျပန်နိုင်ငံမှ ဘဏ်အဖွဲ့အစည်းများက မြန်မာနိုင်ငံ၏ စိုက်ပျိုးရေး ဘဏ်များမှတစ်ဆင့် မြန်မာ့စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများကို ချေးငွေများ ထုတ်ပေးသွားမည့်အပြင် ချင်းပြည်နယ်အတွင်း၌ မြို့နယ်တိုင်းတွင် အဆောက်အအုံ တစ်ခုစီကိုလည်း တည်ဆောက်ပေးလျက်ရှိကြောင်း သိရသည်။

လမ်းပန်းဆက်သွယ်ရေးနှင့် လမ်းတံတား တည်ဆောက်ရေးကဏ္ဍကို မြှင့်တင်ခြင်းအားဖြင့် ချင်းပြည်နယ်၏ရပ်ပိုင်းဆိုင်ရာ တိုးတက်မှုနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ပိုမိုအားကောင်းလာစေရန် များစွာအထောက်အကူပြုနိုင်မည့်အပြင် သယ်ယူပို့ဆောင်ရေးကဏ္ဍ တိုးတက်လာခြင်းသည်လည်း ချင်းပြည်နယ်အတွင်း ဒေသခံလူထုကိုအကျိုးရှိစေမည့် လူသားအရင်းအမြစ်နှင့် စီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်စေရန်အတွက် များစွာအရေးပါလာမည်ဖြစ်ကြောင်း ဒေသခံများက သုံးသပ်ကြသည်။ **(ဇိုဟေဆာ-ချင်းတောင်ခြေ)**

ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့ (၁၂၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာပါလီမန်များသမဂ္ဂညီလာခံနှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန်ထွက်ခွာ

ရန်ကုန် အောက်တိုဘာ ၅

ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ဆွစ်ဇာလန်နိုင်ငံ ဂျနီဗာမြို့၌ ကျင်းပမည့် (၁၂၉)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ပါလီမန်များသမဂ္ဂညီလာခံ (IPU) (129th Assembly of the Inter-Parliamentary Union) နှင့်ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်ရန် ယနေ့နံနက် ၁၀ နာရီ ၄၅ မိနစ်တွင်ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။

ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးမြင့်ဆွေ၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကော်မတီတို့မှ ဥက္ကဋ္ဌများ၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်နှင့် လွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီး H.E. Mr. Christoph Burgener တို့ကရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။**(ယာပုံ)**

ပြည်ထောင်စုလွှတ်တော်နာယကနှင့်အတူ ပြည်ထောင်စုလွှတ်တော်(IPU) ပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ ကော်မတီဒုတိယဥက္ကဋ္ဌ ဒေါက်တာမြဦး၊ ကော်မတီအတွင်းရေးမှူး ဦးမောင်တိုး၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင် ဒေါ်အေးအေးမူနှင့် တာဝန်ရှိသူများလိုက်ပါသွားကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက နယူးဇီလန်လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့အား ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

နေပြည်တော် အောက်တိုဘာ ၅

ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်း၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ ချစ်ကြည်ရေးခရီး ရောက်ရှိနေသော နယူးဇီလန်လွှတ်တော်ဥက္ကဋ္ဌ Rt. Hon. David Carter နှင့်အဖွဲ့အား ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာသည် ယမန်နေ့ ညပိုင်းတွင် နေပြည်တော်ရှိ သင်္ဂဟဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အဆိုပါ ညစာစားပွဲသို့ နယူးဇီလန်လွှတ်တော်ဥက္ကဋ္ဌ Rt. Hon. David Carter နှင့် ဇနီး၊ အဖွဲ့ဝင်များ တက်ရောက်ကြပြီး ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးနန္ဒကျော်စွာနှင့် ဇနီး **(ဝဲပုံ)**၊ ပြည်သူ့လွှတ်တော်ရေးရာ ကော်မတီဥက္ကဋ္ဌများဖြစ်ကြသော ဦးသူရိန်ဇော်၊ ဦးစိုးနိုင်နှင့် အတွင်းရေးမှူး ဒေါက်တာစိုးရင်၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

MNL Cup ပြိုင်ပွဲ ကွာတားပွဲစဉ်များ ပြီးဆုံး

သတင်း-ချစ်ကိုကို
ဓာတ်ပုံ-ရှိုင်းထက်ဇော်

ရန်ကုန် အောက်တိုဘာ ၅

၂၀၁၃ MNL Cup ဘောလုံးပြိုင်ပွဲ ကွာတားဖိုင်နယ် ဒုတိယနေ့ပွဲစဉ်များကို ယနေ့နံနက်ပိုင်းက ဆက်လက်ကျင်းပသည်။

မကွေးနှင့် မနောမြေ ယှဉ်ပြိုင်နေစဉ်။

(ပဒုမ္မာကွင်း)

မကွေး - တစ်ဂိုး
(မျိုးဇော်ဦး)
မနောမြေ - ဂိုးမရှိ

ခြေညီသောအသင်းနှစ်သင်း တွေ့ဆုံသောပွဲဖြစ်သောကြောင့် အပြန်အလှန်ရှိခဲ့သည်။ ပွဲစကတည်းက နှစ်သင်းစလုံး ခြေကုန်ထုတ်ကစားခဲ့သလို ဂိုးသွင်းခွင့်များလည်း အပြန်အလှန်ရရှိခဲ့သည်။ မကွေးအသင်းအတွက် အဖွင့်ဂိုးကို ၃၆ မိနစ်တွင် မျိုးဇော်ဦးက သွင်းယူပေးခဲ့သည်။ ဒုတိယပိုင်းတွင် မကွေးအသင်းကသာ ပွဲကိုဦးဆောင်ကစားနိုင်ခဲ့ပြီး ရရှိထားသောဂိုးကို ထိန်းကစားသွားခဲ့သည်။ မနောမြေအသင်းမှာ ဒုတိယပိုင်းတွင် မကွေးဂိုးပေါက်ကို ခြိမ်းခြောက်နိုင်ခြင်း မရှိသောကြောင့် ချေပဂိုးနှင့်ဝေးခဲ့ပြီး ကွာတားဖိုင်နယ်အဆင့်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

(အောင်ဆန်းကွင်း)

ရတနာပုံ - နှစ်ဂိုး
(ဇင်မင်းထွန်း၊ ရန်ပိုင်)
ဇွဲကပင် - ဂိုးမရှိ

ဆီမီးဖိုင်နယ်ပွဲစဉ်များအဖြစ် ကမ္ဘောဇနှင့် ရတနာပုံ၊ ဟံသာဝတီနှင့်မကွေးတို့ တွေ့ဆုံနေပြီး အောက်တိုဘာ ၈၊၉ ရက်များတွင် ကျင်းပမည်ဖြစ်သည်။

နယူးဇီလန် လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ ဓနသဟာယ စစ်သင်္ချိုင်းသို့ သွားရောက်လေ့လာ

ရန်ကုန် အောက်တိုဘာ ၅

ရန်ကုန်မြို့၌ ချစ်ကြည်ရေးခရီး အလည်အပတ် ရောက်ရှိနေသော နယူးဇီလန်လွှတ်တော်ဥက္ကဋ္ဌ Rt. Hon. David Carter ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ထောက်ကြံ့ရှိ ဗြိတိသျှဓနသဟာယ စစ်သင်္ချိုင်းသို့ရောက်ရှိကြပြီး ဓနသဟာယစစ်သင်္ချိုင်းကော်မရှင် ဒေသဆိုင်ရာ မန်နေဂျာ ဦးအော်စကာက စစ်သင်္ချိုင်းနှင့်စပ်လျဉ်းသည်များကို လိုက်လံရှင်းလင်းပြသသည်။

ယင်းနောက် ဧည့်သည်တော် နယူးဇီလန်လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့သည် ဓနသဟာယစစ်သင်္ချိုင်းအတွင်းရှိ နယူးဇီလန် လေတပ်သားများ၏ အထိမ်းအမှတ်ဂူဗိမာန်ရှေ့လွမ်းသူ့ပန်းခွေချအလေးပြုပြီး ဧည့်သည်တော် မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကာ စစ်သင်္ချိုင်းအတွင်း လှည့်လည်ကြည့်ရှု လေ့လာကြသည်။**(အပေါ်ပုံ)**

(သတင်းစဉ်)

သတိပေးချက်

၁။ မီးလောင်မှုဖြစ်ပွားလျှင် ထွက်မပြေးပါနှင့်။ ပတ်ဝန်းကျင်ကို အကူအညီတောင်းပါ။
၂။ မီးစတင်လောင်ကျွမ်းသောအချိန်တွင် ငြိမ်းသတ်နိုင်လျှင် မီးလောင်ဆုံးရှုံးမှု မများနိုင်ပါ။
၃။ အိမ်တိုင်း၊ အဆောက်အအုံတိုင်း၊ ယာဉ်တိုင်းတွင် D.C.P (Dry Chemical Powder Extinguisher) ဓာတုဗေဒပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူးများ ဆောင်ထားခြင်းဖြင့် အလျင်အမြန် မီးငြိမ်းသတ်နိုင်ပြီး မီးဘေးအန္တရာယ်မှ ကာကွယ်နိုင်ပါသည်။

မီးသတ်ဦးစီးဌာန

နိုင်ငံတကာခရီးသွား အလှမယ်ပြိုင်ပွဲ၌ Miss Personality ဆုဆွတ်ခူးသူ ခင်လပြည့်ဖော်အား မီဒီယာများက တွေ့ဆုံမေးမြန်းစဉ်။

(ဓာတ်ပုံ-ခင်ရတနာ)

နိုင်ငံတကာသတင်း

ဗီယက်နမ်စစ်သူရဲကောင်းကြီး ဗိုငုယင်ဇပ် အသက် (၁၀၂) နှစ်တွင် ဟနွိုင်း၌ ကွယ်လွန်

ဟနွိုင်း အောက်တိုဘာ ၅

ဗီယက်နမ်နိုင်ငံ၏ စစ်သူရဲကောင်းကြီး ဗိုလ်ချုပ်ကြီး ဗိုငုယင်ဇပ်သည် အောက်တိုဘာ ၄ရက်က ဟနွိုင်းမြို့ရှိ စစ်ဆေးရုံတွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပြီဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

အမျိုးသားသူရဲကောင်းကြီးတစ်ဦးဖြစ်သော ဗိုလ်ချုပ်ကြီး ဇပ်သည် ပြင်သစ်နှင့် အမေရိကန်တပ်ဖွဲ့များအပေါ် အောင်ပွဲခံခဲ့သူဖြစ်သည်။ ဗိုလ်ချုပ်ကြီး ဇပ်သည် ကွယ်လွန်ချိန်တွင် အသက် ၁၀၂ နှစ်ရှိပြီဖြစ်သည်။

၁၉၅၄ ခုနှစ်က ဒိန်ဘင်ဖူးတိုက်ပွဲ၌ ပြင်သစ်တပ်ဖွဲ့များအပေါ် ဗိုလ်ချုပ်ကြီးဇပ်၏ တပ်ဖွဲ့များက အောင်ပွဲခံခဲ့ပြီး ဒေသတွင်း၌ ပြင်သစ်နိုင်ငံ၏ ကိုလိုနီအုပ်ချုပ်ရေး အဆုံးသတ်စေခဲ့သည်။

၁၉၆၈ ခုနှစ်တွင် အမေရိကန်တပ်ဖွဲ့များအား ထိုးစစ်ဆင်တိုက်ခိုက်ခဲ့သော "တက်" စစ်ဆင်ရေးကာလသည် မြောက်ဗီယက်နမ်နိုင်ငံ၏ ကာကွယ်ရေးဝန်ကြီးအဖြစ် ဗိုလ်ချုပ်ကြီးဇပ်က တာဝန်ယူနေချိန်ဖြစ်ခဲ့သည်။

လယ်သမားမျိုးရိုးမှ ပေါက်ဖွားခဲ့သူ ဗိုငုယင်ဇပ်သည် အသက် ၁၄နှစ်အရွယ်တွင် နယ်ချဲ့ဆန့်ကျင်ရေး အမျိုးသားရေးလှုပ်ရှားမှုအဖွဲ့တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့သည်။

၁၉၃၈ ခုနှစ်ဝန်းကျင်တွင် ခေါင်းဆောင်ကြီး ဟိုချီမင်း၏ အင်ဒိုချိုင်းနား ကွန်မြူနစ်ပါတီတွင် အဖွဲ့ဝင်တစ်ဦးအဖြစ် လှုပ်ရှားခဲ့ပြီးနောက် ဂျပန်၏ကျူးကျော်မှုမစတင်မီ ဟိုချီမင်းနှင့်အတူ တရုတ်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခဲ့သည်။

တရုတ်နိုင်ငံ၌ ပြည်ပြေးတစ်ဦးအဖြစ်ရှိနေစဉ် ကြည်းတပ် ဖွဲ့စည်းနိုင်ရန် စီစဉ်ခဲ့ပြီး ကျူးကျော်သိမ်းပိုက်ထားသော ဂျပန်တပ်ဖွဲ့များကို ပြောက်ကျားစစ်ပွဲဆင်နွှဲရန် အင်ဒိုချိုင်းနားဒေသသို့ ပြန်လာခဲ့သည်။

ဗီယက်နမ်စစ်ပွဲအပြီးတွင် ဗိုလ်ချုပ်ကြီးဇပ်သည် ကာကွယ်ရေးဝန်ကြီးရာထူး၌ တာဝန်ထမ်းဆောင်ခဲ့ပြီး ဒုတိယဝန်ကြီးချုပ်ရာထူးတာဝန်ကိုလည်း ရယူနိုင်ခဲ့သည်။

ရိုက်တာ။

ဗီယက်နမ် စစ်သူရဲကောင်းကြီး ဗိုငုယင်ဇပ်၏ မှတ်တမ်းပုံ။

အိုကီနာဝါကျွန်းအနီးသို့ တိုင်ဖွန်းမုန်တိုင်းချဉ်းကပ် လေကြောင်းပျံသန်းရေး ခရီးစဉ်များ ရပ်ဆိုင်းထားရ

တိုကျို အောက်တိုဘာ ၅

အင်အားပြင်းထန်သော တိုင်ဖွန်းမုန်တိုင်းဖီသော်သည် ဂျပန်နိုင်ငံတောင်ပိုင်းစွန်းဒေသ အိုကီနာဝါကျွန်းစုများထံသို့ ချဉ်းကပ်လာခြင်းကြောင့် ယင်းဒေသရှိလူနေအိမ်ခြေ ၂၀၀ ကျော်တို့တွင် လျှပ်စစ်ဓာတ်အားဖြန့်ဝေပေးမှုကိုရပ်ဆိုင်းထားပြီး လေကြောင်းခရီးစဉ်ပျံသန်းမှုများအား ရပ်ဆိုင်းထားခဲ့ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ဂျပန်၊ တရုတ်(တိုင်ပေ)နှင့် တရုတ်နိုင်ငံများပေါ် ဖြတ်သန်းတိုက်ခတ်ခဲ့သော တိုင်ဖွန်းမုန်တိုင်းကြောင့် ဂျပန်နိုင်ငံတွင် လေပြင်းထန်စွာတိုက်ခတ်မှုနှင့် မိုးသည်းထန်မှုများဖြစ်ပွားနိုင်ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက သတင်းထုတ်ပြန်ခဲ့သည်။ ယခုမုန်တိုင်းမတိုင်မီ ရက်သတ္တနှစ်ပတ်အတွင်းက တိုင်ဖွန်းမုန်တိုင်း ယူဆာဂီသည် ယင်းဒေသတွင်း ဖြတ်သန်းတိုက်ခတ်ခဲ့ပြီးဖြစ်သည်။

ယနေ့ မွန်းလွဲ ၁ နာရီတွင် တိုင်းထွာချက်များအရ တိုင်ဖွန်းမုန်တိုင်း ဖီသော်သည် ပြင်းအားတစ်နာရီလျှင် ကီလိုမီတာ ၂၀၀(၁၂၅ မိုင်)နှုန်းဖြင့် အိုကီနာဝါကျွန်း၏ အရှေ့တောင်ဘက် နာယာမြို့အား ဖြတ်သန်းတိုက်ခတ်ခဲ့ပြီး အနောက်မြောက်ပိုင်းဒေသသို့ ဖြည်းညင်းစွာဖြတ်ကျော်ခဲ့ကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ပြောကြားသည်။

မုန်တိုင်းတိုက်ခတ်မှုဖြစ်စဉ်ကြောင့် နာယာလေဆိပ်မှ ပျံတက်မည့် ဂျပန်လေကြောင်းလိုင်း အောလ်ဒိုအွန် လေကြောင်းလိုင်းတို့၏ လေယာဉ်ခရီးစဉ်များအား ရပ်နားထားခဲ့ကြောင်း လေကြောင်းလိုင်းတာဝန်ရှိသူများက ပြောကြားသည်။

ဘီဘီစီ။

ဆိုမာလီသူပုန်အဖွဲ့၏ ပင်လယ်ကမ်းခြေစခန်းကို အနောက်အုပ်စု တပ်ဖွဲ့က တိုက်ခိုက်ဟုဆို

မိုဂါဒစ်ရှူး အောက်တိုဘာ ၅

ဆိုမာလီနိုင်ငံ ဘာရာဝီမြို့ရှိ ၎င်းတို့၏ ပင်လယ်ကမ်းခြေစခန်းများအနက် စခန်းတစ်ခုအတွင်းမှ အိမ်တစ်လုံးကို အနောက်နိုင်ငံများ၏ တပ်ဖွဲ့များသည် ညအချိန်အမှောင်ထုအကာအကွယ်ယူ၍ ဝင်ရောက်တိုက်ခိုက်ရာ သူပုန်တစ်ဦးသေဆုံးခဲ့ကြောင်း အစ္စလာမ္မစ်စစ်သွေးကြွအုပ်စုက စနေနေ့တွင်ပြောကြားသည်။

မိုဂါဒစ်ရှူးမြို့၏ တောင်ဘက် မိုင် ၁၁၀ ခန့်ဝေးသော ဘာရာဝီမြို့ ပင်လယ်ကမ်းခြေသို့ နိုင်ငံခြားတပ်ဖွဲ့များက တက်ရောက်တိုက်ခိုက်စဉ် သူပုန်တိုက်ခိုက်ရေးသမားများက ပြန်လှန်ပစ်ခတ်ခဲ့ကြောင်း အယ်လ်ရှာဘက်အဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူတစ်ဦးဖြစ်သူ ရှိတ်အက်ဒီယာဆစ်အဘူဆက်က ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

မည်သည့်အကြောင်းကြောင့် ဘာရာဝီစခန်းအား ပစ်မှတ်ထားသည်ကိုလည်းကောင်း၊ လွန်ခဲ့သည့် သီတင်းနှစ်ပတ်က ကင်ညာကုန်တိုက်အားတိုက်ခိုက်ခြင်းနှင့် ဆက်စပ်မှုရှိ၊ မရှိကိုလည်းကောင်း ချက်ချင်းရှင်းလင်းစွာ မသိရသေးပေ။ ဆိုမာလီကမ်းလွန်ရေပြင်၌ အနောက်အုပ်စု၏ ရေတပ်သင်္ဘောများက ကင်းလှည့်လျက်ရှိပြီး ယခင်က စစ်သင်္ဘောများပေါ်မှ ဆိုမာလီကုန်းတွင်းပိုင်းသို့ တိုက်ခိုက်ခဲ့ဖူးသည်။

အဆိုပါ ဘာရာဝီတိုက်ခိုက်မှုတွင် ၎င်းတို့၏တပ်ဖွဲ့များပါဝင်ကြောင်း မည်သည့်အနောက်အုပ်စု၏ စစ်ဘက်ကမျှ ပြောကြားခြင်းမရှိပေ။ ယင်းဒေသအတွင်းရှိ အနောက်အုပ်စုတာဝန်ရှိသူတစ်ဦးကလည်း သဘောထားမှတ်ချက်ပေးရန် ငြင်းဆိုခဲ့သည်။

ဆိုမာလီနိုင်ငံ အခြေစိုက် အယ်လ်ရှာဘက် စစ်သွေးကြွအုပ်စု အဖွဲ့ဝင်များကိုတွေ့ရစဉ်။

ဆိုမာလီနိုင်ငံတောင်ပိုင်း၌ တပ်စွဲထားသည့် ကင်ညာတပ်ဖွဲ့များထံမှလည်း မှတ်ချက်တစ်စုံတစ်ရာမျှမရှိပေ။

အနောက်အုပ်စုတပ်ဖွဲ့ဝင်များသည် ဘာရာဝီကမ်းခြေသို့ ပင်လယ်ဘက်မှ မော်တော်ဘုတ်များဖြင့် ဝင်ရောက်ပြီး ၎င်းတို့စခန်းကို တိုက်ခိုက်ရာ ၎င်းတို့ဘက်မှတစ်ဦးသေဆုံးကြောင်း၊ ညဘက်တိုက်ခိုက်ခြင်းဖြစ်၍ လေယာဉ်များ၊ ရဟတ်ယာဉ်များ မပါဝင်ကြောင်း၊ တိုက်ခိုက်သူများသည် လက်နက်များ၊ ဆေးဝါးများ၊ သွေးကွက်များကျန်ရစ်ကြောင်း၊ ၎င်းတို့က နောက်မှလိုက်တိုက်ခဲ့ကြောင်း မူဆက်က ရိုက်တာသို့ ပြောသည်။

ရိုက်တာ။

အီကွေဒေါတွင် ကိုကင်းသုံးတန် သိမ်းဆည်းရမိ

ကွီတို အောက်တိုဘာ ၅

အီကွေဒေါနိုင်ငံ၌ မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်ရေးအဖွဲ့က သုံးတန်ထက်မနည်းသောကိုကင်းများကို နိုင်ငံအနောက်တောင်ပိုင်း ဆန်တာအလီနာပြည်နယ်တွင် အမျိုးသား ရဲတပ်ဖွဲ့က သိမ်းဆည်းရမိကြောင်း ပြည်ထဲရေးဝန်ကြီးဌာနက ကြေညာချက်ထုတ်ပြန်ကြောင်း အောက်တိုဘာ ၅ ရက် သတင်းတွင် ဖော်ပြသည်။

သိမ်းဆည်းရမိသော မူးယစ်ဆေးဝါးပမာဏမှာ သိသိသာသာများပြားကြောင်း၊ မူးယစ်ဆေးဝါးဆန့်ကျင် တိုက်ဖျက်ရေး စစ်ဆင်မှုအပြီးတွင် လူ ၁၁ ဦးကိုလည်း ဖမ်းဆီးရမိကြောင်း၊ အောက်တိုဘာ ၃ ရက် ညမှ အောက်တိုဘာ ၄ ရက် နံနက်ပိုင်းတွင်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။

အဆိုပါ ကိုကင်းများကို ကျေးတောဆန်ဆန် နေအိမ်တစ်လုံးအတွင်း ရေတိုင်ကီထဲမှ ရှာဖွေတွေ့ရှိကြောင်း၊ ဂုန်လျှော်အိတ်များအတွင်း ထည့်သွင်းကာ ဖုံးကွယ်၍ ဝှက်ထားခြင်းဖြစ်ကြောင်း၊ မူးယစ်ဆေးဝါးဆန့်ကျင်တိုက်ဖျက်မှုစစ်ဆင်ရေးပြုလုပ်စဉ် နာရီအနည်းငယ်အတွင်း သိမ်းဆည်းနိုင်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

မူးယစ်ဆေးဝါးထုပ်များကို နိုင်ငံပြင်ပသို့ ရေကြောင်းခရီးမှတစ်ဆင့်တင်ပို့ရန် အဆင်သင့်ပြုလုပ်ထားပုံရကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

၂၀၁၂ ခုနှစ်က မူးယစ်ဆေးဝါး ၄၂ တန်ကိုသိမ်းဆည်းနိုင်ခဲ့ပြီး ယခုနှစ်တွင် ယခုအချိန်အထိ ၃၈ တန်ကိုသိမ်းဆည်းနိုင်ခဲ့ကြောင်း သတင်းတွင်ဖော်ပြသည်။

ဆင်ဟွာ။

ပြည်တွင်းရေးရာ

အင်ဂျင်နီယာဆိုင်ရာ အဆင့်မြင့်ပညာရေးကဏ္ဍ တိုးတက်မြင့်မားရေးအတွက် JICA နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

ရန်ကုန် အောက်တိုဘာ ၅

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် Japan International Cooperation Agency (JICA) တို့အကြား ပူးပေါင်းဆောင်ရွက်မည့် အင်ဂျင်နီယာဆိုင်ရာ အဆင့်မြင့်ပညာရေးကဏ္ဍ တိုးတက်မြင့်မားရေးစီမံချက် စတင်ခြင်း အခမ်းအနားကို အောက်တိုဘာ ၄ ရက် နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့ အင်းစိန်မြို့နယ်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ် စုဝေးခန်းမဥကျင်းပရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး တက်ရောက်၍ "ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်ကို တည်ဆောက်တဲ့နေရာမှာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေနဲ့ လူ့စွမ်းအားအရင်းအမြစ်များ အရည်အသွေးမြှင့်တင်ရေးအတွက် အရည်အသွေးပြည့်ဝတဲ့ အင်ဂျင်နီယာပညာရှင်များ အထူးလိုအပ်လျက်ရှိကြောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဟာ ကျောင်းသားများကို လိုအပ်သောပစ္စည်းများ၊ အခွင့်အလမ်းများ ပံ့ပိုးပေးခြင်းဖြင့် အရည်အချင်းပြည့်ဝတဲ့ အင်ဂျင်နီယာများဖြစ်လာအောင် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ ယခုကဲ့သို့ JICA နှင့် တက္ကသိုလ်အဆင့်မြှင့်တင်ရေးဆိုင်ရာလုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်နိုင်ခြင်းမှာ ရန်ကုန်နည်းပညာတက္ကသိုလ်နဲ့ မန္တလေးနည်းပညာတက္ကသိုလ်တို့အတွက် အခွင့်အရေးတစ်ရပ်လည်းဖြစ်ပါတယ်"ဟု ပြောကြားသည်။

ယင်းနောက် ဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Mildo Numata၊ အဆင့်မြင့်တက္ကသိုလ်များ ဦးစီးကော်မတီဥက္ကဋ္ဌ ပါမောက္ခ ဦးညီလှငယ်၊ ဂျပန်နိုင်ငံရှိ Nagasaki နှင့် Kyoto တက္ကသိုလ်များမှ တာဝန်ရှိသူများ၊ JICA မှ President Dr. Akihiko TANAKA တို့က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားကြသည်။

ထို့နောက် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာစိုးနှင့် တာဝန်ရှိသူများ၊ JICA Myanmar Office Chief Representative Mr. Masahiko Tanaka နှင့်ဂျပန်နိုင်ငံတက္ကသိုလ်တို့မှ တာဝန်ရှိသူတို့က JICA စီမံကိန်း (၅)နှစ်ကာလဆောင်ရွက်မည့် လုပ်ငန်းစဉ်များ၊ သဘောတူညီမှုဆိုင်ရာ ဆွေးနွေးချက်မှတ်တမ်းကို လက်မှတ်ရေးထိုးကြသည်။

အဆိုပါစီမံကိန်းတွင် ရန်ကုန်နည်းပညာတက္ကသိုလ်နှင့် မန္တလေးနည်းပညာတက္ကသိုလ်တို့ရှိ ဘာသာရပ်ဆိုင်ရာ ဌာနခြောက်ခု အဆင့်မြှင့်တင်ရေးအတွက် သင်ကြားရေး ဆရာဆရာမများကို ဂျပန်နိုင်ငံရှိ တက္ကသိုလ်များသို့ ပညာသင်စေလွှတ်ခြင်း၊ မြန်မာနှင့် ဂျပန်တက္ကသိုလ်များအကြား သုတေသနပူးပေါင်းဆောင်ရွက်ခြင်း၊ နိုင်ငံတကာ သင်ကြားမှုနည်းစနစ်များကို မျှဝေပေးခြင်း၊ လိုအပ်သောပစ္စည်းများကို ထောက်ပံ့ပေးခြင်းစသည်တို့ကို ဂျပန်နိုင်ငံရှိ အမျိုးသားအဆင့် တက္ကသိုလ်ခုနစ်ခုဖြစ်သည့် ကျိုတိုတက္ကသိုလ်၊ ချီးဘားတက္ကသိုလ်၊ နီးဂတတက္ကသိုလ်၊ ခနဇဝတက္ကသိုလ်၊ အိုကာယာမတက္ကသိုလ်၊ နာဂါဆာကီတက္ကသိုလ်နှင့် ခုမမိုတိုတက္ကသိုလ်တို့ဖြင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ရန်ကုန်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်နှင့် ကျိုတိုတက္ကသိုလ်တို့အကြား ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာနှင့် ရန်ကုန်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်နှင့် ဂျပန်နိုင်ငံတက္ကသိုလ် ခြောက်ခုအကြား ပူးပေါင်းဆောင်ရွက်ရေးနားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးကြသည်။

အခမ်းအနားအပြီးတွင် တက်ရောက်လာကြသည့် မီဒီယာများ၏ မေးမြန်းချက်များကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် JICA မှ President တို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

(သတင်းစဉ်)

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနနှင့် Japan International Cooperation Agency (JICA) တို့အကြား ပူးပေါင်းဆောင်ရွက်မည့် အင်ဂျင်နီယာဆိုင်ရာ အဆင့်မြင့်ပညာရေးကဏ္ဍ တိုးတက်မြင့်မားရေးအတွက် JICA နှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးလဲလှယ်ပွဲ တက်ရောက်စဉ်။

(သတင်းစဉ်)

ဂမ်လန်ရာဇီ ချစ်ကြည်ရေး

❍ တို့မြန်ပြည်မြောက်ဖျားက
မြင့်မားတဲ့တောင်များရှိရာ၊
"ဂမ်လန်ရာဇီ" အမည်ရတဲ့
တောင်ထွတ်လုလုတစ်ခုဆီမှာ။

❍ မြန်မာ-အမေရိကန်တောင်တက်အဖွဲ့များ
တစ်ယောက်အားတစ်လက်ညီလို့၊
ရောက်ခဲ့ပြီတောင်ထွတ်အဖျားဆီ
ပေါင်းစည်းစွမ်းပကားနဲ့
တစ်မိသားပုံသို့။

❍ နိုင်ငံအလံများလွှင့်ထူပြီ
ရင်းရင်းနှီးချစ်ကြည်စွာ၊
ပေါင်းစုကာသည်ရလဒ်ရဲ့
မြတ်လှတဲ့ အကျိုးတရားပါ။

❍ အရှေ့နဲ့အနောက်သာကွာသော်ငြား
တွဲလက်များမြဲနိုင်လို့၊
မြန်မာတို့ရဲ့ မိတ်ဆွေနိုင်ငံ
အမေရိကန်နဲ့တူလက်တွဲ
ရွှေအောင်ပွဲဆီသို့။

❍ တောင်တက်အားကစားနဲ့
တို့စိတ်ဓာတ်များပေါင်းစုကာ၊
တူညီညာ နှစ်ပြည်ထောင်များ
ဆွေသားရင်းပမာ။

❍ ဆက်ဆံရေးနွေးထွေးစွာ
ရင်းနှီးကာတွဲလက်များ၊
မြေကမ္ဘာမှာ အနေသာခြားသော်လည်း
ဆွေရင်းချာပမာပုံသို့
မြဲခိုင်လို့ထား။ ။

ဖိုးရန်နိုင်(ကျောက်ကြီး)



အညာဆူးလှည်း

ဒေါက်တာစန်းဝင်း(ဒုတိယပါမောက္ခချုပ်၊ သစ်တောတက္ကသိုလ်)

စာရေးသူတို့ငယ်ငယ်တုန်းက ကျေးလက်ဒေသတွေမှာ မိုးစပါးရိတ်သိမ်းပြီးရင် ရိုးပြတ်ငုတ်တုတ်တွေ ကျန်နေတဲ့လယ်ကွက်တွေထဲကို နောက်စိုက်မယ့်သီးနှံကောင်းအောင်လို့ဆိုပြီး အိမ်မှာစုဆောင်းထားတဲ့ နွားချေးတွေကိုလှည်းနဲ့သွားပို့ပြီး ဖြန့်ချရတယ်။ ဒီလိုလုပ်တာကို နွားချေးချတယ်လို့ခေါ်တယ်။ နွားချေးချအပြန်ကျတော့ လှည်းကို ဒီအတိုင်းလှည်းခွက်ချည်းပဲမောင်းပြန်မလာဘူး။ လယ်ကန်သင်းဆုံ၊ ကန်သင်းတန်းနဲ့ ချောင်းရိုးတစ်လျှောက်မှာရှိတဲ့ ဆီးကိုင်းတို့၊ ဆူးဖြူပင်ကိုင်းတို့၊ ထနောင်းပင်ကိုင်းတို့ကို ခုတ်တင်ပြီး ပြန်လာတယ်။ အဲဒီလှည်းကို ဆူးလှည်းလို့ခေါ်တယ်။ ဒီဆူးခက်တွေကို ရွာစည်းရိုးတစ်လျှောက်နဲ့ ကိုယ့်ဝင်းကိုယ့်ခြံတစ်လျှောက် ကာကြရတယ်။

ရာသီကလည်းဆောင်းအကုန်ဖြစ်ပြန်တော့ မိုးတွင်းကပျက်ခဲ့တဲ့ လှည်းလမ်းတွေကလည်း မညီမညာ ချိုင့်ခိုးချိုင့်ခွက်နဲ့ပေါ့။ အဲသလိုလမ်းပေါ်ကို ဆူးကိုင်းတွေအပြည့်အမောက်တင်လာတဲ့ ဆူးလှည်းမောင်းတဲ့အခါ ဆူးကိုင်းတွေက ဘယ်ညာယိမ်းထိုးနေတာပေါ့။ ဒီဆူးလှည်းက ရွာအဝင်လမ်းတစ်လျှောက်မှာ ရေချိုးရေခပ်လာတဲ့လူများ ရှောင်ပေမယ့်လည်း နည်းနည်းတော့ ဆူးခက်နဲ့ ချိတ်သွားတတ်တယ်။ ဝင်းထရံမှာလှန်းထားတဲ့ အင်္ကျီ၊ လုံချည်လည်း ဆူးခက်နဲ့ ငြိပါသွားတာပဲ။ ကောက်ရိုးပုံကိုလည်းငြိသွားပြီး ကောက်ရိုးမျှင်တွေ လှည်းနောက်က တတန်းတန်းနဲ့ပါသွားတာပဲ။ ဒီလှည်းကိုကလေးတွေကမြင်ရင်လည်း ဆူးလှည်းကြီးလာပြီဟေ့၊ ပြေးကြပြေးကြဆိုပြီး ထွက်ပြေးကြတယ်။

မြင်မြင်သမျှပစ္စည်းများကို ငြိသွားလို့ ဒီဥပမာကိုကြည့်ပြီး ယောကျ်ားတစ်ယောက် ဟိုအမျိုးသမီးကို ပိုးပန်း၊ ဒီအမျိုးသမီးကို ပိုးပန်း၊ ဘယ်သူ့မှ အလွတ်မပေးဘဲ ပိုးပန်းသူကိုလည်း နောက်ကွယ်ကနေ ဆူးလှည်းကြီးလာပြီဟေ့လို့ အဲဒီယောကျ်ားကို ပြောင်တတ်ကြပါတယ်။

ယနေ့ခေတ်အခါက ရာသီဥတုပြောင်းလဲမှု သိသာစွာကြုံတွေ့နေရတဲ့ကာလပါ။ ဒီရာသီဥတုပြောင်းလဲခြင်းဟာလည်း အညာဆူးလှည်းလိုပါပဲ၊ မငြိတာမရှိဘူး၊ ဘယ်သူ့မှ၊ ဘယ်ကဏ္ဍမှ အလွတ်မပေးဘူး။ ရေချိုရရှိရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေး၊ ပို့ဆောင်ရေး၊ စီးပွားရေးစီမံကိန်း၊ သစ်တော စတဲ့ ကဏ္ဍပေါင်းစုံအပေါ်မှာ ငြိတွယ်ဆက်စပ်နေပါတယ်။

ဥပမာ-သစ်တောကဏ္ဍဆိုပါစို့၊ ဥတုရာသီပိုမိုပူပြင်းလာရင် သစ်တောတွေမှာ တောမီးလောင်မှုတွေများလာနိုင်သလို အင်းဆက်ပိုးမွှားကောင်ရေပိုပြီးများလာကာ သစ်တောစိုက်ခင်းတွေကို ဖျက်ဆီးလာနိုင်ပါတယ်။

အလွန်ပူပြင်းခြင်း (Extreme heat) ဟာလည်း ၁၉၈၀ ခုနှစ်မတိုင်ခင်က ကမ္ဘာ့ဧရိယာရဲ့ ၁ ရာခိုင်နှုန်းသာရှိခဲ့ပေမယ့် အဲဒီနောက်မှာတော့ ၁၃ ရာခိုင်နှုန်းထိ ကျယ်ပြန့်လာခဲ့တယ်လို့ သုတေသနစာစောင်ကိုကိုးကားပြီး ၂၀၁၂ ခုနှစ် ဩဂုတ်လ ၁၅ ရက်ထုတ် ဗန်ကောက်ပို့စ်သတင်းစာမှာ (Global Warming at Work) ခေါင်းစဉ်ဖြင့်ဖော်ပြထားပါတယ်။

အောက်ပါ ဂရပ်ကိုကြည့်ရင် မြန်မာနိုင်ငံမှာ ၂၀၀၆ ကနေ ၂၀၀၉ အတွင်း ဖြစ်ပေါ်ခဲ့တဲ့ Hot Spot (မီးလောင်ကွက်) အရေအတွက်ကို ဖော်ပြထားပါတယ်။ ၂၀၀၆ ခုနှစ်ကနေ့စာရင် ကျန်နှစ်များမှာ ပိုများလာတာ တွေ့နိုင်ပါတယ်။ အထူးသဖြင့် တောင်ယာမီးရှို့ချိန်တွေဖြစ်တဲ့ ပူပြင်းတဲ့ကာလတွေမှာ Hot Spot တွေများနေတာ တွေ့နိုင်ပါတယ်။



Source: AATHP (Asean Agreement on Trans-boundary Haze and Pollution)

ဒါကြောင့် မီးနဲ့ပိုးမွှားဒဏ်ခံနိုင်ဖို့အတွက် သဘာဝသစ်တောတွေမပျက်စီးအောင် ထိန်းထားဖို့လိုပါမယ်။ သစ်တောစိုက်ခင်း ထူထောင်စိုက်ပျိုးမယ်ဆိုရင်လည်း သစ်တစ်မျိုးတည်း သီးသန့်စိုက်တာ မဖြစ်သင့်တော့ဘူး။ အနည်းဆုံး သစ်မျိုးနှစ်မျိုး၊ သုံးမျိုး ရောနှောစိုက်သင့်ပါတယ်။ ရွှေ့ပြောင်းတောင်ယာဧရိယာများကို သီးနှံသစ်တောရောနှောစိုက်ခြင်း အလေ့အကျင့် (Agroforestry practice) ပြောင်းပေးဖို့လိုပါမယ်။ အပူအအေးပြောင်းလဲမှုကြောင့် သစ်မျိုးပြောင်းလဲမှုတွေလည်း ဖြစ်လာနိုင်ပါတယ်။ ဥတုရာသီပူလာရင် သစ်တောမြေလည်း Soil Temperature တက်လာတော့မှာမို့ အပူဒဏ်ခံ၊ ရေငတ်ဒဏ်ခံ သစ်မျိုး (Drought tolerant species) တွေကို ဦးစားပေးစိုက်ဖို့ စဉ်းစားသင့်ပါတယ်။ သစ်တောပျိုးပင်များ ရေလောင်းတာကအစ နံနက်စောစောနဲ့ ညနေခင်းပိုင်းမှာ ရေလောင်းသင့်တာမျိုးပေါ့။ အဲသလိုရေလောင်းရင် အပူဒဏ်ကြောင့် ရေငွေ့ပျံ၍ ဆုံးရှုံးမှုလျော့နည်းသွားစေပြီး လောင်းသမျှရေကို အပင်က အသုံးပြုနိုင်တာပေါ့။ စသဖြင့်ပြောင်းလဲလာတဲ့ရာသီဥတုနဲ့ လိုက်လျောညီထွေ (Adaptation) ဖြစ်အောင် ပြောင်းလဲလုပ်ကိုင်ဖို့လိုပါတယ်။ အဲဒီလိုလုပ်ကိုင်နိုင်ခြင်းဖြင့် လုပ်ငန်းကိုင်ငန်းများ ပျက်စီးမှုနည်းစေခြင်း၊ သယံဇာတဆုံးရှုံးပျက်စီးမှုနည်းစေခြင်းဖြင့် စီးပွားရေးထိခိုက်မှုလည်း နည်းသွားနိုင်ပါတယ်။

သောက်သုံးရေနဲ့ပတ်သက်ရင်လည်း အပူလွန်ကဲလာလို့ ချောင်း၊ မြောင်း၊ မြစ်နဲ့ မြေအောက်ရေတွေ ခန်းလာနိုင်ပါတယ်။ ရေချိုရှားပါးမှုဖြစ်နိုင်တယ်။ ငါးလုပ်ငန်းနဲ့ ပတ်သက်ရင်လည်း ရေချိုငါးမွေးလုပ်ငန်းမှာ ရေအပူချိန်မြင့်တက်လာရင်လည်း ထိခိုက်မှုတွေအများအပြားရှိနိုင်မှာပါ။ စိုက်ပျိုးရေးလုပ်ငန်းဆိုတာကလည်း ရာသီဥတုအပေါ်ကြည့်ပြီး ဆောင်ရွက်ရတဲ့လုပ်ငန်းမို့လို့ ရာသီဥတုပြောင်းလဲခြင်းရဲ့ အကျိုးသက်ရောက်မှုဟာ စိုက်ပျိုးရေးလုပ်ငန်းအပေါ် သိသာစွာကျရောက်ပါတယ်။ ဥပမာ လွန်ခဲ့တဲ့ ၅၅ နှစ်အတွင်း မြန်မာပြည်တောင်ပိုင်း မိုးရွာရက်ပြောင်းလဲလာမှုကို အောက်ပါဂရပ်မှာ တွေ့မြင်နိုင်ပါတယ်-



ဒီဂရပ်ကိုကြည့်ရင် ၁၉၅၅ ခုနှစ်တုန်းက တစ်နှစ်မှာ မိုးရွာရက်ဟာ ၁၄၅ ရက်ရှိခဲ့ရာမှ မိုးရွာရက်အတက်အကျများဟာ တဖြည်းဖြည်းပြောင်းလဲလာလိုက်တာ ၂၀၀၈ ခုနှစ်မှာ ၁၁၅ ရက်လောက်ပဲ ရှိပါတယ်။ လွန်ခဲ့တဲ့ ၅၅ နှစ်အတွင်း မိုးရွာရက်ပေါင်း ၃၀ လောက် လျော့နည်းသွားတယ်ဆိုတဲ့သဘောပါ။ ၁၉၇၇ ခုနှစ်နောက်ပိုင်းမှာ မိုးရွာရက် သိသာစွာ လျော့နည်းလာတာကို တွေ့နိုင်ပါတယ်။ ပြောရရင် မုတ်သုံမိုးဝင်ရောက်တာနောက်ကျပြီး ထွက်တာစောတဲ့သဘောပါ၊ ဒါကြောင့် မိုးရွာရက်နည်းသွားတယ်။

ဆိုတော့ အရင်ကလို ၄-၅ လကြာမှ ရင့်မှည့်တဲ့ မိုးစပါးနေရာမှာ ၃-၄ လနဲ့ ရင့်မှည့်တဲ့ စပါးမျိုး၊ ရေငတ်ဒဏ်ခံစပါးမျိုး၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာလို့ ရေငန်ဝင်ရောက်လာနိုင်ဖွယ်ရှိ၍ Salt-tolerant rice variety တီထွင်ဖို့ စသဖြင့် လိုအပ်မှာပါ။ ပိုးမွှားပိုမိုပေါများလာမှာမို့ ပိုးမွှားကာကွယ်ရေးထည့်သွင်းစဉ်းစားရမှာပါ။ စိုက်ပျိုးရေးပညာရှင်များ ကျွန်တော့်ထက်ပိုပြီး သိပါတယ်။

ကျန်းမာရေးကဏ္ဍမှာလည်း အပူလွန်ကဲရင်၊ အအေးလွန်ကဲရင် ဖြစ်လာနိုင်ဖွယ်ရှိတဲ့ ရောဂါတွေရှိမှာပါ။ ဆောက်လုပ်ရေးကဏ္ဍအနေနဲ့ ရေလွှမ်းမိုးခြင်း၊ မိုးခေါင်ခြင်းကို စဉ်းစားပြီးပူလွန်းခြင်း၊ အေးလွန်းခြင်း၊ မိုးများခြင်း၊ အစွန်းရောက်ရာသီဥတုပြောင်းလဲခြင်းစတဲ့ ဒဏ်ကိုခံနိုင်အောင် စသဖြင့် ရာသီဥတုပြောင်းလဲခြင်းအပေါ် ဖြစ်လာနိုင်တဲ့ ဆိုးကျိုးတွေလျော့နည်းအောင် စဉ်းစားတည်ဆောက်ဖို့လိုမှာပါ။ ရာသီဥတုပူနွေးမှုကို အဓိကဖြစ်စေတဲ့ လောင်စာစွမ်းအင်များ ချွေတာနိုင်အောင် အဆောက်အအုံဒီဇိုင်းများ ပြောင်းလဲဖို့လိုမှာပါ။

ပညာရေးကဏ္ဍမှာလည်း အနာဂတ်မျိုးဆက်သစ်တွေ ပြောင်းလဲလာနေတဲ့ ရာသီဥတုကိုသိရှိသွားအောင် စာသင်ခန်းတွေမှာ သင်ကြားဆွေးနွေးဖို့ လိုအပ်မှာပါ။

ပြောရရင် အညာဆူးလှည်းနဲ့တူတဲ့ ဒီ Climate Change ဟာ ကဏ္ဍပေါင်းစုံနဲ့ ငြိတွယ်ဆက်စပ်နေတယ်ဆိုတာကို သိစေလိုပါတယ်။

၂၀၀၉ ခုနှစ် ADB ကထုတ်ဝေတဲ့ The Economics of Climate Change in Southeast Asia: A Regional Review ကို ဖောက်သည်ချပြောရရင် ASEAN ဒေသဟာ ကမ္ဘာရဲ့ ရာသီဥတုပြောင်းလဲခြင်းဒဏ် အထိခိုက်လွယ်ဆုံးဒေသတစ်ခုပါလို့ပြောထားပါတယ်။ ကမ္ဘာရဲ့ ရာသီဥတုပြောင်းလဲခြင်းဒဏ်ကို ကျန်ဒေသများထက်ပိုခံစားရမယ်လို့ ပြောထားပါတယ်။

ဒီလိုဖြစ်ရခြင်းအကြောင်းရင်း အချို့ကတော့ ASEAN ဒေသဟာ လူဦးရေထူထပ်ခြင်း၊ အများစုကပင်လယ်ကမ်းခြေမှာ နေထိုင်ကြခြင်း၊ သစ်တောနဲ့ သဘာဝ သယံဇာတထုတ်ယူရောင်းချပြီး နိုင်ငံ့စီးပွားထူထောင် နေရခြင်းကြောင့် ဖြစ်တယ်လို့ဆိုပါတယ်။ ရာသီဥတုပြောင်းလဲခြင်းဟာ Southeast Asia မှာ ဖြစ်နေပြီး ဒီထက်ဆိုးတာတွေ လာနိုင်သေးတယ်။ ဒီဖြစ်ရပ်ကို လုံလောက်တဲ့ စီမံခန့်ခွဲမှုမလုပ်ရင် ဒီဒေသမှာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးလုပ်ငန်း (Sustainable Development Activities) နဲ့ ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းတွေ အကြီးအကျယ်နှောင့်နှေးသွားစေလိမ့်မယ်။ နှောင့်နှေးဖို့ မကောင်းဘူး (အချိန်သိပ်မကျန်တော့ဘူး)လို့ ပြောထားပါတယ်။

မူရင်းအတိုင်းစာသားက “Climate change is happening now in Southeast Asia, and the worst is yet to come. If not addressed adequately, it could seriously hinder the region’s sustainable development and poverty eradication efforts-there were no time to delay.”

> **ဒီရာသီဥတုပြောင်းလဲခြင်းဟာလည်း အညာဆူးလှည်းလိုပါပဲ၊ မငြိတာမရှိဘူး၊ ဘယ်သူ့မှ၊ ဘယ်ကဏ္ဍမှ အလွတ်မပေးဘူး။ ရေချိုရရှိရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ ပညာရေး၊ ပို့ဆောင်ရေး၊ စီးပွားရေးစီမံကိန်း၊ သစ်တော စတဲ့ ကဏ္ဍပေါင်းစုံအပေါ်မှာ ငြိတွယ်ဆက်စပ်နေ။**

ဒါ့အပြင် လာမည့်ဆယ်စုနှစ်များအတွင်း ASEAN ဒေသဟာ ပိုမိုပူပြင်းခြောက်သွေ့လာမယ်လို့ ခန့်မှန်းထားတာတွေ့ရပါတယ်။

ဒီလိုအခြေအနေမှာ ဘာလုပ်သင့်သလဲဆိုတော့ ကဏ္ဍပေါင်းစုံ၊ ပညာရပ်ပေါင်းစုံက ပညာရှင်များပါဝင်တဲ့ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အမျိုးသားကောင်စီ National Climate Change Council (NCCC) ဖွဲ့စည်းပြီး ဒီအဖွဲ့ကလိုအပ်တဲ့ သတင်းများရှာဖွေစုဆောင်းခြင်း၊ သုတေသနပြုခြင်းတို့ဆောင်ရွက်ကာ ရာသီဥတုပြောင်းလဲခြင်းကြောင့် ထိခိုက်လာနိုင်မည့်ကိစ္စရပ်တွေ ကြိုတင်ပြင်ဆင်နိုင်အောင် ကူညီသင့်ပါတယ်။

Climate Change ဝေါဟာရနဲ့ ပြောရရင် Climate Change Adaptation လုပ်ငန်းများ ဖော်ထုတ်လုပ်ကိုင်နိုင်အောင် ကူညီပံ့ပိုးပေးနိုင်မှာပါ။ ယခင်က စာရေးသူ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအမျိုးသားကော်မရှင်မှာ တာဝန်ထမ်းဆောင်ခဲ့စဉ်က ဖော်ပြပါအဖွဲ့ဖွဲ့စည်းဖို့ အကြံပြုခဲ့ပါသေးတယ်။ အမျိုးသားသဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးဗဟိုကော်မတီ (National Disaster Preparedness Central Committee- NDPCC) ဖွဲ့စည်းပြီးသားဖြစ်ပေမယ့် NCCC နဲ့ NDPCC တို့ရဲ့ သဘောသဘာဝကကွာပါတယ်။ NCCC က ရာသီဥတုပြောင်းလဲခြင်းကြောင့် ဖြစ်လာမယ့် အကျိုးသက်ရောက်မှုကို ကြိုတင်ခန့်မှန်းပြီး လူမှုစီးပွားရေးအကောင်အထည်ဖော်မှုတွေမှာ မဆုံးရှုံးသင့်တာမဆုံးရှုံးရအောင် ကာကွယ်ပေးနိုင်မည့်အဖွဲ့၊ ရာသီဥတုပြောင်းလဲခြင်းနဲ့ အတူ လိုက်လျောညီထွေနေထိုင်နိုင်အောင် ပြုပြင်ပြောင်းလဲသင့်တာကို ပြုပြင်နိုင်အောင် အကြံပြုပြောဆိုမယ့်အဖွဲ့ပါ။ NDPCC က သဘာဝဘေးအန္တရာယ် ကျရောက်တဲ့အခါ အသက်အိုးအိမ် ဆုံးရှုံးမှုနည်းပါးအောင် ကူညီဖြေရှင်းတဲ့အဖွဲ့ပါ။

Climate Change Issue ကို သူ့ကြောင့် လူသားတို့အပေါ် ဖြစ်ပေါ်လာနိုင်မည့်ဆိုးကျိုးများနည်းသွားစေရန် တီထွင်ကြံဆ ဆောင်ရွက်ရင်းနဲ့ လူ့စွမ်းအားများ၊ တီထွင်နိုင်မှုများ ပိုမိုတောက်ပြောင်လာအောင် လုပ်ပေးမယ့် Opportunity (အခွင့်အလမ်း)အနေနဲ့ မြင်သင့်ပါတယ်။ ဆိုလိုတာက Climate Change Adaptation ပြုလုပ်ရန် လိုအပ်တဲ့သုတေသန ပြုလုပ်ခြင်းများကြောင့် ပစ္စည်းသစ်များပေါ်ထွက်လာခြင်း၊ နည်းလမ်းသစ်များ တွေ့ရှိလာခြင်း စတဲ့ ပိုမိုထိရောက်တဲ့ပစ္စည်းများ၊ နည်းလမ်းများ ပေါ်ထွက်လာနိုင်စေတာတွေကို ဆိုလိုပါတယ်။

နိဂုံးချုပ်အနေနဲ့ ရာသီဥတုပြောင်းလဲခြင်းကြောင့်ဖြစ်လာမည့် အကျိုးသက်ရောက်မှုကို ကြိုတင်ခန့်မှန်းပြီး လူမှုစီးပွားရေးအကောင်အထည်ဖော်မှုတွေမှာ မဆုံးရှုံးသင့်တာ မဆုံးရှုံးရအောင် ကဏ္ဍပေါင်းစုံပညာရပ်ပေါင်းစုံက ပညာရှင်များပါဝင်တဲ့ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ အမျိုးသားကောင်စီ National Climate Change Council (NCCC) ဖွဲ့စည်းပြီး ဆောင်ရွက်သင့်ပါကြောင်း တင်ပြလိုက်ရပေသည်။ ။



မီးလောင်လျှင်

(က) ထွက်မပြေးပါနှင့်၊ စိတ်ကို တည်တည်ငြိမ်ငြိမ်ထားပါ။
(ခ) ကျိတ်မငြိမ်းသတ်ပါနှင့်၊ ပတ်ဝန်းကျင်သို့ အကူအညီတောင်းပါ။
(ဂ) ဝိုင်းဝန်းကြိုးစား ငြိမ်းသတ်ပါ။
(ဃ) မီးသတ်တပ်ဖွဲ့နှင့် လုပ်သားပြည်သူများ အချိန်မီပူးပေါင်း ငြိမ်းသတ်နိုင်လျှင် မီးလောင်မှုကြီး မဖြစ်နိုင်ပါ။

မီးသတ်ဦးစီးဌာန

တောင်သူလယ်သမားများ၏ လူနေမှုဘဝနှင့် ဝင်ငွေတိုးတက်အောင်ဆောင်ရွက်

နေပြည်တော် အောက်တိုဘာ ၅

ယခင်နှစ်ပွင့်လင်းရာသီက စနစ်တကျပြင်ဆင်ထားနိုင်ခဲ့၍ ယခုနှစ်တွင် မိုးလေဝသကောင်းမွန် မှန်ကန်သဖြင့် တစ်မူထူးခြားစွာဖြင့် မိတ္ထီလာကန်ကြီး၌ ကန်ရေပြည့် ရေလှောင်ပမာဏ အနက် ၃၅ ပေနှင့် ဧကပေ ၂၁၀၀၀ ကို ရာနှုန်းပြည့် သိုလှောင်ထားနိုင်ခဲ့မှုများကို ယနေ့နံနက် ၉ နာရီကလယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးမြင့်လှိုင် ကြည့်ရှုစစ်ဆေးသည်။ ပြည်ထောင်စုဝန်ကြီးက လာမည့်ပွင့်လင်းရာသီတွင် ရေချိုများကို သောက်သုံးရေသာမက စိုက်ပျိုးရေများအဖြစ် စနစ်တကျအကျိုးရှိစွာ အသုံးချနိုင်ရေး၊ မိတ္ထီလာကန်သည် ရှေးယခင် ပုဂံခေတ်မင်းများမှ သည်နိုင်ငံအစိုးရ အဆက်ဆက်များက ထိန်းသိမ်းစောင့်ရှောက်လာမှုအပေါ် ရာသက်ပန်သားစဉ်မြေးဆက် အဆက်ဆက်တိုင်အောင် တောင်သူလယ်သမားများကိုသာမက ရပ်ကွက်ရှင်လူပြည်သူများ အပေါ် အကျိုးပြုနေသဖြင့် မိမိတို့ကာလတွင် ထိန်းသိမ်းဆောင်ရွက်မှုများကို စဉ်ဆက်မပြတ်အားထုတ်ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ရွှေတောင်ခြံတွင် စိုက်ပျိုးရေးသုတေသနပညာရှင်များက စိုက်ပျိုးထုတ်လုပ်ထားသော ပုလဲသွယ် F1 စပ်မျိုးစပါး ၄၃၀ ဧကမျိုးစေ့ထုတ်လုပ်ငန်းစိုက်ကွင်း အမှတ်(၁)၊(၂)၊ (၃)တို့အား နေရာတစ်ခုချင်းအလိုက် ကြည့်ရှုအားပေးပြီး **(ယာပုံ)**စိုက်ကွင်းများအတွင်း စိုက်ကွက်တစ်ကွက်ချင်းအလိုက် မျိုးစေ့ထုတ်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးအားပေးသည်။

ပြည်ထောင်စုဝန်ကြီးက ပညာရှင်ဝန်ထမ်းများအား တွေ့ဆုံမှာကြားရာတွင် မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးနိုင်ငံဖြစ်၍ တောင်သူလယ်သမားများ၏ လူနေမှုဘဝနှင့် ဝင်ငွေတိုးတက်အောင် လက်တွေ့ဆောင်ရွက်နိုင်မှသာ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်အတိုင်း ဆင်းရဲနွမ်းပါးမှုလျှော့ချရေးတာဝန်ကို ထမ်းဆောင်နိုင်မည်ဖြစ်ကြောင်း။

မည်မျှပင် ချမ်းသာသောလုပ်ငန်းရှင်များ ရှိနေစေကာမူ အခြေခံတောင်သူလယ်သမားများ ဆင်းရဲနေပါက တိုင်းပြည်ဆင်းရဲမည်ဖြစ်ပြီး ဝင်ငွေနှင့်လူနေမှုဘဝတိုးတက်စေရေးကို ပညာရှင်များကဏ္ဍမှ ဆောင်ရွက်ပေးရန် လိုအပ်ချက်အပေါ် မျိုးကောင်းမျိုးသန့်များ သုတေသနပြုပြီး ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဖြူးဆောင်ရွက်ရေး၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း မျိုးစေ့ထုတ်စိုက်ကွင်းများ ထူထောင်ရေး၊ တောင်သူလယ်သမား ရုပ်သံလွှင့်ကဏ္ဍနှင့် စကိုင်းနက် ရုပ်သံအစီအစဉ်များမှ အစ-အလယ်-အဆုံး ထုတ်လွှင့်ပြသနိုင်ရေး တို့ကို မှာကြားခဲ့ကြောင်းသိရသည်။

(သတင်းစဉ်)

▼ရွှေကျင်မှ

၁၃၇၅ ခုနှစ် (၁၆၂) နှစ်မြောက် ရွှေကျင်မြို့နယ် သီတင်းကျွတ်မီးမျှောပူဇော်ပွဲကို သီတင်းကျွတ်လဆန်း ၈ ရက် (အောက်တိုဘာ ၁၂ ရက်)မှ လပြည့်ကျော် ၁ ရက် (အောက်တိုဘာ ၂၀ ရက်) အထိ ကုန်းပွဲ၊ရေပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ စတင်ကျင်းပမည်ဖြစ်ကြောင်း၊ ရွှေကျင်ချောင်းအတွင်းရှိကရဝိက်ဖောင်တော်ပေါ် သို့ ရှင်ဥပဂုတ္တမထေရ်မြတ်ရုပ်ပွားတော်အား ပင့်ဆောင်ပူဇော်ပြီး ကျင်းပမည်ဖြစ်ပါကြောင်း ပွဲတော်ကျင်းပရေးဦးစီးကော်မတီ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်သိန်းမောင်က ပြောကြားသည်။

ပွဲတော်၏ အထွတ်အထိပ်ဖြစ်သည့် သီတင်းကျွတ်လပြည့်ကျော် ၁ရက်နေ့တွင်မူ နံနက်ပိုင်းတွင် ရွှေကျင်ချောင်းအတွင်း၌ တက်ခုတ်ယိမ်း၊ တက်ပျံယိမ်း၊ ယိမ်းအဖွဲ့၊ ကရင်ရိုးရာဒုံယိမ်း၊ ရှမ်းတိုင်းရင်းသားရိုးရာအကအဖွဲ့များက စက်တပ်လှေဖောင်များဖြင့် ကပြဖျော်ဖြေပြိုင်ပွဲဝင်ကြမည်ဖြစ်ကြောင်း၊ ယင်းနေ့ ညနေ ၄ နာရီမှစ၍ ဗဟိုမဏ္ဍပ်၌ ယိမ်းပြိုင်ပွဲ အသီးသီးနှင့် တက်ခုတ်၊ တက်ပျံယိမ်းပြိုင်ပွဲများမှ ဆုရရှိသည့်အသင်းအား ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပမည်ဖြစ်ပြီး ပျော်ပွဲရွှင်ပွဲများပါ ပါဝင်သဖြင့် ယခင်နှစ်များနှင့်မတူ ယခုနှစ်တွင် ပိုမိုစည်ကားအောင် ကျင်းပသွားမည်ဖြစ်ပါကြောင်း ဆက်လက်ရှင်းပြသည်။

ရွှေကျင်ချောင်းနှင့် ရွှေကျင်မြို့သည် ခွဲခြားမရသကဲ့သို့ မီးမျှောပူဇော်ပွဲသည်လည်း ရွှေကျင်နှင့်ခွဲခြား၍မရပါ။ ရွှေကျင်ချောင်းရေပြင်၌ နယ်သူနယ်သားတို့ ထွန်းညှိပူဇော်ခဲ့သော ဆီမီးရောင်ရှိန်တို့သည် လောကုတ္တရာအကျိုးစီးပွားကို ဖော်ဆောင်သကဲ့သို့ အစဉ်အလာကောင်းကို လက်ဆင့်ကမ်းထိန်းသိမ်းပြီး ရိုးရာမပျက် ဆင်နွှဲနေသည့် သီတင်းကျွတ်မီးမျှော်ပူဇော်ပွဲတော်သည်လည်း တစ်နှစ်ထက်တစ်နှစ် ပို၍စည်ကားလျက်ရှိပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

မဟာဗန္ဓုလပန်းခြံအတွင်း လာရောက်အပန်းဖြေအနားယူကြသူများဖြင့်စည်ကား

မြန်မာနိုင်ငံ၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့၏ အထင်ကရ မဟာဗန္ဓုလပန်းခြံအား ရန်ကုန်မြို့တော် စည်ပင်သာယာကော်မတီ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနက ပြန်လည်ပြုပြင်မွမ်းမံမှုများကြောင့် သာယာလှပလျက်ရှိပြီး လာရောက်အပန်းဖြေကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။**(အပေါ်ပုံ)**

"အရင်ကဆို ဝင်ကြေးလည်းပေးရတယ်။ လှပမှုလည်းမရှိဘူး။ အခု အသစ်ပြန်လည် ပြုပြင်လိုက်တော့ ပန်းခြံအလှက ပေါ်လွင်သွားတယ်။ လွတ်လပ်ရေးကျောက်တိုင်ရယ်၊ ဆူးလေစေတီတော်ရယ်၊ ရေပန်းတွေရယ်၊ မြို့တော်ခန်းမကြီးရယ် လှလိုက်တဲ့မြင်ကွင်းများပါပဲ"ဟု ဒလမြို့နယ်မှ လာရောက်အပန်းဖြေသူတစ်ဦးက ပြောသည်။

မဟာဗန္ဓုလပန်းခြံသည် ဆူးလေစေတီတော် ရန်ကုန်မြို့တွင်းကားလမ်းဆုံအနီးတွင်တည်ရှိပြီး ပြန်လည်ပြုပြင်မွမ်းမံထားမှုများကြောင့် ခရီးသွားပြည်သူများ ခေတ္တလာရောက်အနားယူအပန်းဖြေရာ စိတ်အေးချမ်းမှုများရရှိကြောင်း၊ ခေတ္တဝင်ရောက်အပန်းဖြေသူတစ်ဦးက ပြောသည်။

သက်ဆိုင်ရာတို့မှ အသစ်ပြန်လည်ပြုပြင်ပေးထားပြီး အမြင်လှဖွယ်သစ်ပင်များ၊ ရေပန်းများ၊ နိုင်ငံတော်၏ အထင်ကရလွတ်လပ်ရေးကျောက်တိုင်၊ ကြည်ညိုဖွယ် ဆူးလေစေတီတော်၊ ခံ့ညားထည်ဝါသည့် မြို့တော်ခန်းမတို့၏ အလှတို့က ပံ့ပိုးပေးထားသည့် မဟာဗန္ဓုလပန်းခြံသည်ကား ခရီးသွားပြည်သူများ၊ လာရောက်အပန်းဖြေကြသူများအတွက် စိတ်နှလုံး ရွှင်ပြုံးစေလျက်ရှိသည်ဟု ခရီးသွားများက ပြောကြားသည်။

မင်းရဲမာန် (နေပြည်တော်)

တက္ကသိုလ်များချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲဖွင့်ပွဲကျင်းပ

ရန်ကုန် အောက်တိုဘာ ၅

၂၀၁၃ ခုနှစ် တက္ကသိုလ်များ ချန်ပီယံလိဂ် ဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိရန်ကုန် United Sports Complex (မြက်ခင်းတုကွင်း) ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်၊သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကျော်မြတ်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ တက္ကသိုလ်များ ချန်ပီယံလိဂ်ဥက္ကဋ္ဌ ဦးနေရွှေသွေးအောင်၊ ပါမောက္ခချုပ်များ၊ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ တက္ကသိုလ်များမှ ဆရာဆရာမများနှင့် ကျောင်းသားကျောင်းသူများ၊ ဘောလုံးဝါသနာရှင်များ တက်ရောက်အားပေးကြသည်။

အစီအစဉ်အရ ပြိုင်ပွဲဝင်အသင်းများ ကွင်းအတွင်းနေရာယူပြီးနောက် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီးက အဖွင့်အမှာစကား ပြောကြားကာ 2013 Miss Universe Myanmar မိုးစက်ဝိုင်က တက္ကသိုလ်များ ချန်ပီယံလိဂ် ဖလားကို ကွင်းအတွင်းမှ သယ်ဆောင်၍ တက္ကသိုလ်များချန်ပီယံလိဂ်ဥက္ကဋ္ဌထံသို့ အပ်နှံသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်၊ အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး၊ တက္ကသိုလ်များ ချန်ပီယံလိဂ်ဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကာ နှစ်ဖက်အသင်းမှ အားကစားသမားများအား လိုက်လံနှုတ်ဆက်ကြသည်။ ပထမနေ့ပွဲစဉ်အဖြစ် ဆေးတက္ကသိုလ်(၁) (A) အသင်းနှင့် ရန်ကုန်အနောက်ပိုင်းနည်းပညာ တက္ကသိုလ် Star အသင်းတို့ ယှဉ်ပြိုင်ကစားကြသည်။

အဆိုပါ ပြိုင်ပွဲတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန လက်အောက်ရှိ တက္ကသိုလ်ခြောက်ခုမှ ကိုးသင်း၊ ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ တက္ကသိုလ်ငါးခုမှ ခြောက်သင်း၊ ပို့ဆောင်ရေးဝန်ကြီးဌာန လက်အောက်ရှိ မြန်မာနိုင်ငံရေကြောင်းတက္ကသိုလ်မှ တစ်သင်း စုစုပေါင်း ၁၆ သင်းတို့ကို လေးအုပ်စုခွဲလျက် ရန်ကုန်ယူနိုက်တက် ဘောလုံးကွင်း၊ ရန်ကုန်တက္ကသိုလ် သထုံဘောလုံးကွင်း၊ ပဒုမ္မာအားကစားကွင်းတို့တွင် ယှဉ်ပြိုင်ကြမည်ဖြစ်ပြီးအောက်တိုဘာ ၂၇ရက်တွင် တတိယလုပွဲနှင့်ဗိုလ်လုပွဲများ ယှဉ်ပြိုင်သွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တိရစ္ဆာန်များကို ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်စေသည့် ရေကန်

အောဝမ်းစိုး

ဓာတ်ပုံဆရာ နစ်ဘရန်းသည် တန်ဇန်းနီးယားနိုင်ငံမြောက်ပိုင်းရှိ နတ်ရွှန်ရေကန်သို့ ပထမဆုံးအကြိမ်ရောက်ရှိသွားစဉ်က ရေကန်၏ကမ်းစပ်တစ်လျှောက်တွင် အသက်ဝိညာဉ်ကင်းမဲ့နေသော ကျောက်ရုပ်သဏ္ဌာန်တိရစ္ဆာန်များကို တွေ့လိုက်ရသည့်အတွက် ရုတ်တရက်အတော်အံ့အားသင့်သွားခဲ့ရသည်။ နောက်မှလေ့လာတွေ့ရှိရသည်မှာ အဆိုပါရေကန်တွင်ရှိသည့် ရေတွင် အယ်ကာလီဓာတ် (PH သတ်မှတ်ချက် ၇ ထက်များ၍ ယင်းပျော်ဝင်သည့်၊ ထိတွေ့သည့် အရာများကို လောင်မြိုက်ပျက်စီးစေသည့်ဓာတ်) များပြားနေ၍ ထုံးဓာတ်ကြောင့် ကျောက်ဖြစ်ရုပ်ကြွင်းဖြစ်နေသည်ကို တွေ့ရသည်။

ရေကန်၏အမည် နတ်ရွှန်သည်လည်း သဘာဝအလျောက် မီးတောင်ချော်ရည်ပူပြာများ တွေ့ရှိရသည့်အတွက် ၎င်းတို့ဘာသာစကားအရ ယင်းနာမည်ပေးထားခြင်းဖြစ်သည်။ အီဂျစ်လူမျိုးတို့၏ မမ်မီရုပ်အလောင်းများကို မူလအခြေအနေအတိုင်း ထိန်းသိမ်းထားရန် အသုံးပြုသည့်ဓာတ်သတ္တုနှင့် တူသည်။

အဆိုပါရေကန်တွင်ရှိသည့် အယ်ကာလီဓာတ်သည် PH ၉ မှ ၁၀ ဒသမ ၅ကြားတွင်ရှိပြီး အပူချိန် ၆၀ ဒီဂရီစင်တီဂရိတ်ရောက်ရှိသည့်အခြေအနေမျိုးတွင် မည်သည့်သတ္တဝါမျှ ပတ်ဝန်းကျင်အနေအထားကို ခံနိုင်စွမ်းမရှိဘဲ လောင်ကျွမ်းသေကျေပျက်စီးကြရသည်။ ငှက်များနှင့် လင်းနို့များသည် ရေကန်အတွင်း ထိုးဆင်းလာသည့်အခါ ဓာတ်ပြုမှုစတင်ဖြစ်ပေါ်ပြီး ၎င်းတို့နောက်ဆုံးလှုပ်ရှားခဲ့သည့် ကိုယ်ဟန်အနေအထားအတိုင်း ကျောက်ဖြစ်ရုပ်ကြွင်းဘဝသို့ကူးပြောင်းသွားကြရသည်။

"ကျွန်တော် အဲဒီရေကန်ဘေးမှာ ကျောက်ဖြစ်ရုပ်ကြွင်းပုံစံသေနေကြတဲ့ငှက်တွေကို တွေ့ရတော့ အတော်လေးအံ့သြသွားတယ်။ ဘာကြောင့် ဒီလိုဖြစ်ရသလဲဆိုတာကိုလည်း ဘယ်သူမှမသိကြဘူး။ တကယ်တော့ အဲဒီရေကန်ထဲမှာ ဆိုဒါနဲ့ဆားဓာတ်မြင့်မားစွာ ပါဝင်နေပါတယ်။ ဆိုဒါနဲ့ဆားဓာတ်က ထုံးဓာတ်ကိုဖြစ်ပေါ်စေပါတယ်။ အဲဒီထုံးဓာတ်ကနေ ငှက်တွေကို ပုံမပျက်ခြောက်သွေ့သွားစေပါတယ်"ဟု ဓာတ်ပုံဆရာ နစ်ဘရန်းက ပြောကြားသည်။

❑ မျိုးဆက်သစ်များမှ

ကျောင်းသား ကျောင်းသူများ အတုယူလေးစားရမည့်သူများ ဖြစ်အောင် နေထိုင်သွားကြရမည်ဖြစ်ကြောင်း။

အလားတူ ကျောင်းသား ကျောင်းသူများ၏ ကျွမ်းကျင်တတ်မြောက်မှု အဆင့်သည် ဘွဲ့တစ်ခုရသွားရုံ သင်ကြားပေးခြင်းမျိုးမဟုတ်ဘဲ ကျောင်းသင်ခန်းစာများကို အခြေခံကာ ကျိုးကြောင်းဆက်စပ် တွေးခေါ်တတ်စေရန်၊ အမှား၊ အမှန် ဝေဖန်ပိုင်းခြားနိုင်စေရန်၊ ပြည်သူ့နီတိ ကျင့်ဝတ်များ လိုက်နာကျင့်သုံးတတ်စေရန်၊ ကျန်းမာရေးဆိုင်ရာ အသိပညာများ သိရှိစေရန်၊ ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်မှု အလေ့အကျင့်ရရှိစေရန်နှင့် လက်တွေ့လူမှုစီးပွားဘဝတွင် အများနှင့် ယှဉ်ပြိုင်ကာ ရှင်သန်ရပ်တည်နိုင်အောင် ပျိုးထောင်ပေးနိုင်မှသာ ဆရာဟု ခေါ်ထိုက်မည်ဖြစ်ပါကြောင်း။

ကမ္ဘာ့နိုင်ငံအသီးသီးတွင် လူမှုစီးပွားရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍသည် အခြေခံအုတ်မြစ်ဖြစ်သည်ဆိုခြင်းကို အားလုံးလက်ခံထားကြပါကြောင်း၊ ထို့အတွက် ဆရာ ဆရာမများ၏ စွမ်းရည်နှင့် လုပ်ဆောင်နိုင်စွမ်းများကို တိုးမြှင့်ကြိုးပမ်းဆောင်ရွက်နိုင်စေရန် ရည်ရွယ်ကာ ယခုနှစ် ၂၀၁၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဆောင်ပုဒ်ကို A Call for Teachers ၊ "အနာဂတ်ဘဝလှပဖို့ ဆရာများက ကြိုးပမ်းစို့"ဟု ဂုဏ်ပြုတိုက်တွန်းထားသည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း။

ဆရာ ဆရာမများအနေဖြင့် သင်ကြားပေးရသည့် ဘာသာရပ်များအပေါ် စိတ်ရောကိုယ်ပါ အာရုံစူးစိုက်ပြီး သင်ကြားပို့ချပေးနိုင်ရန်အတွက် ယင်းတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်လည်း လိုအပ်လှပါကြောင်း၊ ဆရာ ဆရာမများ၏ လူမှုစီးပွားဘဝ အဆင်ပြေချောမွေ့စေရန် ပံ့ပိုးဖြည့်ဆည်းပေးမှုများကို နိုင်ငံတော်အနေဖြင့် တတ်နိုင်စွမ်းသမျှ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ဥပမာအားဖြင့် လစာထောက်ပံ့ကြေးနှုန်းထားများကို တိုးပေးခဲ့သကဲ့သို့ ပညာရေးဝန်ကြီးဌာနတွင် ယမန်နှစ်မှ စတင်ကာ အလယ်တန်းကျောင်းအုပ်၊ မူလတန်းကျောင်းအုပ်နှင့် မူလတန်းပြ ဆရာ ဆရာမများကို ပညာရှင်အဆင့် ရာထူးတိုးမြှင့်ခံစားခွင့် ပြုခဲ့ပါကြောင်း၊ တိုင်းဒေသကြီး၊ ပြည်နယ်ပညာရေးမှူးရုံးနှင့် မြို့နယ်ပညာရေးမှူးရုံးများကို အဆင့်တိုးမြှင့်ပေးပြီး သက်ဆိုင်ရာ ပညာရေးမှူး ရာထူးများ၏ လစာနှုန်းများကိုလည်း တစ်ဆင့်စီ တိုးမြှင့်ပေးခဲ့ပါကြောင်း။

ထိရောက်သည့် သင်ကြားပို့ချမှုများ ပြုလုပ်နိုင်ရန် ကျောင်းသားနှင့် ဆရာ အချိုးညီညွတ်မျှတမှုရှိရန် အရေးကြီးပါကြောင်း။

ထို့ကြောင့် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် အခြေခံပညာကဏ္ဍ ဆရာ ကျောင်းသားအချိုးကို ကြည့်ပါက မူလတန်းတွင် (၁ း ၂၇)၊ အလယ်တန်းတွင်(၁ း ၃၅၄)၊ အထက်တန်းတွင် (၁ း ၂၅)နှင့် ပျမ်းမျှ(၁း၂၉)ရှိပြီး အဆင့်မြင့်ပညာကဏ္ဍတွင် (၁ း ၁၅) ရှိနေပြီဖြစ်ပါကြောင်း၊ ပိုမိုလိုအပ်လာသည့် ဆရာများ မလုံလောက်မှုကို ဖြေရှင်းပေးနိုင်ရန် အခြားဝန်ကြီးဌာနများတွင် ဖွဲ့စည်းပုံခွင့်ပြုအင်အား၏ သုံးပုံနှစ်ပုံဝန်ထမ်းကိုသာ ခန့်အပ်ခွင့် ပေးထားသော်လည်းပဲ ပညာရေးဝန်ကြီးဌာန၏ အခြေခံပညာရေးဝန်ထမ်းများကို ရာနှုန်းပြည့် ခန့်ထားခွင့်ပြု ပေးထားပါကြောင်း၊ ယခင်က အရာရှိရာထူးအဆင့်ကို အလွယ်တကူ မရရှိနိုင်သည့်အတွက် အမျိုးသားဆရာများ အလုပ်ထွက်ပြီး အခွင့်အလမ်းပိုရှိရာသို့ ကူးပြောင်းသွားသည့် ပြန်းတီးမှုများကို ကြုံတွေ့ခဲ့ရပါကြောင်း။

ယခုကဲ့သို့ တိုးမြှင့်ပေးလိုက်သည့် ဖွဲ့စည်းပုံစနစ်များအရ အခြေခံပညာရေး ဆရာ ဆရာမများ အရာရှိဖြစ်ရန် အခွင့်အလမ်းပိုမိုရရှိလာပြီဖြစ်ပါကြောင်း၊ ယခင်က ဆရာမများ အသက်(၄၅)နှစ် (၅၀)ခန့်ရှိလာပါမှ အရာရှိအဆင့် ရောက်ရှိနိုင်သော်လည်း ယခုပြောင်းလဲလိုက်သည့် စနစ်အရ ဆရာ ဆရာမများသည် အသက်(၃၂)နှစ်နှင့်(၃၆)နှစ်ခန့်တွင် အရာရှိအဆင့်သို့ ရောက်ရှိကြတော့မည်ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံ၏ ပညာရေးကို နိုင်ငံတကာအဆင့်မီစေလိုလျှင် နိုင်ငံတကာဘာသာရပ်ကျွမ်းကျင်မှု ဖြစ်နိုင်မည်ဖြစ်ကြောင်း၊ ယနေ့နိုင်ငံတကာအဆင့်မီ ပညာရပ်နှင့် သုတေသနစာအုပ်စာတမ်း အများစုသည် အင်္ဂလိပ်ဘာသာနှင့် ရေးသားပြုစု ထုတ်ဝေလာကြသည် ဖြစ်သောကြောင့် အင်္ဂလိပ်ဘာသာရပ် ကျွမ်းကျင်တတ်မြောက်ရန် လိုအပ်နေပါကြောင်း။

မိမိတို့၏ သုတေသနလုပ်ငန်းများကို နိုင်ငံတကာအဆင့်အထိ ပြုစုရေးသားတင်ပြကြရမည်ဆိုလျှင်လည်း အင်္ဂလိပ်စာကိုသာ အသုံးပြုကြရမည်ဖြစ်သည့် အတွက် အင်္ဂလိပ်စာ အရေး၊ အဖတ်၊ အပြောနှင့် နားထောင်နိုင်စွမ်းရည်(၄)ရပ်ကို ကျွမ်းကျင်အောင် မဖြစ်မနေကြိုးစားအားထုတ်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့အပြင် ဒုတိယသမ္မတက ဆရာ ဆရာမများအနေနှင့် သင်ကြားပို့ချရသူဖြစ်သလို အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲနေသည့် ဘာသာရပ်နှင့် နည်းပညာများကို မျက်ခြည်မပြတ်ကြစေဘဲ ဘဝတစ်သက်တာ သင်ယူစရာအဖြစ် အစဉ်မပြတ် လေ့လာသင်ယူနေကြသူများလည်း ဖြစ်ရန်လိုအပ်ပါကြောင်း။

ယခုခေတ်ကာလ ပညာရေးသည် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို ဦးတည်ပြီး ပညာရေးနှင့်စီးပွားရေး ယှဉ်တွဲအာရုံစိုက် သင်ကြားပေးရန် လိုအပ်လာပါကြောင်း၊ နိုင်ငံ၏ သဘာဝအရင်းအမြစ်များကို အခြေခံသည့် စီးပွားရေးစနစ်အစား၊ အသိဉာဏ်ပညာနှင့် အတတ်ပညာ ကျွမ်းကျင်မှုအခြေခံသည့် စီးပွားရေးစနစ် ပြောင်းလဲ လုပ်ကိုင်နိုင်မှသာ စီးပွားရေး အလျင်အမြန်ဖွံ့ဖြိုးတိုးတက်ပြီး ရေရှည်ထိန်းထားနိုင်သည့် ဖွံ့ဖြိုးမှုမျိုး ရရှိနိုင်မှာ ဖြစ်ကြောင်း၊ ယခုလိုမျိုး အသိပညာ၊ အတတ်ပညာရှင်များ မွေးထုတ်ပေးရန် များစွာလိုအပ်မည် ဖြစ်ပါကြောင်း။

၂၀၁၅ ခုနှစ် အာဆီယံစီးပွားရေး အသိုက်အဝန်းထူထောင်သည့်အချိန်တွင် မိမိတို့နိုင်ငံသားများက အခြားအာဆီယံနိုင်ငံများနှင့် တန်းတူယှဉ်ပြိုင်လုပ်ကိုင်နိုင်စွမ်းရှိရန် မဖြစ်မနေ လိုအပ်မည်ဖြစ်ကြောင်း၊ ကျွမ်းကျင်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များကို မွေးထုတ်ပေးရန် တွန်းအားပေးလုပ်ကြရမည်ဖြစ်သကဲ့သို့ ပုဂ္ဂလိကလုပ်ငန်းကဏ္ဍအချို့ တိုးမြှင့်လာမည့်ကာလတွင် ပုဂ္ဂလိကကဏ္ဍ လုပ်ငန်းနှင့် အံဝင်ခွင်ကျဖြစ်သည့် ပညာရှင်များ များများမွေးထုတ်ပေးရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ယနေ့ကျင်းပသည့် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကို ဂုဏ်ပြုသည့်အနေဖြင့် ပညာရေး၊ လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်လာကြသည့် "ဂုဏ်ထူးဆောင်" ဆရာကြီးသုံးဦးနှင့် ထူးချွန်ဆရာမ တစ်ဦးကိုလည်းကောင်း၊ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်ပြိုင်ပွဲတွင် ထူးချွန်ဆုရရှိကြသည့်သူများ အားလုံးကိုလည်းကောင်း ဂုဏ်ပြုချီးမြှင့်ပေးသွားမည်ဖြစ်ပါကြောင်း၊ ထို့အတွက် ဆုရရှိသူများကိုယ်စား ဂုဏ်ယူဝမ်းမြောက်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့အတူ မြန်မာနိုင်ငံတစ်နိုင်ငံလုံးတွင် ရောက်ရှိနေကြသည့် မိမိတို့ တာဝန်ကျရာ ရပ်ရွာဒေသအလိုက် ပညာရေးလုပ်ငန်းများကို မေတ္တာ၊ စေတနာ၊ ဝါသနာအပြည့်နှင့် ကြိုးပမ်းဆောင်ရွက်နေကြသည့် ဆရာ ဆရာမများအားလုံးကိုလည်း နိုင်ငံတော်၏ကိုယ်စား အထူးကျေးဇူးတင်ဂုဏ်ပြုအပ်ပါကြောင်းနှင့် ဆရာ ဆရာမတို့က ယနေ့မျိုးဆက်သစ်များကို နိုင်ငံတကာအဆင့်မီ၊ နိုင်ငံတော်က အားထားရမည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်လာစေရန် ဆက်လက်ပြုစုပျိုးထောင်ပေးကြရန်နှင့် တပည့်ကျောင်းသားများအတွက် စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ စံနမူနာ အတုယူထိုက်ပြီး ကျင့်ဝတ်ဂုဏ်သိက္ခာတို့နှင့်ပြည့်စုံသည့် ဆရာသမားကောင်းများ ဖြစ်အောင် ကျင့်ကြံနေထိုင်သွားကြရန် အလေးအနက်တိုက်တွန်းပါကြောင်းဖြင့် ဒုတိယသမ္မတက မှာကြားသည်။

ယင်းနောက် ကမ္ဘာ့ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့များ၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သော စုပေါင်းသဝဏ်လွှာကို မြန်မာနိုင်ငံ ယူနက်စကို အမျိုးသားကော်မရှင် အထွေထွေအတွင်းရေးမှူး ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာလွင်လွင်စိုးက ဖတ်ကြားသည်။

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ဂုဏ်ထူးဆောင် ဆရာကြီးတစ်ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ထို့နောက် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်သုံးဦးနှင့် ထူးချွန် ဆရာမတစ်ဦးတို့၏ လုပ်ငန်းဆောင်ရွက်ချက်များကို ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုကိုတင်က ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ၂၀၁၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်ဆရာကြီးများနှင့် ထူးချွန်ဆရာမတစ်ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ထို့အတူ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ဦးမြတ်ဟိန်းတို့က ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ယင်းနောက် နေပြည်တော် အခြေခံပညာကျောင်းများမှ ဆရာမများက "ယနေ့ခေတ်တို့ဆရာ" သီချင်းဖြင့် ဂုဏ်ပြုသီဆိုဖျော်ဖြေကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ဒေါက်တာဖေသက်ခင်နှင့် ဦးအေးမြင့်တို့က ၂၀၁၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာပြိုင်ပွဲများတွင် ဆုရရှိသူများအား လည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်က ပညာရေးကောလိပ်များ၏ သင်ထောက်ကူပြိုင်ပွဲနှင့် လုပ်ငန်းသုတေသနစာတမ်းပြိုင်ပွဲတွင် ဆုရရှိသူများအားလည်းကောင်း ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အခြေခံပညာကျောင်းသား ကျောင်းသူလေးများက "အသီးတစ်ရာ အညှာတစ်ခု" တေးသရုပ်ဖော်ဖြင့် ဂုဏ်ပြုတင်ဆက်ကြပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယသမ္မတနှင့်အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး အထိမ်းအမှတ်ပြခန်းများကို လှည့်လည်ကြည့်ရှုလေ့လာ ကြသည်။

(သတင်းစဉ်)

❖ ဒုတိယသမ္မတမှ

ယင်းနောက် ရေယာဉ် နှစ်စင်းဖြင့် အန်းဝါ့ပ်ဆိပ်ကမ်း၊ Scheldt မြစ်ကြောင်းတစ်လျှောက် ရေကြောင်းထိန်းသိမ်းရေးလုပ်ငန်းများနှင့် မြောက်ပင်လယ်ရှိ ကမ်းဝေးရေပြင်၌ Wind Mill Farm များဖြင့် စွမ်းအင်ထုတ်လုပ်မှု အခြေအနေများကို လေ့လာကြည့်ရှုကြသည်။

DEME ကုမ္ပဏီသည် မြောက်ပင်လယ်၌ ပြန်ပြည့်မြဲစွမ်းအင်ဖြစ်သည့် လေအားလျှပ်စစ် ထုတ်လုပ်ရေးကို တာဝန်ယူဆောင်ရွက်လျက်ရှိရာ ကမ်းခြေမှ ကီလိုမီတာ(၃၂)ခန့်အကွာတွင် Wind Mill Farm သုံးခု တည်ဆောက်ထားရှိမှု အခြေအနေ၊ Wind Mill Farm တစ်ခုလျှင် Wind Mill (၂၅)ခုစီ ပါဝင်ကြောင်း၊ ကမ်းလွန်ရေပြင်တွင် တည်ဆောက်ထားသည့် Wind Mill တစ်ခုလျှင် အမေရိကန်ဒေါ်လာသန်း(၂၀)ခန့် ကုန်ကျပြီးတစ်ခုလျှင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ်(၆ ဒသမ ၅)စီ ထုတ်လုပ်နိုင်ကြောင်း၊ ရေပြင်တွင် တည်ဆောက်ထားသည့် Wind Mill များမှ လျှပ်စစ်ဓာတ်အား(၁)မဂ္ဂါဝပ်လျှင် အမေရိကန်ဒေါ်လာ (၃)သန်းခန့် ကုန်ကျမှုရှိပြီး ကုန်းမြေပေါ်တွင် တည်ဆောက်ထားသည့် Wind Mill များမှ လျှပ်စစ်ဓာတ်အား(၁)မဂ္ဂါဝပ်လျှင် အမေရိကန် ဒေါ်လာ(၁ ဒသမ ၅)သန်းခန့် ကုန်ကျမှုရှိကြောင်း သိရှိရသည်။

အောက်တိုဘာ ၃ ရက်တွင် ဖလန်းဒါးစ်ပြည်နယ် အန်းဝါ့သ်ဆိပ်ကမ်း အာဏာပိုင်အဖွဲ့သို့ရောက်ရှိရာ အန်းဝါ့သ်မြို့ ဒုတိယမြို့တော်ဝန်နှင့် အန်းဝါ့သ်ဆိပ်ကမ်းအာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ Mr. Marc Van Peel တို့က အန်းဝါ့သ်ဆိပ်ကမ်းအာဏာပိုင်အဖွဲ့၏ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် အန်းဝါ့သ်ဆိပ်ကမ်းသို့ ရေယာဉ်များပိုမိုဝင်ရောက်နိုင်ရန် ရည်ရွယ်လျက် Scheldt မြစ်ကမ်းခြေဝဲဘက်၌ ယူရို(၃၈၂)သန်း ကုန်ကျခံပြီး Berendrechsluis ရေတံခါး (Lock) တည်ဆောက်နေမှု အခြေအနေကို လှည့်လည်လေ့လာကြည့်ရှုကြသည်။

ယင်းနောက် ဖလန်းဒါးစ်ပြည်နယ် ဟိုက်ဒရောလစ် သုတေသနသို့ ရောက်ရှိရာ တာဝန်ရှိသူများက သုတေသနဌာန လုပ်ငန်းဆောင်ရွက်ချက်များ၊ ဟိုက်ဒရောလစ် သတင်းအချက်အလက်ဌာန၏ ဆောင်ရွက်ချက် များကို ရှင်းလင်းတင်ပြကြသည်။ ဆက်လက်၍ မြန်မာနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် နားလည်မှု စာချွန်လွှာ(MoU) လက်မှတ်ရေးထိုးဆောင်ရွက်ပြီး SBE Engineering Co., Ltd. မှ အန်းဝါ့သ်ဆိပ်ကမ်းအာဏာပိုင်အဖွဲ့၏ ကြီးကြပ်မှုအောက်ရှိ Waterbouwkundic ဟိုက်ဒရောလစ် သုတေသနဌာန၌ ဧရာဝတီမြစ်ကြောင်း ပြုပြင်ထိန်းသိမ်းရေးနှင့် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဆိုပြုနေရာ(၄) နေရာ၏ အချက်အလက်များကို Mathematical Modeling စမ်းသပ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပြီး ရန္တပို၊ လမ်းရွာ၊ မင်းလှ၊ အောင်လံ စသည့်နေရာများတွင် Low Head ရေကာတာများ တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ ဒေသအတွက်သာမက နိုင်ငံတော်အတွက်ပါ များစွာအကျိုးကျေးဇူးရရှိနိုင်မည်ဖြစ်ကြောင်းနှင့် စမ်းသပ်တွေ့ရှိချက်များအပေါ် မူတည်၍ အဆင့်ဆင့် ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ရေကြောင်းထိန်းသိမ်းရေးနှင့် ပတ်သက်၍ သုတေသနလုပ်ငန်း ဆောင်ရွက်ချက်များ၊ ရေယာဉ်ဦးခန်း ပုံစံငယ်(Simulator) ဖြင့် အန်းဝါ့သ်ဆိပ်ကမ်းတစ်လျှောက် မောင်းနှင်မှု၊ အန်းဝါ့သ်ဆိပ်ကမ်းသို့ ရေယာဉ်များ ဘေးအန္တရာယ်ကင်းစွာ ဝင်ရောက်နိုင်ရေးအတွက် ဆိပ်ကမ်းပုံစံငယ်ဖြင့် ရေစီးကြောင်းအဝင်အထွက် သုတေသနဆောင်ရွက်ထားရှိချက်များကို လှည့်လည်ကြည့်ရှုကြသည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်အဖွဲ့သည် အောက်တိုဘာ ၄ ရက်တွင် အန်းဝါ့သ်မြို့မှ မော်တော်ယာဉ်များဖြင့် အမ်စတာဒန်မြို့သို့ ရောက်ရှိကြပြီး ဒေသစံတော်ချိန် ည ၉ နာရီတွင် လေကြောင်းခရီးစဉ်ဖြင့် ပြန်လည်ထွက်ခွာလာခဲ့ရာ အောက်တိုဘာ ၅ ရက် မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းသံအမတ်ကြီးတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

(သတင်းစဉ်)

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှု ရှင်းလင်းပြောကြား

ရန်ကုန် အောက်တိုဘာ ၅

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဌေးအောင်သည် ယနေ့ နံနက်က ရန်ကုန်မြို့ ယုဇနဂါးဒင်းဟိုတယ်၌ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ အမှုဆောင်အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။**(ဓါတ်ပုံ)**

ယင်းသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက လက်ရှိမြန်မာနိုင်ငံ၏ ကမ္ဘာလှည့်ခရီးသည်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာမှုအခြေအနေများ၊ အနာဂတ်အလားအလာများ၊ ခရီးသွားလုပ်ငန်းပင်မစီမံကိန်းအပေါ် နိုင်ငံတကာမှ အထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့်ချိတ်ဆက်ဆောင်ရွက်မှုနှင့် တိုးတက်မှုအခြေအနေများ၊ ရခိုင်ဒေသဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရန် အစီအစဉ်များ၊ အထူးသဖြင့် ငပလီကမ်းခြေကို Integrated Tourism Zone တစ်ခုအဖြစ် ပေါ်ထွက်လာရေးအတွက် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ် အမှုဆောင်အဖွဲ့ဝင်များ၏ ဒေသအလိုက်ဟိုတယ်ခရီးသွားလုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို တင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

ရာထူးတိုးမြှင့်ထားသော ယာဉ်ထိန်းရဲတပ်ကြပ်ခင်မြင့်မောင်အား ယခင်တာဝန်ကျနေရာတွင်သာ ဆက်လက်ထားရှိသွားမည်

ရန်ကုန် အောက်တိုဘာ ၅

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဓမ္မစေတီလမ်းနှင့် လင့်ခ်လမ်းထောင့်တွင် တာဝန်ထမ်းဆောင်သော ဒုတပ်ကြပ် ခင်မြင့်မောင်အား အောက်တိုဘာ ၁ ရက်တွင်ကျရောက်သော (၆၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့တွင် တပ်ကြပ်ရာထူးသို့ တစ်ဆင့်တိုးမြှင့်ခံစားခွင့် ပြုခဲ့ကြောင်း ရန်ကုန်တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံး တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

ယင်းကဲ့သို့ ရာထူးတိုးမြှင့်ခံခဲ့ရသော ယာဉ်ထိန်းရဲတပ်ကြပ် ခင်မြင့်မောင်အား ယခင်တာဝန်ကျသော ဓမ္မစေတီလမ်းနှင့် လင့်ခ်လမ်းနေရာတွင် ဆက်လက်တာဝန်ချထားမည် ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး လင်းထွဋ်က ပြောသည်။

"ရန်ကုန်တိုင်းဒေသကြီးအတွင်း အခြား အဆင့်တွေထဲမှာဒုတပ်ကြပ်ခင်မြင့်မောင်ကိုပဲ ရာထူးတစ်ဆင့် တိုးမြှင့် ခံစားခွင့်ပြုလိုက်တာပါ။ လုပ်ငန်းစွမ်းဆောင်ရည် ပေးအပ်တဲ့ တာဝန်များကို ကျေပွန်နိုင်ခြင်းနဲ့ ပြည်သူများကို အဆင်ပြေစွာ ဆက်ဆံနိုင်ခြင်းတို့ကြောင့် ယခုလို ခံစားခွင့်ပြုခဲ့တာပါ" ဟု ရန်ကုန်တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့မှူးရုံး တာဝန်ရှိသူတစ်ဦးက ပြောသည်။

ရန်ကုန်တိုင်းဒေသကြီး ယာဉ်ထိန်းရဲတပ်ဖွဲ့ ရဲအုပ်ရာထူးမှ ဒုရဲမှူးရာထူးသို့ တိုးမြှင့်ခံစားခွင့်ပြုသည့် အရာရှိ ခြောက်ဦးရှိပြီး အခြားအဆင့်တွင် ယာဉ်ထိန်းရဲတပ်ကြပ် ခင်မြင့်မောင်တစ်ဦးသာ ပါဝင်၍ ရဲတပ်ကြပ်၏ လစာမှာ ကျပ် ၆၇၀၀၀ မှ ကျပ် ၇၂၀၀၀ အထိရှိကြောင်း သိရသည်။

(ကေသိန်းဆွေ)

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှမင်း သံတွဲမြို့နယ် သပြုချိုင်ကျေးရွာမှ မီးလောင်ဆုံးရှုံးခဲ့သည့် အိမ်ထောင်စုဝင်များအား ထောက်ပံ့ပစ္စည်းများ ပေးအပ်စဉ်။*(သတင်း-ကျော်ဖုံး)* (သတင်းစဉ်)

❍ ကျော်ဖုံးမှ

ရန်ကုန်ဘူတာကြီးတွင် ခရီးသည် ၁၅ ဦးအားတင်ဆောင်၍ နံနက် ၉ နာရီ မိနစ် ၄၀ တွင် စင်္ကြံအမှတ် 4 မှ ထွက်ခွာခဲ့သည်။ ထို့နောက် လမ်းခရီးဘူတာများဖြစ်သော ဘုရားလမ်းဘူတာတွင် ခရီးသည် လေးဦး၊ ကြည့်မြင်တိုင်ဘူတာတွင် ခရီးသည် ခုနစ်ဦး၊ ကမာရွတ်ဘူတာတွင် ခရီးသည် သုံးဦးနှင့် သမိုင်းဘူတာတွင် ခရီးသည်နှစ်ဦးတို့ကို တင်ဆောင်၍ အင်းစိန်ဘူတာသို့ ဆိုက်ရောက်ခဲ့သည်။ အင်းစိန်ဘူတာတွင် ငါးမိနစ်အကြာ ခရီးတစ်ထောက်နားကာ ခရီးသည်သုံးဦးအား တင်ဆောင်ခဲ့ပြီး ဆက်လက်၍ တညင်းကုန်းဘူတာတွင် ခရီးသည် ရှစ်ဦး၊ မင်္ဂလာဒုံဘူတာတွင် ခရီးသည် ၁၂ ဦး၊ ပုရွက်ဆိတ်ကုန်းဘူတာတွင် ခရီးသည် ၂၀၊ တံတားကလေးဘူတာတွင် ခရီးသည် ၂၂ ဦးနှင့် နိုင်ငံခြားသားခရီးသည် နှစ်ဦး၊ ကန်ဘဲ့ဘူတာတွင် ခရီးသည် လေးဦးနှင့် မလွှကုန်းဘူတာနှင့် ပုဇွန်တောင်ဘူတာတို့မှာ ခရီးစဉ်နီးကပ်သဖြင့် ခရီးသည်များ လိုက်ပါခြင်းမရှိတော့ဘဲ ရန်ကုန်ဘူတာကြီးသို့ နံနက် ၉ နာရီ မိနစ် ၄၀ တွင် ဆိုက်ရောက်ခဲ့သည်။ အဲကွန်းအထူးရထားနှင့် ပတ်သက်၍ ခရီးစဉ်များအတွင်း အများပြည်သူ၏စိတ်နေသဘောထားအား မေးမြန်းကြည့်ရာ အင်းစိန်မြို့နယ်မှ ကိုထွန်းထွန်းက "အထူးရထားကိုလိုက်ပြီးလေ့လာတာပါ။ နေတာကတော့ ရွှေပြည်သာမြို့နယ်မှာ နေပါတယ်။ ရွှေပြည်သာကနေ နံနက်အစော ၅ နာရီလာပြီးတော့ အင်းစိန်ဘူတာကနေ ၆ နာရီခွဲ ထွက်တဲ့ ဒီအဲကွန်းရထားနဲ့ လိုက်လာတာပါ။ ဘယ်မှတော့ သွားစရာမရှိပါဘူး။ ဒီအတိုင်းစီးတာပါ။ အချိန်က ခရီးစဉ်တစ်ကြောင်းကို ၂ နာရီ ၁၅ မိနစ်ကြာမယ်ဆိုတော့ စားသောက်ဆိုင်တန်းလေးတွေ ပြုလုပ်ပေးစေချင်ပါတယ်။ မီးရထားက ဝန်ထမ်းကိုလည်း အကြံပြုပြောလိုက်ပါသေးတယ်" ဟုပြောသည်။

တံတားကလေးဘူတာမှ တက်လာကြသော အင်္ဂလန်နိုင်ငံသား ခရီးသွားဧည့်သည် နှစ်ဦးကလည်း မိမိတို့၏ မိတ်ဆွေမြန်မာနိုင်ငံသားမှာ မြောက်ဥက္ကလာပမြို့နယ်တွင်မူကြို ကျောင်းဖွင့်ထားသဖြင့် မူကြိုကျောင်းသို့ လာရောက် လည်ပတ်ခြင်းဖြစ်ကြောင်း သိရပြီး အဲကွန်းအထူးရထားနှင့်စပ်လျဉ်း၍ ၎င်းတို့၏ အမြင်အားမေးမြန်းကြည့်ရာ "Very Nice. Very Happy"ဟု ပြောသွားခဲ့သည်။

မြန်မာ့မီးရထားလုပ်ငန်းမှ မြို့ပတ်ခရီးစဉ်အဲကွန်းအထူးရထားအတွင်း အများပြည်သူလုံခြုံစိတ်ချစွာသွားလာနိုင်ကြစေရန်အတွက် အင်းစိန်မြို့နယ် ရထားရဲတပ်ဖွဲ့အမှတ်တပ်ခွဲ (၁၉) တပ်စု (၁)မှ လုံခြုံရေးအင်အား ငါးဦးအား တွဲတစ်တွဲလျှင် တစ်ဦးနှုန်းဖြင့် လည်းကောင်း၊ တွဲထိန်းသုံးဦးအားလည်းကောင်း၊ တွဲမီး(လျှပ်စစ်ပြုပြင်)တစ်ဦးအား လည်းကောင်း၊ လက်မှတ်စစ်တစ်ဦးအားလည်း ကောင်းထားရှိကြောင်း အဆိုပါ RBE 50. 38 (No Cab) အဲကွန်းရထား တွဲ၏ တာဝန်ရှိသူများထံမှ သိရသည်။

(စိုးဝင်း-MLA)

အနာဂတ်နိုင်ငံတော်ပညာရေးပိုမိုဖွံ့ဖြိုးတိုးတက်ရေး အားလုံးကူညီဆောင်ရွက်ပေး

သတင်းမှတ်တမ်း - ကိုပေါက်(နေပြည်တော်)
သတင်းဓာတ်ပုံ - ကိုကိုစိုးညွှန့်

အနာဂတ်တွင် မျှော်လင့်အားထားနိုင်မည့် မျိုးဆက်သစ်လူငယ်များကို ပြုစုပျိုးထောင်ပေးနေကြသော ဆရာ ဆရာမများ၏ ကြိုးပမ်းစွမ်းဆောင်မှုများကို ကမ္ဘာက အသိအမှတ်ပြုသောအားဖြင့် ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို ၁၉၉၄ ခုနှစ်မှစတင်ကာ နိုင်ငံအလိုက် နှစ်စဉ်ကျင်းပလျက်ရှိသည်။

မိမိတို့နိုင်ငံတွင်လည်း (၁၂)ကြိမ်မြောက်အဖြစ် ယခုနှစ်အောက်တိုဘာ ၅ ရက်တွင် ကျင်းပသည့် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပရာ နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနသို့ သွားရောက်၍ အခမ်းအနားနှင့် စပ်လျဉ်းကာ သိရှိလိုသည်များအပေါ် မေးမြန်းစူးစမ်းဖြစ်ခဲ့သည်။

ပထမဦးစွာ ၂၀၁၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အလယ်တန်းအဆင့် ကဗျာပြိုင်ပွဲတွင်

အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(စီမံ-ငြိမ်း) ဦးတင်မောင်။

ပထမဆုရရှိခဲ့သူ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ချောင်းရင်းစံပြကျေးရွာ အထက(ခွဲ)မှ သတ္တမတန်းကျောင်းသား မောင်ဇင်မင်းဦးနှင့် တွေ့ဆုံဖြစ်သည်။

"သားက ဒီကဗျာကို ဆရာ ဆရာမတွေရဲ့ ဂုဏ်ကျေးဇူးတရားကို နားလည်သဘောပေါက်ပြီး ခံစားရေးဖြစ်ခဲ့တာပါ။ နိုင်ငံတော်က အခုလိုမျိုး သားရေးတဲ့ကဗျာလေးကို ပထမဆုချီးမြှင့်ခဲ့တဲ့အတွက် ဝမ်းသာပီတိဖြစ်မိပါတယ်။ အဲဒီအတွက်လည်း ဆရာ ဆရာမတွေအားလုံးကို ကျေးဇူးတင်ပါတယ်" ဟု ရည်မွန်စွာ ပြန်လည်ပြောကြားခဲ့သည်။

၎င်း၏ ဆရာမဖြစ်သူ အလယ်တန်းပြ ဆရာမ ဒေါ်မြင့်မြင့်သန်းကလည်း "၂၀၁၂ ခုနှစ် ကတည်းက အထက(ခွဲ) ချောင်းရင်းကျောင်းကို ကျောင်းအုပ်ဆရာကြီးက ဦးစီးဆောင်ရွက်နေခဲ့တာပါ။ လက်ရှိ ကျောင်းအနေအထားအဆင့်ကနေ အထက်တန်းအထိ ဖွင့်လှစ်နိုင်တဲ့ ကျောင်းကြီးအဖြစ် ခွင့်ပြုချက်ကျဖို့ ကြိုးစားနေကြပါတယ်။ ကျောင်းရဲ့ အဆောက်အအုံပုံစံကိုလည်း တင်ထားပါတယ်။ ကျွန်မတို့ဒေသမှာရှိတဲ့ ကျောင်းသား ကျောင်းသူတွေရဲ့ ပညာရေးနဲ့ အနာဂတ်တွေ ဖွံ့ဖြိုးတိုးတက်ဖို့ ဆောင်ရွက်နေတဲ့ အချိန်လေးမှာ နိုင်ငံတော်က ကျင်းပတဲ့ ဒီလိုအပြည်ပြည်ဆိုင်ရာအဆင့်ပြိုင်ပွဲမျိုးတွေမှာတောင် ရွာကလေးဆိုပေမယ့် အဆင့်အတန်းပြည့်မီစွာ ဆုတွေရရှိအောင်

မိုင်းရှူးမြို့နယ် အခြေခံပညာ အထက်တန်းကျောင်း(ဝမ်ကန်)မှ အလယ်တန်းပြဆရာမ ဒေါ်ရီရီအေး။

ကြိုးစားရေးသား နိုင်ခဲ့တာပါ"ဟု ဝိုင်းဝန်းဖြေကြားပေးခဲ့သည်။

၂၀၁၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ပေးအပ်ခြင်းခံရသူ ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းရှူးမြို့နယ် အထက(ဝမ်ကန်)မှ အလယ်တန်းပြဆရာမ ဒေါ်ရီရီအေးက အောက်ပါအတိုင်း ပြောကြားခဲ့သည်။

"ကျွန်မက အလယ်တန်းပြဆရာမ ဒေါ်ရီရီအေးပါ။ အခု ဆုရတာကတော့ ၂၀၁၃ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဂုဏ်ပြုဆုရရှိတာပါ။ ကျောင်းက ကျောင်းသူလေးတွေ အိမ်သာကျင်းထဲပြုတ်ကျတဲ့အချိန်မှာ အချိန်တိုတိုအတွင်း အမြန်ဆုံးကယ်တင်နိုင်ခဲ့တဲ့အတွက် ဆုရရှိတာဖြစ်ပါတယ်။ အဲဒီလိုကယ်တင်ခဲ့တုန်းကတော့ မထင်မှတ်ပါဘူး။ တကယ့်ကို ကလေးတွေအသက်ရှင်လိုစိတ်သက်သက်နဲ့ ကယ်တင်ခဲ့တာပါ။ ဒါပေမယ့် တကယ်တမ်းအခုလို ဆုတွေပေးတော့လည်း အင်မတန် ဝမ်းသာပီတိဖြစ်ခဲ့ပါတယ်"

ချောင်းရင်းစံပြကျေးရွာ အထက(ခွဲ)မှ သတ္တမတန်းကျောင်းသား မောင်ဇင်မင်းဦး။

အလားတူ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ဂုဏ်ထူးဆောင် မှတ်တမ်းလွှာ ချီးမြှင့်ခံရသူ စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခချုပ် (အငြိမ်းစား)ဒေါက်တာမြင့်သိန်းကလည်း ဆုချီးမြှင့်ခံရခြင်းအပေါ် ဂုဏ်ယူဝမ်းမြောက်စွာဖြင့် အောက်ပါအတိုင်း ပြောကြားခဲ့သည်။

"၄၂ နှစ်တာ တက္ကသိုလ်ပညာရေးမှာ ကျွန်တော်ပါဝင်ဆောင်ရွက်ခဲ့ခြင်းအပေါ် အသိအမှတ်ပြုပြီး ဒီလိုဂုဏ်ပြုတာခံရတဲ့အတွက် အင်မတန်ဝမ်းသာဂုဏ်ယူပီတိဖြစ်မိပါတယ်"။

ဂုဏ်ထူးဆောင် မှတ်တမ်းလွှာ ချီးမြှင့်ခြင်းခံရသူတစ်ဦးဖြစ်သည့် အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး(စီမံ-ငြိမ်း) ဦးတင်မောင်ကလည်း ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သူ၏ အမြင်ရှုထောင့်မှ သုံးသပ်တွေ့ရှိချက်များကို အောက်ပါအတိုင်း ရှင်းလင်းပြောကြားခဲ့သည်။

"စနစ်တစ်ခုကနေ တစ်ခုကို ပြောင်းတဲ့အခါ အဲဒီစနစ်တစ်ခုက အရှိန်စွဲအောင်ကြာနေတဲ့အခါမှာ တဖြည်းဖြည်းနဲ့ သည်းခံပြီး အေးအေးဆေးဆေးသွားရမှာ ဖြစ်တယ်။ ဒါပေမယ့် ဆရာတစ်ဦးတည်းရဲ့ အယူအဆကတော့ ပညာရေးက အနုပညာဆန်တယ်။ အတင်း အကြမ်းကိုင်လို့လည်းမရဘူး၊ မရဘူးဆိုပြီး လက်လျှော့လို့လည်း မဖြစ်ဘူး။ ဒါကြောင့် ပညာရေးဟာ အနုပညာဆန်တဲ့အတွက် ပြည်သူတွေကပါ ဝိုင်းဝန်းပါဝင်ပြီး ပြုပြင်မယ်ဆိုရင် ကောင်းပါတယ်။ အမှန်ကတော့ ပညာရေးဆိုတာ ပြုပြင်ရမယ့် အချိန်ရောက်နေပါပြီ။ ဘာနဲ့ ဥပမာတူသလဲဆိုတော့ ပညာရေးဟာ ပြည်သူတွေနဲ့ နိုင်ငံတော်ရဲ့ စီးပွားရေး၊ နိုင်ငံရေး အပေါ်မှာ မူတည်ပြီး ပြုပြင်ပြောင်းလဲနေကြတာပါ။ ဒါကြောင့်လည်း ကမ္ဘာ့ပညာရေးကို လေ့လာကြည့်ရင် အသစ်အဆန်းတွေ ဖြစ်လာတာ တွေ့ရမယ်။ လူတွေရဲ့ လူမှုရေး၊ သိပ္ပံပညာ စတဲ့ကိစ္စတွေမှာ တိုးတက်နေတယ်။ ဆရာတို့ရဲ့ ကျောင်းသင်ပညာရေးက မပြင်ဘဲနဲ့ ဒီအတိုင်းထားလိုက်ရင် ဘာနဲ့အလားသဏ္ဌာန်တူမလဲဆိုတော့ ဒီရေတက်ချိန်မှာ လှေကိုကြိုးချည်ထားတာနဲ့တူလိမ့်မယ်။ ဒီရေနဲ့မလိုက်နိုင်တဲ့အခါ မြုပ်ရင်လည်း မြုပ်မှာပေါ့။ ပြင်ဆင်ဖို့ အချိန်တော့ ရောက်နေပြီ။ ပြင်တော့ပြင်ရမယ်။ ဒီတော့ အဲဒီလိုပြင်တဲ့အခါမှာ ပညာရေးဌာန တစ်ခုတည်း တာဝန်ရှိလားဆိုတော့ မဟုတ်ဘူး။ တိုင်းပြည်မှာရှိတဲ့ အစိုးရရော၊ လုပ်သားပြည်သူတွေရော၊ ပညာရေး ဝန်ထမ်းတွေကတော့ အဓိကပေါ့လေ။ အဲဒီလို ဝိုင်းဝန်းပြင်ကြရမှာ။ အခုလို ပညာရေးကဏ္ဍကို ပြင်ဆင်ဖို့ ကြိုးပမ်းနေကြတာကို တွေ့ရတော့ ဆရာကြီးတို့အနေနဲ့ ဝမ်းမြောက်ဝမ်းသာ ပီတိဖြစ်ပြီး ကြိုဆိုပါတယ်ဆိုတဲ့ အကြောင်း ပြောပြချင်ပါတယ်"။

နိုင်ငံတကာနှင့် ရင်ဘောင်တန်းယှဉ်နိုင်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးကို တည်ဆောက်နိုင်ရန်အတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသည့်ကဏ္ဍများ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန် စွမ်းဆောင်ကြိုးပမ်းနေသည့်အခါသမယတွင် ပညာရေးကဏ္ဍသည် အခြေခံအကျဆုံး အုတ်မြစ်အဆောက်အအုံဖြစ်သည်ကို လူတိုင်းသိရှိထားပြီး ဖြစ်သည်။

ထို့အတွက် ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများ ပိုမိုလျှင်မြန်တိုးတက်စွာ လုပ်ဆောင်နိုင်ရန်နှင့် အနာဂတ်အတွက် ရည်ရွယ်အားထားရမည့် မျိုးဆက်သစ်လူငယ်များ နိုင်ငံတကာနှင့်ယှဉ်ကာ အသိဉာဏ်၊ အတတ်ပညာ၊ ကိုယ်ရည်ကိုယ်သွေး၊ စွမ်းဆောင်ရည်တို့ မြင့်မားတိုးတက်လာစေရန် ရည်ရွယ်၍ ရေးသားဖော်ပြအပ်ပါသည်။

အလိမ္မာ စာမှာရှိ

မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၆-၁၀-၂၀၁၃ (တနင်္ဂနွေနေ့)

၆း၀၃	တရားတော်
၆း၅၅	မြန်မာ့သံစဉ်ချိုနားဝင်
၈း၃၅	မြန်မာစာမြန်မာစကား(၉)
၈း၅၅	ချစ်သူစုံတွဲတူယှဉ်ရွှဲ
၁၁း၄၀	မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် "အိမ်ပြန်ခရီး"
၁း၃၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ဂျက်စီဘယ်"(အပိုင်း-၁၀)
၄း၂၅	လျှပ်တစ်ပြက်
၆း၃၅	ဂင်းနစ်ကမ္ဘာ့စံချိန်တင် ပြိုင်ပွဲများ
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "သိုင်းသမားဘတ်ဒုန်းဆု" (အပိုင်း-၂၁) -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "Path Sinders" (အပိုင်း၂) [ဇာတ်သိမ်း] -ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "ချစ်ခြင်းဖြင့်ဖန်ဆင်းသောဟင်းလျာ" (အပိုင်း-၄၂)

မြန်မာ့ရိုးရာအမွေအနှစ်ဖြစ်သော ခြင်းလုံးသရုပ်ဖော်ပြကွက်များ ဆီးဂိမ်းတွင်ပြသနိုင်ရန် စခန်းသွင်းလေ့ကျင့်

နေပြည်တော် အောက်တိုဘာ ၅

နှစ်ပေါင်း (၄၄) နှစ်ကြာမြင့်မှသာ တစ်ကြိမ် ထုတ်ဖော်ပြသခွင့်ရှိသော မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ဖြစ်သည့် မြန်မာ့ရိုးရာခြင်းလုံးပညာနှင့် ခြင်းလုံးသရုပ်ဖော်ပြကွက်များ ပြသနိုင်ရန် ရိုးရာအမွေအနှစ်အား မြန်မာတွင်သာမက ကမ္ဘာကိုထိုးဖောက်နိုင်ရန် မကြာမီ ကျင်းပတော့မည်ဖြစ်သည့် SEA Games တွင် မြန်မာ၊ ထိုင်း၊မလေးရှား၊ စင်ကာပူ၊ ကမ္ဘောဒီးယား၊ လာအို ၆ နိုင်ငံတို့ ပါဝင်ခတ်ကစားမှုနှင့်အတူ SEA Games ဖွင့်ပွဲတွင် သရုပ်ဖော်ပြကွက်များ ပြသနိုင်ရန် ခြင်းလုံးမောင်မယ်များအား စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိကြောင်း မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးစိုးနိုင်(သီဟသုဓမ္မ မဏိဇောတဓရ၊ လူမှုထူးချွန်တတိယဆင့်)က ပြောသည်။

စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိသော မန္တလေးမြို့ အေးအေးခိုင်ကျောက်မျက်ကုမ္ပဏီဝင်းအတွင်း ကျပ်သိန်း ၃၀၀ ကုန်ကျသော လေ့ကျင့်ရေးကွင်းတွင် ခြင်းပညာရှင် မန္တလာဦးမောင်မောင်နှင့် မန္တလေးတိုင်းဒေသကြီး ခြင်းလုံးအဖွဲ့အမှုဆောင်များက အောက်တိုဘာ ၁ ရက် မှ ၁၄ ရက်အထိ အနီးကပ်ကြီးကြပ်လျက် အသက် (၈)နှစ်မှ (၂၀) ကျော်အထိ ပါဝင်သော ခြင်းလုံးမောင်မယ် ၈၀ အား သင်ကြားပို့ချပေးလျက်ရှိရာ SEA Games ဖွင့်ပွဲတွင် တို့မြန်မာခြင်းလုံးဟုကြွေးကြော်လျက် ကွင်းအတွင်းအတန်းလိုက်နှင့် ဝိုင်းဖွဲ့ကာ ခြေဖျားတော့၊ ဒူးတော့ အဝိုင်းကြီးနှစ်ထပ် သရုပ်ဖော်ပြကွက်၊ခြင်းလုံးအဏုမြူမီးများထည့်ခတ်ကစားခြင်းများ သရုပ်ဖော်ပြသသွားမည်ဖြစ်ရာ ခြေဖျားတော့တွင် သောင်းချီ၍တော့နိုင်သော ကလေးများပါရှိကြောင်း ခြင်းပညာရှင်မန္တလာဦးမောင်မောင်က ဖြည့်စွက်ရှင်းပြသည်။

ခြင်းကစားခြင်းသည် မြန်မာ့ယဉ်ကျေးမှုမှ ပေါက်ဖွားလာခဲ့သော အားကစားနည်းတစ်ရပ်ဖြစ်ခြင်း၊ယင်းကစားနည်းသည်ပျော်ရွှင်မှု၊ ကျန်းမာမှုနှင့်တကွ စုပေါင်းဆောင်ရွက်ခြင်း၊ စုပေါင်းတာဝန်ယူခြင်း စသည့် မွန်မြတ်သော သမဝါယမ စိတ်ဓာတ် အခြေခံတို့ကို ပေးစွမ်းနိုင်သော ဂုဏ်သတ္တိနှင့်ပြည့်စုံခြင်း၊ အထိခြောက်မျိုးကို အခြေခံ၍ ခတ်ကစားရသော မြန်မာ့ခြင်းကစားနည်းတွင် တိုင်းတစ်ပါး၏ မူဟန်၊ နည်းစနစ်၊ ကိရိယာပစ္စည်းစသည်တို့ မပါရှိခြင်း၊ မြန်မာမှု၊ မြန်မာဟန်၊ မြန်မာ့နည်းစနစ်၊ မြန်မာ့ပစ္စည်းကိရိယာဖြင့်သာ ခတ်ကစားရသော ကစားနည်းဖြစ်ပြီး ရှေးနှစ်ပေါင်း ထောင်ကျော်ကာလကတည်းက တည်ရှိခဲ့သော အထောက်အထားများရှိကြောင်း ခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌက ဆက်လက်ရှင်းပြသည်။

ခေါင်း၊ ခါး၊ ခြေလက် ကစားရသော ခြင်းလုံးကစားခြင်းသည် ကျန်းမာရေးနှင့်ညီညွတ်သောအားကစားဖြစ်၍ ဆီးဂိမ်းတွင် ပါဝင်နိုင်ရန် ငါးနိုင်ငံပါဝင်မှသာ ခြင်းလုံးခတ်ကစားမှုအား ခွင့်ပြုမည်ဖြစ်၍ နိုင်ငံတကာလှည့်လည်ပြသရန် ဖိတ်ခေါ်ပြသမှုများ ပြုခဲ့ရကြောင်း၊ မြန်မာတစ်နိုင်ငံလုံးတွင် ဆန်ခါ တင် ခြင်းမောင်မယ် ၂၂၀ အား မကြာမီ နေပြည်တော်တွင် စခန်းသွင်း (ကန့်သွင်း)လေ့ကျင့်မှုများ ပြုလုပ်သွားမည် ဖြစ်ကြောင်း၊ ယနေ့ မန္တလေးမြို့တွင် စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိသော ခြင်းမောင်မယ် ၈၀ အား ခြင်းလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌက နေ့စဉ်ကိုယ်ပိုင်ငွေကျပ် ၂၀၀၀ ထောက်ပံ့မှုမှ ကျပ် ၅၀၀၀ ထိ အောက်တိုဘာ ၈ ရက်တွင် တိုးမြှင့်ထောက်ပံ့မည်ဖြစ်ကြောင်း၊မြန်မာ့ရိုးရာအားကစား ကမ္ဘာကိုလွှမ်းရမည်ဟူသော ဆောင်ပုဒ်ဖြင့် မြန်မာ့ရိုးရာ ခြင်းပညာအား ကမ္ဘာကို ပြသနိုင်ရန်အတွက် ရည်ရွယ်ပြုလုပ်နေခြင်းဖြစ်ကြောင်း သိရသည်။

ကျော်မင်းသော်

၂၀၁၃ ခုနှစ် ကွင်းဖွင့်ဖလားတင်းနစ်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် အောက်တိုဘာ ၅

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်ကကြီးမှူး၍ ၂၀၁၃ ခုနှစ်ကွင်းဖွင့်ဖလားတင်းနစ်ပြိုင်ပွဲကို အောက်တိုဘာ ၂၆ ရက်မှ နိုဝင်ဘာ ၂ ရက်အထိ ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ သိမ်ဖြူတင်းနစ်အားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲတွင် အသင်းလိုက်ပြိုင်ပွဲ (Inter Club)၊ အမျိုးသား အမျိုးသမီး အလွတ်တန်းတစ်ဦးချင်းပြိုင်ပွဲ၊ အမျိုးသား အမျိုးသမီးအလွတ်တန်း နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသား+အမျိုးသမီးနှစ်ယောက်တွဲ အလွတ်တန်း (Mixed Doubles) ပြိုင်ပွဲများပါဝင်မည်ဖြစ်သည်။

ထို့အပြင် မြန်မာလူငယ်လက်ရွေးစင်တင်းနစ်အသင်းနှင့် မြန်မာ့လက်ရွေးစင် တင်းနစ်အသင်းများ၌ အခြေခံနိုင်မည့် မျိုးဆက်သစ်လူငယ်များ ပါဝင်ယှဉ်ပြိုင်နိုင်သော အသက်(၁၂)နှစ်အောက်၊ အသက်(၁၄)နှစ်အောက်နှင့် အသက်(၁၆)နှစ်အောက် အမျိုးသား အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲများကို ထည့်သွင်းကျင်းပမည်ဖြစ်သည်။

အသင်းလိုက်ပြိုင်ပွဲ(Inter Club) အတွက်ပြိုင်ပွဲအား (Best of Three Sets) စနစ်ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အလွတ်တန်းပြိုင်ပွဲများနှင့် သက်တမ်းလိုက်ပြိုင်ပွဲများအား (Knock-Out System) ဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးမှ ပါဝင်ယှဉ်ပြိုင်ကြမည့် တင်းနစ်အားကစားသမားများအား နေထိုင်ရေးနှင့်စားသောက်ရေးအစီအစဉ်များကို မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်(TFM) မှ တာဝန်ယူဆောင်ရွက်သွားမည် ဖြစ်သည်။ ပါဝင်ယှဉ်ပြိုင်ကြမည့် အသင်းများ၊ အားကစားသမားများ အောက်တိုဘာ ၂၅ ရက် နံနက် ၁၀ နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်(သိမ်ဖြူတင်းနစ်အားကစားကွင်း)သို့ အမည်စာရင်းပေးသွင်းရမည် ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၆–၁၀–၂၀၁၃ (တနင်္ဂနွေနေ့)

၆း၀၀	တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်		ခိုင်ခင်ဦး) (ဒါရိုက်တာ-ထွန်းမြင့်ထွန်း)
၆း၄၅	ပြည်သူ့နီတိ "တန်ဖိုး"	၃း၀၀	ပြည်တွင်းသတင်း
၇း၂၀	"လေ့လာရအောင် မတူပီရိုးရာ"	၄း၄၀	တေးသရုပ်ဖော်အစီအစဉ်
၈း၂၅	"ချစ်သော၍ကမ္ဘာမြေ"	၅း၁၅	ဆိုကြမယ်၊ ပျော်ကြမယ်
၁၀း၁၅	ယဉ်ကျေးလိမ္မာ (၃၈) ဖြာမင်္ဂလာ	၈း၀၀	ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသသတင်း
၁၁း၁၀	ဂီတတံခါးလေးဖွင့်ပါဦး		
၁၂း၃၅	ဖျော်/မည်းရုပ်ရှင် "မေတ္တာအသချေ်" (ကျော်ဟိန်း၊ ခင်သီတာထွန်း၊	၈း၄၅	ကြယ်ပွင့်များရဲ့ အထင်ကရတေးများ



ကလေးမြို့တွင် မိုးသည်းထန်ရေကြီး လူနေအိမ်၊ လမ်းတံတား၊ လယ်ယာမြေများပျက်စီး

ကလေး အောက်တိုဘာ ၅

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် အဆက်မပြတ်မိုးရွာသွန်းမှုကြောင့် စက်တင်ဘာ ၂၉ ရက်တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ပြီး ဥပုတ်ချောင်း ရေပြည့်လျှံကာရေစီးပြင်းထန်စွာဖြင့် တောင်ကျချောင်းရေ တိုက်စားမှုကြောင့် ကမ်းပါးပြို၊ မြေပြိုမှုများဖြစ်ပွားသည့်အပြင် သံကူကွန်ကရစ်တံတားအမျိုးအစား အပါအဝင် တံတားများကျိုးကျပျက်စီးသွားကြောင်း သိရသည်။

"ရေတအားကြီးလို့ တံတား ၁၁ စင်းကျော်ကျိုးသွားတယ်၊ ကလေးမြို့တောင်ဘက် အဓိကဆက်သွယ်ရေးလမ်းမကြီးဖြစ်တဲ့ ကလေး-နတ်ချောင်း-ဂန့်ဂေါလမ်းမကြီးအထွက် တံတားလည်း ပြိုကျသွားတယ်။ ပတ်ပတ်လည် ရေကြီးတဲ့အပြင် တောင်ကျချောင်းရေ အလုံးအရင်းနဲ့ ဝင်လာတဲ့အတွက် မြစ်ရေမကြီးခင်ကတည်းက အစွန်အဖျားနဲ့ မြို့ဆင်ခြေဖုံးက ရေတွေလွှမ်းနေပြီ။ ရန်ကုန်၊ မန္တလေး၊ မုံရွာ၊ ကလေး၊ ကလေးဝ၊ တမူးလမ်းတွေ အကုန်ပြတ်တောက်ကုန်တာပေါ့။ လူရှစ်ယောက်ကျော်လောက် ပျောက်ဆုံးပြီး အဲဒီထဲကအမျိုးသားတစ်ဦးနဲ့ အမျိုးသမီးတစ်ဦးရဲ့ အလောင်းပြန်ရတယ်လို့ကြားတယ်" ဟု လိုက်လံအကူအညီပေးနေသော ကလေးမြို့ဒေသခံတစ်ဦးက ရှင်းပြသည်။

စက်တင်ဘာ ၂၈ ရက်က မိုးအဆက်မပြတ် စတင်ရွာသွန်းပြီး အောက်တိုဘာ ၁ ရက်အထိ ရေကြီးနေဆဲဖြစ်ကြောင်း၊ ယင်းအပြင် ကလေးဒေသတွင်း ချောင်းများ၊ မြောင်းများ၊ ရေလျှံလျက်ရှိပြီး ဆန်စက်များ၊ စပါးခင်းများ အပါအဝင် လယ်မြေဧက ၂၀၀၀ ကျော် ရေဝင်နစ်မြုပ်ကာ ကျွဲ၊ နွားအချို့ မျောပါသွားကြောင်း၊ ကလေးမြို့အတွင်းဖြတ်သန်းစီးဆင်းသောမြစ်ချောင်းများ ရေကြီးရေလျှံမှုကြောင့် ဥပုတ်ချောင်း ဆိပ်ကမ်းသာတံတား အပါအဝင် နန်းကလိန်ချောင်း၊ နတ်တံခါးချောင်းတံတား၊ ဇီးချောင်းတံတား၊ ဆည်ကြီးတံတား၊ နတ်မြောင်းချောင်းတံတား၊ မှန်လုံချောင်းတံတား၊ ပြည်တော်သာချောင်းတံတား၊ ပြောင်ဘုတ်လမ်း(၁/၂၇)ဘေလီတံတား၊ မြောင်းဆုံတံတားနှင့် တပ်ဦးကျောင်းတံတားများ ပြိုကျပျက်စီးသွားကြောင်း၊ ၁၉၆၆ ခုနှစ်က တစ်ကြိမ် ထိုကဲ့သို့ ရေကြီးမှုမျိုးကြုံခဲ့ဖူးပြီး ယခုအကြိမ်သည် ထိုစဉ်ကထက် ဆိုးရွားကြောင်း မြို့ခံတစ်ဦးထံမှ သိရသည်။

ရေဘေးကယ်ဆယ်ရေးစခန်း ရှစ်နေရာဖွင့်လှစ်ထားရှိပြီး စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ဇော်ဦးက လိုက်လံစစ်ဆေး၍ ခရိုင်/မြို့နယ်စီမံခန့်ခွဲမှုကော်မတီက အနီးကပ်ကြီးကြပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထို့အပြင် ဒေသဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအဆင့်ဆင့်၏ ကြီးကြပ်မှုဖြင့် ရေဘေးသင့်အိမ်ထောင်စုများအတွက် ကမ္ဘောဇဘဏ်မိသားစုက တစ်အိမ်ထောင်လျှင် ဆန်တစ်အိတ်နှုန်း နေအိမ်အရောက်ပို့ဆောင်ကူညီထောက်ပံ့သည့်အပြင် ရေဘေးသင့်ပြည်သူ ၁၇၂၀ ဦးအတွက် ထမင်းထုပ်၊ ခေါက်ဆွဲခြောက်ထုပ်များ ပေးအပ်လှူဒါန်းမှုများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများ၊ ရပ်ကွက်နေပြည်သူများ၊ တပ်မတော်သားများ၊ ခရိုင်/မြို့နယ် ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ကယ်ဆယ်ရေးလုပ်ငန်းများဝိုင်းဝန်းကူညီဆောင်ရွက်ကြကြောင်း သိရသည်။

(ဇိုဟေဆာ-ချင်းတောင်ခြေ)

တံတားမြို့နယ်ခွဲ၌ သန်းခေါင်စာရင်းပုံစံ(၄၁)ချက် အများပြည်သူများသိရှိစေရန်ဆောင်ရွက်

ကျောက်တန်း အောက်တိုဘာ ၅

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့နယ်ခွဲနယ်မြေအတွင်း လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ၂၀၁၄ ခုနှစ်တွင် ကောက်ယူမည့် လူဦးရေနှင့် အိမ်အကြောင်းအရာများ သန်းခေါင်စာရင်းကောက်ယူရာတွင် မေးမြန်းမည့် မေးခွန်းပုံစံ(၄၁)ချက်တို့ကို သိရှိရန်နှင့် အမေး၊ အဖြေ၊ အသိထပ်တူကျပြီး လုပ်ငန်းလွယ်ကူချောမွေ့စေရန်အတွက် မြို့ပေါ်ရပ်ကွက်များရှိ နံရံကပ်စာပေရေချမ်းစင်များတွင် မြို့နယ်ခွဲအုပ်ချုပ်ရေးမှူး၏ ကြီးကြပ်ဆောင်ရွက်မှုဖြင့် အသိပေးကြော်ငြာထားရှိသည်။ စိတ်ပါဝင်စားစွာဖြင့် လာရောက်လေ့လာဖတ်ရှုမေးမြန်းကြသူများအား မြို့နယ်ခွဲအထွေထွေအုပ်ချုပ်ရေးမှူး ဦးသန့်စင်မျိုး၊ လဝကဦးစီးမှူး ဦးအောင်မွန်နှင့် ပြန်/ဆက်ဦးစီးမှူးတို့က အကျယ်တဝင့် ရှင်းလင်းဆွေးနွေး ပြောကြားခဲ့ကြကြောင်း သိရသည်။

(အောင်ဆွေ-ရွှေတံတား)

သက်ကြီးရွယ်အို ပြုစုစောင့်ရှောက်မှု အကောင်းဆုံးနိုင်ငံ ဆွီဒင်

ဆွီဒင်နိုင်ငံသည် သက်ကြီးရွယ်အိုများနေထိုင်ရန် အကောင်းဆုံးနိုင်ငံဖြစ်ကြောင်း ကုလသမဂ္ဂကျောထောက်နောက်ခံပြုသည့် ကမ္ဘာလုံးဆိုင်ရာ လေ့လာချက်တစ်ရပ်အရသိရသည်။

ကမ္ဘာ့သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့မှ နိုင်ငံ ၉၁ နိုင်ငံအတွင်းရှိ သက်ကြီးရွယ်အိုများ၏ နေထိုင်မှု အဆင့်အတန်းများကို စူးစမ်းလေ့လာခဲ့ကြသည်။ နိုင်ငံအများစုတွင် များပြားလာသည့် သက်ကြီးရွယ်အိုများအတွက် လုံလောက်စွာ ထောက်ပံ့ပေးနိုင်သော နေရာမရှိကြောင်း ယင်းအဖွဲ့က သတိပေးထားသည်။

ဖွံ့ဖြိုးတိုးတက်သော ကမ္ဘာ့နိုင်ငံများတွင် သက်ကြီးရွယ်အိုများ များပြားလာသည်နှင့်အမျှ ၂၀၅၀ပြည့်နှစ်၌ သက်ကြီးရွယ်အို ဦးရေသည် အသက် ၁၅ နှစ်အောက် ကလေးငယ်အရေအတွက်ထက် ပထမဆုံးအကြိမ် ပိုမိုများပြားလာမည်ဖြစ်ကြောင်း သိရသည်။

သုတေသနပညာရှင်များသည် လူတစ်ဦးချင်း ဝင်ငွေ၊ လုပ်သားငှားရမ်းသုံးစွဲမှု၊ ကျန်းမာရေးထောက်ပံ့မှု၊ ပညာရေး၊ သဘာဝပတ်ဝန်းကျင် စသည့် မတူညီသည့်အချက် ၁၃ချက်ကို လေ့လာခဲ့ကြရာ အဆိုပါ အချက်များသည် ကမ္ဘာလုံးဆိုင်ရာ အတိုင်းအတာအားဖြင့် ပထမဆုံးအကြိမ်လေ့လာသုံးသပ်ခဲ့သည့် အချက်များဖြစ်ကြောင်း သိရသည်။

အနောက်ဥရောပ၊ မြောက်အမေရိက၊ ဂျပန်၊ ဩစတြေးလျနှင့် ချီလီစသည့် ကမ္ဘာ့ထိပ်တန်းနိုင်ငံ ၂၀ တွင် ဆွီဒင်နိုင်ငံသည် သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်မှု အကောင်းဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိနေပြီး အာဖဂန်နစ္စတန်သည် နောက်ဆုံးနေရာ၌ ရောက်ရှိနေကြောင်းသိရသည်။

သုတေသနပညာရှင်များ လေ့လာစောင့်ကြည့်ခဲ့ရာ အကြီးဆုံးနိုင်ငံများဖြစ်လျက် ရုရှားသည် အဆင့် ၇၈၊ အိန္ဒိယ အဆင့် ၇၃နှင့် တူရကီ အဆင့် ၇၀ နေရာ စသည်ဖြင့် အနိမ့်ဆုံးအဆင့်၌ရှိနေစဉ်တွင် ဘရာဇီး အဆင့် ၃၁နှင့် တရုတ် အဆင့် ၃၅ နေရာတို့၌ ရပ်တည်လျက်ရှိသည်။ အချို့နိုင်ငံကြီးများသည် ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်သော်လည်း အခြားသောနိုင်ငံများထက် သက်ကြီးရွယ်အိုပြုစုစောင့်ရှောက်မှုပို၍ ညံ့ဖျင်းကြကြောင်း သိရသည်။ **[မာမာစိုး]**

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
TAXI BB KIA Morning (2009)
ဆီတစ်ဂါလန်ကီလို ၉၀ ရကား
AU Auto AC (50000km)
၉၅သိန်း
ဖုန်း-၇၃၁၁၉၆၃၂

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
(ရုံးအမှတ်(၃)အစည်းအဝေးခန်းမ ပြင်ဆင်ဖွဲ့စည်းခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၃) နေပြည်တော်တွင် အစည်းအဝေးခန်းမ ပြင်ဆင်ဖွဲ့စည်းခြင်းလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသဖြင့် လုပ်ငန်းရှင်များမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

စဉ်	လုပ်ငန်းတည်နေရာ	လုပ်ငန်းအမည်
၁	နေပြည်တော်ရုံးအမှတ်(၃)	နေပြည်တော် ရုံးအမှတ်(၃)အစည်းအဝေးခန်းမ ပေ(၂၀×၁၂၀)ပြင်ဆင်ဖွဲ့စည်းခြင်းလုပ်ငန်း

တင်ဒါပိတ်ရက်နှင့်အချိန် - ၇-၁၁-၂၀၁၃ရက် ၁၃း၀၀နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် သတင်းစာပါ ကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်အချက်အလက်များကို အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

စီမံရေးရာဌာနခွဲ
ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန
ရုံးအမှတ်(၃)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၀၈၂၃၁၊ ၄၀၈၀၁၂၊ ၄၀၈၄၂၆၊ ၄၀၈၄၃၃

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၉)ရပ်ကွက်၊ ကန်လမ်း၊ အမှတ် ၃၂၊ ဘီ (၂)၊ အခန်း(၇) ခေါင်းရင်းခန်းဟု ခေါ်တွင်သော တိုက်ခန်းအား တိုက်ခန်းပိုင်ရှင် ဒေါ်ဥမ္မာခင် [၁၂/ကတတ(နိုင်)၀၂၁၆၅၈]နှင့် ဦးလှကြိုင်[၁၂/လမန(နိုင်)၀၆၉၈၇၈] တို့က တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသဖြင့် ကျွန်တော် ဦးသက်ဇင်[၁၂/ဥကမ(နိုင်)၀၉၇၀၆၇] မှ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်မှုရှိပါက ကျွန်ုပ်ထံသို့ စာရွက်စာတမ်းမူရင်းအစုံအလင်ဖြင့် ကြော်ငြာပါသည့်ရက်မှ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ရန် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးသက်ဇင်
[၁၂/ဥကမ(နိုင်) ၀၉၇၀၆၇]
ကန်ရိပ်မွန်ကွန်ဒို၊ (၁၀) ရပ်ကွက်၊
လှိုင်မြို့နယ်၊ ဖုန်း-၀၉ ၅၀၀၃၄၅၅)

ကန့်ကွက်ရန်ကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ဖလမ်းကွက်သစ်၊ မြေကွက်အမှတ် (၈၃)၊ အမည်ပေါက် ဦးနာကဒါစူး၏ မြေကွက်ကို လက်ရှိလက်ဝယ်ပိုင်ဆိုင်သူ ဒေါ်တင်ဝင်း (ခ)ဒေါ်တင်တင်ဝင်း မှတ်ပုံတင်အမှတ် [၁၂/သလန(နိုင်)၀၁၈၄၇၁] မြေကွက်စလစ်(မူရင်း)နှင့် အရောင်းအဝယ်စာချုပ်(မူရင်း) တင်ပြပြီးမြေချပါမစ်ထုတ်ပေးပါရန်လျှောက ထား လာသဖြင့် ကြော်ငြာပါသည့်နေ့မှစ၍ (၁၄) ရက်အတွင်း အထောက်အထားမူရင်းများတင်ပြ၍ ကန့်ကွက်လွှာ တင်သွင်းနိုင်ကြောင်း နှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့် ကွက်ခြင်းမရှိပါက မြေချပါမစ်ထုတ်ပေးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။ မြေယာရုံးခွဲ(၂)၊ မြေနှင့်အခွန်ဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

စာအုပ်စာပေလူ့မိတ်ဆွေ

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန
ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန် (၁)၊ (၂)၊ (၃)
ဇုန်ကော်မတီများ အသစ်ရွေးချယ်ရေးကြေညာခြင်း

ရန်ကုန်မြောက်ပိုင်းခရိုင်၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေး အထူးဇုန် (၁)၊ (၂)၊ (၃) ဇုန်ကော်မတီများ အသစ်ပြန်လည်ရွေးချယ်ရေးကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၊ ညောင်နှစ်ပင် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်ရေးနှင့် ကြက်မွေးမြူရေးအထူးဇုန် ဗဟိုကော်မတီမှကြီးမှူး၍ ၁၂-၁၁-၂၀၁၃ ရက် နံနက် ၁၀ နာရီတွင် ယခင်ညောင်နှစ်ပင်ညီလာခံဝင်း အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ညောင်နှစ်ပင်အထူးဇုန်အတွင်းနေထိုင်သူ ခြံလုပ်ငန်းရှင်များအနေဖြင့် မည်သူမဆို ဝင်ရောက်အရွေးချယ်ခံနိုင်ခွင့်ရှိကြောင်း သတ်မှတ်စည်းကမ်းချက်များကို သက်ဆိုင်ရာ အထူးဇုန်စီမံခန့်ခွဲရေးကော်မတီရုံးများတွင် ၇-၁၀-၂၀၁၃ ရက်တွင် အခမဲ့ ထုတ်ယူနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဇုန်ကော်မတီရွေးချယ်ရေးကြီးကြပ်မှုကော်မတီ
တိုင်းဒေသကြီးစိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာန

ရဲဝံ့စွန့်စား စတန့်မင်းသား ချစ်ရွှေ

တင့်လွင်ဦး
(စီးပွားရေးတက္ကသိုလ်)

(အောက်တိုဘာ ၄ ရက်မှအဆက်)

“ချစ်ရွှေ” ရိုက်ကူးခဲ့သောဇာတ်ကားမှာ “စိမ်းရွှေရွှေ” (ပထမဆုံးဒုတိယခေါင်းဆောင်မင်းသား)၊ ဒွေးညီနောင် (ဒုတိယခေါင်းဆောင်မင်းသား)၊ မြဂနိုင် (ပထမဆုံး ခေါင်းဆောင်မင်းသားအဖြစ် ရိုက်ကူးခဲ့သောဇာတ်ကား)၊ နီလာရောင်၊ ကျား၊ တက်လူ၊ ရွှေမျက်နှာ၊ သတ္တိခဲ၊ ဘုန်းတော်ရှင်၊ သွေးတစ်စက်၊ ကြင်သက်ဝေ၊ စန်းရောင်ရှင်၊ မြခွာညို၊ မာနရှင်၊ မှိုင်းညိုညို၊ မင်းအာဏာ၊ အောင်မြေ၊ အောင်သပြေ၊ ဖူးစာရှင်၊ အသားမင်းသား၊ စောရင်လေး၊ မြမျက်ချယ်နှင့် ဖွဲ့၊ အခြားရိုက်ကူးခဲ့သော ဇာတ်ကားများလည်း ကျန်ရှိနိုင်ပါသည်။ စတန့်ပြကွက်ပေါင်းများစွာအနက်မှ “ချစ်ရွှေ”၏ ထူးခြားသည့် စွန့်စားခန်းတို့ကို ရွေးထုတ်တင်ပြပါရစေ။

“စိမ်းရွှေရွှေ” ဇာတ်ကားတွင် ကတ္တူလှေကြီး၏ ပေ ၁၂၀ မြင့်သော ရွက်တိုင်ထိပ်မှ ရေထဲသို့ ဒိုင်ဗင်ထိုးချခဲ့သည်။

“ဒွေးညီနောင်” ဇာတ်ကားတွင် ၁၉၃၄ ခုနှစ် နှစ်ဆန်းမှ ဖွင့်လှစ်ခဲ့သည့် ပူပူနွေးနွေး၊ အသစ်စက်စက် “စစ်ကိုင်းတံတား”ပေါ်မှ ဧရာဝတီမြစ်ထဲသို့ ဒိုင်ဗင်ထိုးချခဲ့သည်။ ထိုဇာတ်ကားထဲမှာပင် လေးထပ်တိုက်ခေါင်မိုးမှ ဝင့်ကြွားလှပစွာ ဒိုင်ဗင်ထိုးချခန်းမှာ ပရိသတ်အသက်ရှူမှားစရာ။

“မြဂနိုင်” ဇာတ်ကားသည် ဝတ္ထု၏ကောင်းခြင်း၊ ဒါရိုက်တာ၏ကောင်းခြင်း၊ ချစ်ရွှေ၏ကောင်းခြင်းနှင့် သက်ဆိုင်သူများ၏ကောင်းခြင်းတို့ကြောင့် မြန်မာ့ရုပ်ရှင်သမိုင်း၏ဂန္ထဝင်စံတင်ဇာတ်ကားဖြစ်ခဲ့ရသည်။ ဘယ်အခါကြည့်ကြည့် မရိုး၊ ထိုခေတ်ထိုကာလက စက်မှုနည်းပညာမဖွံ့ဖြိုးသေးသော်လည်း ရှိတာလေးနဲ့လှအောင်ဝတ်ပြီး မြန်မာ့ရုပ်ရှင်အဆင့်ကို မြှင့်နိုင်ခဲ့သည်။ ချစ်ရွှေ၏ကျစ်လျစ်သန်မာအချိုးအစားကျသော ခန္ဓာကိုယ်၊ ဖျတ်လတ်သွက်လက်သော လှုပ်ရှားမှု၊ ဘားကျွမ်း၊ ဒိုင်ဗင်ကျွမ်းနှင့် ကျွမ်းကျင်သေသပ်လှပေသော “ကြောင်” ကျ၊ ရဲဝံ့စွန့်စားသောသတ္တိတို့ကြောင့် အခြားသော စတန့်ကားများနှင့်မတူတစ်မူထူးခြား၊ “မြဂနိုင်”သည် ကျော်ကြားမှု အားကောင်းခဲ့သည်။ ဇာတ်လမ်းအစ ပုလိပ်လိုက်၍ပြေးရသော အခန်းတွင် ရှေ့ကျွမ်း၊ နောက်ကျွမ်း၊ ပတ်လည်ကျွမ်း၊ ဒိုင်ဗင်များအပြင် မော်တော်ဆိုင်ကယ်ကိုဝေ့ကာ ဝိုက်ကာ၊ စောင်းကာစိုက်ကာ အပြင်းမောင်းနှင်ခြင်း၊ ချောက်ကမ်းပါးတစ်ဖက်မှ တစ်ဖက်သို့ အလျားခုန်ကူးခြင်း၊ သွပ်ထရံကို ဝါးလုံးထောက်ခုန်၍ ကျော်လွှားခြင်းတို့ဖြင့် စွန့်စားပုံ မထပ်စေရဘဲ ရဲရဲတောက်လုပ်ဆောင်ပြသွားသည်မှာ ဩဘာလက်ခုပ်သံ ညံမစဲ ရုံကွဲမတတ်ပင်။

မြန်မာပြည်တွင် ဧရာမမီးပုံးပျံကြီးဖြင့် ဝေဟင်ယံ ထက် အမြင့်ပေ ၄၀၀၀ ကျော်တက်၍ ကောင်းကင်ဘားကစားပြသူမှာ “ဦးကျော်ရင်” တစ်ဦးတည်းသာရှိခဲ့ရာ “မြဂနိုင်” ဇာတ်ကားတွင်“ဦးကျော်ရင်”စီးမည့် မီးပုံးပျံကြီးအား လုယက်စီးနင်း ပြေးသွားသည့်အတွက် ဒုတိယမြောက် မီးပုံးပျံသူရဲကောင်းဟု ပြောရမလို၊ မြဂနိုင်တောအုပ်အတွင်း သစ်ပင်တစ်ပင်မှ တစ်ပင်သို့ ယှက်နွယ်နေသည့် နွယ်ပင်ကြီးများကိုတွဲခိုစီးရင်း လျင်မြန်ပေါ့ပါးခုန်ကူး သွားပုံများမှာ “မြန်မာတာဇံ”ဟု ဆိုရမလို။

နီလာရောင်ဇာတ်ကားတွင် စတန့်မင်းသားချစ်ဆွေ မိကျောင်းနှင့် သတ်ပုတ်ခဲ့စဉ်။

အေဝမ်းဖလင်မှ ဝတ္ထုဒဂုန် မြတ်လေးနွယ်၊ ဒါရိုက်တာ အေဝမ်းဦးတင်မောင်ရိုက်ကူးခဲ့သည့် “နီလာရောင်” ဇာတ်ကားတွင် “ချစ်ရွှေ”၊“ညွှန့်ညွှန့်ခင်”တို့ ခေါင်းဆောင်ပါဝင်ခဲ့သည်။ “ချစ်ရွှေ”နှင့် မိချောင်းအရှင်လတ်လတ် သတ်ပုတ်ခန်းကို ကြံကြံဖန်ဖန်ဇာတ်ကွက်ဆင်ခဲ့ကြသည်။

> **“မိကျောင်းငါးကောင်ကို တစ်ကောင်လျှင် တစ်ရာကျပ်ဖြင့် ဝယ်ယူ... ၁၉၃၅ ခုနှစ်ဝန်းကျင်က ရွှေတစ်ကျပ်သားဆယ့်နှစ်ကျပ်... ရုပ်ရှင်ကားကောင်း တစ်ကားပီပြင်စွာ ပေါ်ထွက်ရေးအတွက် အကျိုးအမြတ်ကို အဓိကမထား... မိကျောင်းများကို အေဝမ်းခြံအတွင်း ရေကန်ကြီးတူး၍မွေးမြူ... “ချစ်ရွှေ” ကို ကြိုက်ရာတစ်ကောင်ရွေး၍ သတ်ပုတ်စေခဲ့။”**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ပျဉ်ခရိုင်ကျေးရွာဘက်မှ မိကျောင်းငါးကောင်ကို တစ်ကောင်လျှင် တစ်ရာကျပ်ဖြင့် ဝယ်ယူခဲ့ပြီး သင်္ဘောဖြင့်ရေကြောင်းမှ သယ်ယူလာရာ လမ်းတွင် တစ်ကောင်သေသွားသည့်အတွက် မော်လမြိုင်ကျွန်းဘက်မှ ထပ်မံဝယ်ယူရပြန်သည်။ ထိုမိကျောင်းများဝယ်ယူစဉ်ကာလက အင်္ဂလိပ်ခေတ် ၁၉၃၅ ခုနှစ်ဝန်းကျင် ရွှေတစ်ကျပ်သား ဆယ့်နှစ်ကျပ်၊ ရုပ်ရှင်ကားကောင်းတစ်ကားပီပြင်စွာ ပေါ်ထွက်ရေးအတွက် အကျိုးအမြတ်ကိုအဓိကမထားဘဲ ရင်းနှီးခဲ့ကြသည့် ထုတ်လုပ်သူတို့၏စေတနာကို စာဖတ်သူတို့တွက်ဆ၍ သိနိုင်မည်ထင်ပါသည်။ ထိုမိကျောင်းများကို အေဝမ်းခြံအတွင်း ရေကန်ကြီးတူး၍မွေးမြူထားခဲ့ပြီး “ချစ်ရွှေ”ကို ကြိုက်ရာတစ်ကောင်ရွေး၍သတ်ပုတ်စေခဲ့သည်။ “ချစ်ရွှေ”နှင့် မိကျောင်းသတ်ပုတ်ခန်းရိုက်ကူးရာတွင် ရှုထောင့်အမျိုးမျိုးရရှိစေရန် ကင်မရာသုံးလုံးဖြင့် ရိုက်ကူးခဲ့ကြသည်။ တစ်ပတ်ခန့်ကြိုတင်အားမွေးလေ့ကျင့်ထားသော“ချစ်ရွှေ”သည် အသွားတစ်ပေခန့်ရှိသော ဓားမြှောင်တစ်ချောင်းကို ခါးထိုးပြီး ရေထဲခုန်ချကာ မိကျောင်းကြီးကို သတ်ပုတ်ခဲ့သည်။ ကန်ပေါင်ရိုးပေါ်မှ ဒါရိုက်တာ အေဝမ်းဦးတင်မောင်နှင့် အစ်ကိုဖြစ်သူ ဒါရိုက်တာမောင်မောင်စိုးတို့က “ချစ်ရွှေ” နိုင်မည့်ပုံမပေါ်ပါက မိချောင်းကိုသတ်ပစ်ရန် သေနတ်ကိုယ်စီဖြင့်အသင့်ပြင်ထားခဲ့ကြသည်။ ချစ်ရွှေနှင့် မိကျောင်း သူတစ်ပြန်ကိုယ်တစ်ပြန်သတ်ပုတ်ကြရာ တစ်ကြိမ်တွင် မိကျောင်းကအမြီးနှင့် ရိုက်ချသည့်အတွက် ချစ်ရွှေဖင်ထိုင်ကျသွားသည်။ ချက်ချင်းပြန်ထပြီး မိကျောင်းကြီး၏ နံကြားကိုဓားမြှောင်ဖြင့် အဆုံးထိထိုးသွင်းလိုက်ရာ မိကျောင်းကိုယ်မှထွက်သောသွေးများ ရေကန်တစ်ကန်လုံး ချက်ချင်းနီသွားတော့သည်။ မိကျောင်း၏ တိုက်ကွက်အားလျော့သွားစဉ် ချစ်ရွှေကဆက်ကာဆက်ကာ နေရာအနှံ့ဓားဖြင့် ထိုးသတ်ခဲ့ရာ မိကျောင်းကြီးငြိမ်ကျသွားတော့မှ အဖွဲ့သားအားလုံးသက်ပြင်းချနိုင်ကြပြီး ချစ်ရွှေကို ဆယ်မပွေ့ဖက်ချီးကျူးကြတော့သည်။

“ချစ်ရွှေ”မှာ “မြန်မာအဆွေ-အေဝမ်းဖလင်” မှ စင်တင်ပေးခဲ့သောမင်းသားဖြစ်ပြီး ချစ်ရွှေနှင့် ရိုက်ကူးခဲ့သော ရုပ်ရှင်ကုမ္ပဏီများမှာ မြန်မာအဆွေ-အေဝမ်းဖလင်၊ ဗြိတိသျှဘားမား၊ ဇမ္ဗူ့မိတ်ဆွေ၊ သက်နှင်းဘရားသား၊ ပဲရော့ ရုပ်ရှင်နှင့် ရန်ကုန်ရုပ်ရှင်တို့ဖြစ်ကြပြီး မြန်မာအဆွေ-အေဝမ်းဖလင်နှင့် ဇာတ်ကားအများဆုံးရိုက်ကူးခဲ့သည်။

မျိုးချစ်စိတ်ဓာတ်ရှိသူပီပီ တိုင်းပြည်လွတ်လပ်ရေးအတွက် စစ်ထဲသို့ဝင်ရောက်သွားခဲ့ရာ ရှေ့တန်းတွင် ကျဆုံးသွားခဲ့ကြောင်း သတင်းကြားသိရသည်။ ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးတို့၏ အစွမ်းအစကို ဖော်ထုတ်ပြသရင်း မြန်မာ့ရုပ်ရှင်အတွက် တစ်ထောင့်တစ်နေရာမှ စွမ်းဆောင်ပြခဲ့သည့် ချစ်ရွှေ (ခ) ချစ်ဆွေ (ခ) ရဲခေါင်ချစ်ဆွေအား လေးစားဂုဏ်ပြုသောအားဖြင့် ဤဆောင်းပါးကို ရေးသားပါသည်။

(သတင်းနှင့် မှတ်တမ်းများကူညီပံ့ပိုးပေးသည့် မြန်မာ့ရုပ်ရှင် သမိုင်းပြတိုက်ကြီးကြပ်ရေးကော်မတီနှင့် ဒါရိုက်တာ အေဝမ်းသိန်းထွန်းအား အထူးကျေးဇူးတင်လျက်)



အနုပညာနှင့် အားကစား

ဒုတိယကမ္ဘာစစ်အတွင်းမှဖြစ်ရပ်မှန်တစ်ပုဒ် ဩစတြေးလျတွင် ရုပ်ရှင်အဖြစ် ဖန်တီးမည့် ဂျိုလီ

ဟောလိဝုဒ်မင်းသမီးချော အိန်ဂျလီနာဂျိုလီက အမေရိကန်အိုလံပစ်အပြေးသမားဟောင်း လူးဝစ်ဇမ်ပါရီနီ၏ ဒုတိယကမ္ဘာစစ်အတွင်းက ဖြစ်ရပ်မှန်ဇာတ်လမ်းတစ်ပုဒ်အကြောင်း ရိုက်ကူးမည့် Unbroken ဇာတ်ကားအား ဩစတြေးလျနိုင်ငံ၏ ဒုတိယအကြီးဆုံးနှင့် တတိယမြောက်လူဦးရေအထူထပ်ဆုံးဖြစ်သည့် ကွင်းစလန်ပြည်နယ်တွင် ရိုက်ကူးသွားမည်ဖြစ်ကြောင်း အတည်ပြုပြောကြားသည်။

"ဒီသတင်းဟာ ကွင်းစလန်ပြည်နယ်နဲ့ ကွင်းစလန်ရုပ်ရှင်လုပ်ငန်းအတွက် သတင်းကောင်းပဲဖြစ်ပါတယ်။ ဒီလိုလာရောက်ရိုက်ကူးတဲ့အတွက် ဒေသတွင်းမှာရုပ်ရှင်

လုပ်ငန်းလုပ်ကိုင်ကြသူတွေအတွက် သာမက ပင်ကိုထူးချွန်ပြီးသားလူတွေအတွက်ပါ အမြင်သစ်တွေတိုးပွားရရှိစေနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် စီးပွားရေးလုပ်ငန်းပိုင်းဆိုင်ရာများနဲ့ ခရီးသွားလုပ်ငန်းတွေပါ ဖွံ့ဖြိုးတိုးတက်လာမယ်လို့ မျှော်လင့်ပါတယ်"ဟု ကွင်းစလန်ပြည်နယ်ယဉ်ကျေးမှုဝန်ကြီး Ian Walker က ပြောကြားခဲ့သည်။

အဆိုပါဇာတ်ကားတွင် လူးဝစ်ဇမ်ပါရီနီအဖြစ် သရုပ်ဆောင် Jack O' Connell က အဓိကပါဝင် သရုပ်ဆောင် မည်ဖြစ်ပြီး ယင်းဇာတ်ကားကို ဩစတြေးလျနိုင်ငံ ဆစ်ဒနီရှိ Fox ရုပ်ရှင်စတူဒီယိုနှင့် Village Roadshow စတူဒီယိုတို့တွင် အဓိကထားရိုက်ကူးသွားမည် ဖြစ်ကြောင်း သိရသည်။

Unbroken ဇာတ်ကားသည် ဒုတိယကမ္ဘာစစ်အတွင်းက လေယာဉ်ပျက်ကျကာ ထောင်နန်းစံခဲ့ရပြီး ပြန်လည်လွတ်မြောက်လာခဲ့သည့် အမေရိကန်အိုလံပစ်အပြေးသမားဟောင်း လူးဝစ်ဇမ်ပါရီနီနှင့် ၎င်းနှင့်အတူ စွန့်စားဖော်နှစ်ဦးတို့အကြောင်းကို ပုံဖော်ရိုက်ကူးမည့်ဇာတ်ကားတစ်ကားဖြစ်သည်။ ယင်းဇာတ်ကားကို အောက်တိုဘာ ၂၁ ရက်တွင် စတင်ရိုက်ကူးမည်ဖြစ်ပြီး ၂၀၁၄ ခုနှစ် ခရစ္စမတ်အမီ ယူနီဗာဆယ်ရုပ်ရှင်ထုတ်လုပ်ရေးမှ ဖြန့်ချိပြသသွားမည်ဖြစ်ကြောင်း သိရသည်။

Style Icon Award ဆုအတွက် မဲများ စတင်ပေးနိုင်

၂၀၁၃ ခုနှစ်အတွက် Style Icon Award ဆုပေးပွဲအခမ်းအနားကို အောက်တိုဘာ ၂၄ ရက်တွင် ကျင်းပမည်ဖြစ်ရာ ပရိသတ်များအနေဖြင့် မိမိနှစ်သက်ရာ အနုပညာရှင်များကို ယခုနှစ်၏ စတိုင်လ်အရှိဆုံးအနုပညာရှင်အဖြစ် စတင်မဲပေးရွေးချယ်နိုင်ပြီဖြစ်ကြောင်းသိရသည်။

ကိုရီးယားအနုပညာလောကတွင် ယခုနှစ်အတွက် ဩဇာအလွှမ်းမိုးနိုင်ဆုံး အနုပညာကြယ်ပွင့်များအဖြစ် အနုပညာရှင် အယောက် ၅၀ အား ဆန်ခါတင်ရွေးချယ်ထားပြီးဖြစ်ကာ ၎င်းတို့အနက်မှ ၁၀ ဦးကို ရွေးချယ်သွားမည်ဖြစ်သည်။ အဆိုပါဆုအတွက် တီဗွီ၊ ရုပ်ရှင်၊ ဂီတ စသည့် နယ်ပယ်ကဏ္ဍစုံမှ အနုပညာရှင်များပါဝင်ကြမည်ဖြစ်ပြီး ဆန်ခါတင်ဆုရှင်များစာရင်းတွင် နာမည်ကျော်ရုပ်ရှင်နှင့်ဂီတကြယ်ပွင့်များဖြစ်သည့် G-Dragon၊ SNSD၊ EXO၊ လီဆောင်ဂီ၊ ကင်မ်ဆိုဟွန်းတို့ ပါဝင်ကြပြီး အွန်လိုင်းမှ မဲပေးခြင်းကို အောက်တိုဘာ ၁၅ ရက်အထိ လက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

ဖြိုး စန္ဒာမြင့် - ရေးသားသည်

ဂျိုကိုဗစ်ထံမှ ကမ္ဘာ့အဆင့်(၁)နေရာကို ပြန်လည်ရယူမည်ဟု ရာဖေးလ်နာဒယ်ဖွင့်ဟ

စပိန်တင်းနစ်အကျော်အမော်ရာဖေးလ်နာဒယ်သည် တရုတ်အိုးပင်းတင်းနစ်ပြိုင်ပွဲ၏ နောက်ဆုံးဗိုလ်လုပွဲသို့ တက်ရောက်လာခဲ့ပြီးနောက် ပရော်ဖက်ရှင်နယ်တင်းနစ်ကစားသမား ဂျိုကိုဗစ်ထံမှ ကမ္ဘာ့အဆင့်(၁) နေရာကို ပြန်လည်ရယူမည်ဖြစ်ကြောင်းအခိုင်အမာပြောကြားခဲ့သည်။

ငွေကြယ်

ဒူးဒဏ်ရာကြောင့် ကစားသမားဘဝ ခေတ္တနားထားပြီးနောက် တင်းနစ်လောကသို့ ပြန်လည်ဝင်ရောက်လာခဲ့သည့် အသက်(၂၇)နှစ်အရွယ် စပိန်တင်းနစ်ကြယ်ပွင့် ရာဖေးလ်နာဒယ်သည် ယခုနှစ်တင်းနစ်ရာသီတွင် ပြင်သစ်အိုးပင်းနှင့် အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲများတွင် ချန်ပီယံဆုဖလားများ ရရှိခဲ့သူဖြစ်သည်။

တင်းနစ်အကျော်အမော်ရာဖေးလ်နာဒယ်သည် ဒူးဒဏ်ရာကြောင့် ရှစ်လကြာအနားယူခဲ့ပြီး ဖေဖော်ဝါရီလတွင် တင်းနစ်လောကသို့ တစ်ကျော့ပြန်လည်ဝင်ရောက်လာခဲ့သူဖြစ်ကာ နောက်ဆုံးဗိုလ်လုပွဲ(၁၂)ကြိမ်အထိ တက်ရောက်ခဲ့ရာတွင် (၁၀)ကြိမ်အနိုင်ရရှိခဲ့သည့် တင်းနစ်ကစားသမားတစ်ဦးဖြစ်သည်။

ဂျိုကိုဗစ်သည် လွန်ခဲ့သည့်နှစ်နှစ်ကျော်က စပိန်တင်းနစ်အကျော်အမော် ရာဖေးလ်နာဒယ်ထံမှ ကမ္ဘာ့အဆင့်(၁)နေရာကို ရယူခဲ့သူဖြစ်ပြီး လက်ရှိတွင် ရာဖေးလ်နာဒယ်အနေဖြင့် တရုတ်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် နိုင်ပွဲရယူကာ ဂျိုကိုဗစ်ထံမှ ကမ္ဘာ့အဆင့်(၁)နေရာကို ပြန်လည်ရယူမည်ဖြစ်ကြောင်း ရာဖေးလ်နာဒယ်က လူသိရှင်ကြားပြောကြားခဲ့သည်။

ရီးယဲလ်မက်ဒရစ်နှင့် စာချုပ်ရန် ဆွာရတ်ဇ် စောင့်စားနေ အန်ဖီးလ်ကို စွန့်ခွာရန်လည်း ဆန္ဒရှိနေဆဲဖြစ်ကြောင်း ကာဗာနီပြောကြား

လီဗာပူးအသင်းမှ ဥရုဂွေးတိုက်စစ်မှူး လူးဝစ်ဆွာရတ်ဇ်သည် စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းနှင့် စာချုပ်ချုပ်ဆိုကာ ဘာနေဗျူးသို့ ပြောင်းရွှေ့ကစားရန် စောင့်စားနေသည့်အပြင် လက်ရှိကလပ် လီဗာပူးအသင်းကို စွန့်ခွာရန်လည်း ဆန္ဒရှိနေဆဲဖြစ်ကြောင်း ဥရုဂွေးအသင်းကစားဖော် ကာဗာနီက အခိုင်အမာပြောကြားခဲ့သည်။

တိုက်စစ်မှူး ဆွာရတ်ဇ်သည် ၁၀ ပွဲပြစ်ဒဏ်ကျခံခဲ့ရပြီး ပြီးခဲ့သည့်သီတင်းပတ်က လီဗာပူးအသင်းနှင့်အတူ ပါဝင်ပွဲထွက်ကစားလာနိုင်ခဲ့သည့်အပြင် ဆန်းဒါးလန်းအသင်းနှင့် ကစားခဲ့စဉ်တွင်လည်း လီဗာပူးအသင်းအတွက် နှစ်ဂိုးသွင်းယူပေးခဲ့သူဖြစ်သည်။ဆွာရတ်ဇ်သည် ပွဲပယ်ပြစ်ဒဏ်များ ကျခံခဲ့ရပြီးနောက် အသင်းမှထွက်ခွာမည်ဆိုသည့် သတင်းများ ထွက်ပေါ်ခဲ့ပြီးနောက် အာဆင်နယ်အသင်းက ပေါင် သန်း ၄၀ နှင့် တစ်ပေါင် ပေး၍ ကမ်းလှမ်းလာခဲ့သော်လည်း လီဗာပူးအသင်းက ငြင်းဆိုခဲ့သည်။ လက်ရှိတွင်မူ ဆွာရတ်ဇ်အနေဖြင့် ရီးယဲလ်မက်ဒရစ်သို့ ပြောင်းရွှေ့ကစားရန် အိပ်မက်မက်နေဆဲကာလထဲမှာပင် ရှိနေသေးကြောင်း ဥရုဂွေးကစားဖော် ကာဗာနီက ဖွင့်ဟပြောကြားခဲ့သည်။

လီဗာပူးအသင်း၏ အားကစားဒါရိုက်တာအဖြစ် ကင်နီဒဲလ်ဂလစ်ရှ် အန်ဖီးလ်သို့ ပြန်လာဖို့ရှိ

စကော့တလန်နိုင်ငံ ဂလက်စဂိုးမြို့သား ကင်နီဒဲလ်ဂလစ်ရှ်သည် လီဗာပူးအသင်းမန်နေဂျာအဖြစ်မှ ထုတ်ပယ်ခံခဲ့ရပြီး ၁၇ လကြာခဲ့ပြီးနောက် လီဗာပူးအသင်း၏ အားကစားဒါရိုက်တာတစ်ဦးအဖြစ် အန်ဖီးလ်သို့ ပြန်လာဖို့ရှိနေကြောင်း သိရသည်။

ကင်နီဒဲလ်ဂလစ်ရှ်သည် ကစားသမားဘဝတွင် လီဗာပူးကစားသမားတစ်ဦးအဖြစ် ပါဝင်ကစားပေးခဲ့သည့်အပြင် လီဗာပူးနည်းပြအဖြစ် နှစ်ကြိမ်တိုင်တိုင် ကိုင်တွယ်ခဲ့သူဖြစ်သည်။ ကင်နီဒဲလ်ဂလစ်ရှ်သည် ၎င်း၏ လီဗာပူးအသင်းနည်းပြ ဒုတိယသက်တမ်းတွင် ပရီမီယာလိဂ်ရှစ်ပွဲ ကိုင်တွယ်ခွင့်ရရှိခဲ့ပြီးနောက် နည်းပြအဖြစ်မှ ထုတ်ပယ်ခြင်းခံခဲ့ရသူဖြစ်သည်။

လီဗာပူးကစားသမားဘဝတွင်လည်း ပွဲပေါင်း ၅၁၅ ပွဲပါဝင်ကစားပေးခဲ့ရာတွင် ၁၇၂ ဂိုးအထိ သွင်းယူပေးခဲ့သော ကစားသမားတစ်ဦးဖြစ်သည်။ ကစားသမားဘဝတွင် ဆဲလ်တစ်၊ လီဗာပူးနှင့် စကော့တလန်နိုင်ငံလက်ရွေးစင်အသင်းများတွင် ပါဝင်ကစားပေးခဲ့ပြီး နည်းပြဘဝဖြင့် လီဗာပူး၊ ဘလက်ဘန်း၊ နယူးကာဆယ်၊ ဆဲလ်တစ် စသည့်အသင်းများကို အကောင်းမွန်ဆုံးရလဒ်များ ရရှိအောင် စွမ်းဆောင်ပေးခဲ့သူဖြစ်သည်။ လက်ရှိတွင် လီဗာပူးအသင်းပိုင်ရှင် အမေရိကန် Fenway Sports Group ၏ ဖိတ်ကြားမှုကို လက်ခံခဲ့ပြီး လီဗာပူးအသင်းအားကစား ဒါရိုက်တာတစ်ဦးအဖြစ် အန်ဖီးလ်သို့ ပြန်လာရန်ရှိနေကြောင်း သတင်းများထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

တပ်ကုန်း၌ စိတ်ကြွဆေးပြားများသိမ်းဆည်းရမိ

တပ်ကုန်း အောက်တိုဘာ ၅

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းတင်၏ ညွှန်ကြားမှု၊ စခန်းမှူး ဒုရဲမှူးသန်းဝင်း၏ အနီးကပ်ကြီးကြပ် ကွပ်ကဲမှုဖြင့် တပ်ကုန်းမြို့မရဲစခန်းမှ ဒုစခန်းမှူး ရဲအုပ်ဖြူထွန်းစိန်၊ ဒုရဲအုပ် အောင်ပြည့်စုံ၊ ဒုရဲအုပ် ကျော်မင်းထွန်း နှင့် ခေတ္တနယ်ထိန်းခေါင်းဆောင် ရဲတပ်ကြပ်ကြီး စိုးလွင်နှင့်အဖွဲ့သည် ခရမ်းစပ်ကုန်းကျေးရွာရှိ ဦးညိုဝင်း၏ နေအိမ်၌ သီပေါမြို့မှ ဒေါ်သန်းသန်း နွယ်ဆိုသူသည် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချရန် ရောက်ရှိနေ ကြောင်း သတင်းအရသက်သေများနှင့် အတူ ဝင်ရောက်ရှာဖွေစစ်ဆေးရာ ဦးညိုဝင်း၏ဇနီး ဒေါ်ညိုညိုအေး၏ ပြောပြချက်အရ မူးယစ်ဆေးဝါးများကို ရွာအပြင်ဘက် လယ်ကွင်းဘေးရှိ မန်ကျည်းပင် အောက်တွင် ဒေါ်သန်းသန်းနွယ်ဝှက်ထားကြောင်း သိရသဖြင့် ဦးညိုဝင်း၊ ဒေါ်ညိုညိုအေး၊ ဒေါ်သန်းသန်းနွယ်တို့ သုံးဦးအပါအဝင် သက်သေများနှင့်အတူ ရှာဖွေတူးဖော်ရာ မန်ကျည်းပင်အောက် မြေကြီးထဲမှ ပလတ်စတစ်ဘူး အဖြူနှင့်ထည့်လျက် (WY)စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၁၁ ပြား၊ အစိမ်းရောင် နှစ်ပြား စုစုပေါင်း ၁၁၃ ပြား ဖမ်းဆီးရမိသဖြင့် ၎င်းတို့ သုံးဦးအား တပ်ကုန်းမြို့မရဲစခန်းမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများ ဥပဒေပုဒ်မ ၁၅/၁၉(က)/၂၁ ဖြင့် အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(အပေါ်ပုံ)

(ဝ၉၂)

မန္တလေးမြို့တွင် သုံးလောင်းပြိုင်လူသတ်မှုဖြစ်ပွား

မန္တလေး အောက်တိုဘာ ၅

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မြို့သစ်(၁)ရပ်ကွက် တ-ရ(၆၉)လမ်းနှင့် နှင်းဆီလမ်းထောင့်ရှိ Panasonic ကုမ္ပဏီတွင် အောက်တိုဘာ ၁ ရက် ညက သုံးလောင်းပြိုင် လူသတ်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁ ရက် နံနက် ၆ နာရီခွဲခန့်က Panasonic ကုမ္ပဏီရုံးခန်းနှင့် ဂိုထောင်တွဲလျက်သို့ အရောင်းဝန်ထမ်း သက်ပိုင်စိုး(၂၇)နှစ်က ပစ္စည်းများ ထုတ်ယူရန် ရောက်ရှိချိန်တွင် ခြံဝင်းတံခါးပွင့်နေပြီး အတွင်းတွင် လူသုံးဦးလဲကျနေသည်ကို တွေ့ရသဖြင့် ဒါရိုက်တာ ဦးလှဖုန်းကျော်ထံ အကြောင်းကြားခဲ့သည်။

လဲကျနေသူများမှာ ဦးဟန်သောင်း(၇၀)နှစ် Pss ကုမ္ပဏီလုံခြုံရေးဝန်ထမ်း ဈေးချိုရပ်ကွက် အမရပူရမြို့၊ ဦးတင်လှိုင်(၅၄)နှစ် Pss ကုမ္ပဏီလုံခြုံရေးဝန်ထမ်း ဈေးချိုရပ်ကွက် အမရပူရမြို့နှင့် ဒေါ်ကြည်ဟန်တို့ဖြစ်ကြသည်။ လဲကျနေသူ သုံးဦးတွင် မျက်နှာနှင့်ဦးခေါင်းတို့တွင် ထုရိုက်ထားသည့် ဒဏ်ရာများဖြင့် သေဆုံးနေကြောင်း တွေ့ရသည်။ ကုမ္ပဏီအတွင်း ပစ္စည်းများပျောက်ဆုံးမှုမရှိဘဲ သေဆုံးမှုနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးဖော်ထုတ်လျက်ရှိပြီး ဖြစ်စဉ်နှင့် ပတ်သက်၍ အမှတ်(၁၁)ရဲစခန်းက (ပ) ၄၉၈/၂၀၁၃၊ ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ ၃၀၂ အရ အမှုဖွင့်ထားကြောင်း သိရသည်။

(မောင်ပြည်သူ-မန္တလေး)

ရေတွင်းထဲမှ လူသေအလောင်းတွေ့ရှိ

ရန်ကုန် အောက်တိုဘာ ၅

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးကျေးရွာ အုပ်စု ကာယရပ်ကွက် ကာယ(၁၀)လမ်းတွင် အောက်တိုဘာ ၃ ရက်က အမျိုးသမီးတစ်ဦး အကာအရံမဲ့ ရေတွင်းထဲတွင် သေဆုံးနေကြောင်း သိရသည်။

သေဆုံးသူအမျိုးသမီးမှာ မင်္ဂလာဒုံမြို့နယ် သဃ်န်းကျွန်းကြီးကျေးရွာ အုပ်စု ကာယရပ်ကွက် ကာယ(၁၀)လမ်းနေသူ မ--- အသက်(၃၄)နှစ်ဖြစ်သည်။ ရေတွင်းမှာ ကာယ(၁၀)လမ်းနေ ဒေါ်---၏ အိမ်ခြံဝင်းအတွင်း၌ရှိသော အကာအရံမဲ့ ရေတွင်းဖြစ်ပြီး ရေတွင်းမှာ အကျယ်လေးပေ၊ အနက် ၁၂ ပေနှင့် ရေအမြင့် ၁၀ ပေဖြစ်သည်။

ယင်းဖြစ်စဉ်နှင့် ပတ်သက်ပြီး မင်္ဂလာဒုံမြို့မရဲစခန်းမှ ဒုရဲအုပ် သန်းစိုးပါတပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးပြီး မြောက်ဥက္ကလာပဆေးရုံမှ လက်ခံထားရှိကာ မင်္ဂလာဒုံမြို့မ ရဲစခန်းမှ သေမှုသေခင်းအမှတ် ၃၂/၂၀၁၃ ဖြင့် အမှုဖွင့်ထားကြောင်း သိရသည်။

(၆၈၄)

(၁၆)မိုင် စစ်ဆေးရေးဂိတ်တွင် ကျောက်စိမ်းတုံးများ သိမ်းဆည်းရမိ

ပုသိမ်ကြီး အောက်တိုဘာ ၅

မန္တလေးခရိုင် ပုသိမ်ကြီးမြို့နယ် (၁၆) မိုင် စစ်ဆေးရေးဂိတ်တွင် စက်တင်ဘာ ၂၅ ရက် ည ၇ နာရီခွဲက အကောက်ခွန် ဦးစီးဌာန နယ်မြေရဲစခန်း အုန်းချော စခန်းမှူးနှင့် အဖွဲ့တို့ပါဝင်သော ပူးပေါင်းအဖွဲ့သည် မန္တလေးမှမူဆယ်သို့ ထွက်ခွာလာသော စူပါကာစတန်ယာဉ်အား စစ်ဆေးရာ ကွမ်ရင်မယ်တော် ကျောက်စိမ်းရုပ်တုနှင့်အတူ ယာဉ်နောက်ခန်းတွင် သယ်ဆောင်လာသော သုံးပေပတ်လည်ကျောက်စိမ်း နှစ်တုံးနှင့် လေးပေပတ်လည်ကျောက်စိမ်း သုံးတုံးတို့ကို တွေ့ရှိသဖြင့် သိမ်းဆည်းပြီး သယ်ဆောင်လာသူ သံတောင်ပြည်သူ့စစ်အဖွဲ့မှ ဦးရန်နိုင်စန်းနှင့် မင်းမင်းဦး တို့နှစ်ဦးအား အုန်းချောရဲစခန်းက (ပ) ၁၂၅/၂၀၁၃ ကျောက်မျက်ဥပဒေပုဒ်မ ၄၂(က)အရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(ကိုကိုကြီး-မန္တလေး)

သင့်သွေးဖြင့် အသက်ကယ်ပါ

တောင်ဥက္ကလာပ၌ ကြိုးဆွဲချအဆုံးစီရင်မှုဖြစ်ပွား

ရန်ကုန် အောက်တိုဘာ ၅

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် တကောင်း (၂)လမ်းတွင် အမျိုးသားတစ်ဦး မိမိကိုယ်မိမိကြိုးဆွဲချအဆုံးစီရင်လျက် သေဆုံးမှု ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

သေဆုံးသူမှာ အငှားယာဉ်မောင်းလုပ်ကိုင်သူ ကို-- အသက်(၃၉)နှစ် ဖြစ်ပြီး ၎င်းသည် စက်တင်ဘာ ၂၆ ရက် နံနက် ၃ နာရီအထိ နိုင်ငံခြားဘောလုံးပွဲပြီးဆုံးသည်အထိ ကြည့်နေကြောင်းနှင့် ဘောလုံးပွဲပြီးသောအခါ မိခင်နားတွင် ခေတ္တအိပ်ပါရစေဟု ခွင့်တောင်းကာ ခေတ္တအိပ်စက်ပြီးနောက် ထမင်းအိုးတစ်လုံး ကျက်သည်အထိ တည်ပေးခဲ့ကြောင်း မိသားစုထံမှသိရသည်။ ထိုနေ့ နံနက် ၅ နာရီခန့်တွင် ဦးလေးတော်စပ်သူ အိပ်ရာမှနိုးလာသည့်အခါ မီးဖိုခန်းတွင် ကြိုးတန်းလန်းနှင့်သေဆုံးနေသော ကို-- ကို တွေ့ရှိခဲ့သည်ဟု ဆိုသည်။ **(ဝင်းမြင့်ထွန်း)**

သတိပေးနှိုးဆော်ချက်

ယခုအခါမိုးရာသီကာလ ရောက်ရှိနေပြီဖြစ်ပါ၍ ပင်လယ်ကမ်းရိုးတန်းများနှင့် မြစ်ချောင်းကမ်းဘေးများတွင် နေထိုင်သော ပြည်သူများသည် ရုတ်တရက် ရေကြီးရေလျှံမှုကြောင့် ဘေးအန္တရာယ်များကြုံတွေ့နိုင်သည့်အပြင် ပင်လယ်၊ မြစ်ချောင်းများတွင် သွားလာနေသော ရေယာဉ်များသည်လည်း ရာသီဥတုကြောင့် လည်းကောင်း၊ မတော်တဆမှုကြောင့် လည်းကောင်း၊ တိမ်းမှောက်မှုများဖြစ်ပေါ်လာနိုင်သဖြင့် ရေဘေးအန္တရာယ်ကြောင့် မိဘပြည်သူများ အသက်ဆုံးရှုံးမှုမရှိစေရန် အိမ်တိုင်း၊ ရေယာဉ်တိုင်းတွင် အသက်ကယ်ဝတ်စုံ (Life Jackets) များ ဆောင်ထားကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **မီးသတ်ဦးစီးဌာန**



အလုပ်ခွင် သင်တန်းသား ဝန်ထမ်းများ အလိုရှိသည်

Forwarding, Supply Chain Management, Project Cargo Handling,Exhibition စသည့် လုပ်ငန်းများတွင် လိုအပ်သော နေရာများ၌ ခန့်ထားရန် On Job Training (OJT) ဝန်ထမ်းများ လိုအပ်ပါသည်။

(၁) **OJT** (တက္ကသိုလ်တက်ရောက်နေသည့် ထူးချွန်လူငယ်များ)
ကျား/မ ၁၅ ဦး

(၂) **KEY ACCOUNT COORDINATOR** (တက္ကသိုလ်ဘွဲ့ရ)
ကျား/မ ၅ ဦး

(က) အင်္ဂလိပ်စာ ကျွမ်းကျင်ရန် လိုအပ်ပါသည်။ အင်္ဂလိပ်စာနှင့် အခြားဘာသာ ကျွမ်းကျင်ပါက ပို၍ အခွင့်အလမ်း ရှိပါသည်။

(ခ) ငယ်ရွယ်သွက်လက်တက်ကြွ၍ လေ့လာသင်ယူဆည်းပူးနိုင်မှု၊ တာဝန်ယူနိုင်မှု၊ တိုးတက်အောင်မြင်အောင်စွမ်းဆောင်နိုင်မှု စသည့်ကိုယ်ပိုင်အရည်အချင်းများ ရှိရပါမည်။

(ဂ) OJT ဝန်ထမ်းများအား OJT ပြီးလျှင် သင့်လျော်ရာ ရာထူးနေရာဌာနများ၌ ခန့်အပ်ပါမည်။

(ဃ) တိုးချဲ့မည့် လုပ်ငန်းဌာနများဖြစ်၍ အရည်အချင်းရှိသူ လူငယ်များအတွက် လစာကောင်းသည့် အဆင့်မြင့်ရာထူးများ ရရှိနိုင်ပါသည်။

အမှတ် ၀၁-၀၁ ဒဂုံတာဝါ၊ ၁၉၀-၁၉၂၊ ရွှေဂုံတိုင်လမ်း၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၅၄၄၃၄၀၊ ၅၄၄၃၄၁၊ ၅၄၂၇၈၈၊ ၅၄၃၁၉၈၊ ၅၅၈၃၀၀

ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တောင်ကြီးမြို့သည် အောက်ဖော်ပြပါ မော်တော်ယာဉ်(၁၁၉)စီးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က)	Pajero	(၁) စီး
(ခ)	Van	(၅၉) စီး
(ဂ)	Pick Up	(၅၉) စီး

၂။ ဈေးပြိုင်အဆိုပြုလွှာပုံစံနှင့် တင်ဒါစည်းကမ်းများအား မော်တော်ယာဉ်တင်သွင်းမည့် ပုဂ္ဂိုလ်/သက်ဆိုင်ရာကုမ္ပဏီ/အဖွဲ့အစည်းကိုယ်တိုင်(သို့မဟုတ်)၎င်းတို့၏ တရားဝင် ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူကသာ ဝယ်ယူခွင့်ရှိသည်။

၃။ ဈေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့်ပုံစံများအား တစ်စုံလျှင် ၂၀၀၀၀ိ/-(ကျပ်နှစ်သောင်းတိတိ)ဖြင့် ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တောင်ကြီးမြို့တွင် ၁-၁၀-၂၀၁၃ ရက်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၄။ ဈေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့်ပုံစံကို တရားဝင်ဝယ်ယူထားသူများ၏ အဆိုပြုလွှာများကိုသာ လက်ခံမည်ဖြစ်ပါသည်။ ဈေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့်ပုံစံသည် မူရင်းဈေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့်ပုံစံဖြစ်ရပါမည်။

၅။ ဈေးပြိုင်အဆိုပြုလွှာများကို အုပ်ချုပ်ရေးမှူး၊ ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တောင်ကြီးမြို့ထံလိပ်မူ၍ ၁၄-၁၀-၂၀၁၃ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထားပြီး ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တောင်ကြီးမြို့ရှိ တင်ဒါပုံးအတွင်းသို့ တင်သွင်းရမည် ဖြစ်ပါသည်။

၆။ ဈေးပြိုင်အဆိုပြုလွှာဖွင့်ပွဲကို ၁၅-၁၀-၂၀၁၃ ရက် ၁၀း၀၀ နာရီတွင် ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တောင်ကြီးမြို့တွင် ဆောင်ရွက်မည်ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်-၀၈၁-၂၀၀၂၈၈ နှင့် ၀၈၁-၂၁၂၁၃၄၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၈။ ၁-၁၀-၂၀၁၃ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၁၃)ပါ ကြော်ငြာအား ဤကြော်ငြာဖြင့် ပြင်ဆင်လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အုပ်ချုပ်ရေးမှူး
ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
တောင်ကြီးမြို့

အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန ရုံးအမှတ်-၃၂၊ နေပြည်တော် ဈေးပြိုင်အဆိုပြုလွှာဖိတ်ခေါ်ခြင်း

၁။ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၂)၊ နေပြည်တော်မှ အောက်ဖော်ပြပါ စက်ကြီးယန္တရားအသစ်(Brand New)များကို မြန်မာငွေကျပ်ဖြင့် ဝယ်ယူလိုပါသဖြင့် ဈေးပြိုင်အဆိုပြုလွှာ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

(က)	မြေကော်စက်(Excavator)	(၆)စီး
(ခ)	မြေတူးစက် (Bulldozer)	(၆)စီး
(ဂ)	လမ်းကြိတ်စက်(Road Roller)	(၆)စီး
(ဃ)	မြေသယ်ယာဉ်(Dump Truck)	(၁၈)စီး

၂။ ဈေးပြိုင်အဆိုပြုလွှာပုံစံနှင့်တင်ဒါစည်းကမ်းချက်များအား စက်ကြီးယန္တရားများ တင်သွင်းမည့် ပုဂ္ဂိုလ်၊ သက်ဆိုင်ရာကုမ္ပဏီ အဖွဲ့အစည်းကိုယ်တိုင်(သို့မဟုတ်) ၎င်းတို့၏ တရားဝင်ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူကသာ ဝယ်ယူခွင့်ရှိသည်။

၃။ ဈေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့်ပုံစံများအား တစ်စုံလျှင် ၁၀၀၀၀ိ/-(ကျပ်တစ်သောင်းတိတိ)ဖြင့်ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် (၃၂) နေပြည်တော်တွင်လည်းကောင်း၊ စက်ပြင်နှင့် ပစ္စည်းထိန်းဌာနခွဲ၊ သဇင်ရုံလမ်း၊ ၅ ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့တွင်လည်းကောင်း၊ ၈-၁၀-၂၀၁၃ ရက်မှ ၁၇-၁၀-၂၀၁၃ ရက်အထိ ရုံးချိန်အတွင်း ဝယ်ယူရရှိနိုင်ပါသည်။

၄။ ဈေးပြိုင်အဆိုပြုလွှာတင်သွင်းရာတွင် ဌာနမှထုတ်ပေးထားသည့် အဆိုပြုလွှာပါ စာရွက်စာတမ်းများကိုသာ လက်ခံမည်ဖြစ်ပါသည်။

၅။ ဈေးပြိုင်အဆိုပြုလွှာဖွင့်ပွဲကို ၂၀၁၃ခုနှစ်၊ အောက်တိုဘာလ ၂၂ရက်၊ အင်္ဂါနေ့ ၉ နာရီတွင် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၁) နေပြည်တော်တွင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်-၀၆၇-၄၀၆၁၇၇၊ ၀၆၇-၄၀၆၃၂၀၊ ၀၆၇-၄၀၆၀၇၆၊ ၀၆၇-၄၀၆၁၁၇ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ညွှန်ကြားရေးမှူးချုပ်
ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန

အထက်မြန်မာပြည်သတင်း

ချဉ်ပေါင်ဖာလာ ပေါ် ဦးပေါ်များဈေးကောင်း၍ တောင်ပေါ်သားတို့အဆင်ပြေ

တောင်ငူ အောက်တိုဘာ ၅

တောင်ငူမြို့အရှေ့ဘက် ရိုးမတောင်ကြောပေါ်ရှိ တောင်ပေါ်ဒေသများတွင် တောင်ယာလုပ်ကိုင်သူများ၏ အဓိကဒေသထွက်ကုန် သီးနှံတစ်မျိုးဖြစ်သည့် ချဉ်ပေါင်ဖာလာ (ဒေသအခေါ် ဖာလာ)မှာ**(အောက်ပုံ)** ယခုနှစ်အောက်တိုဘာလ ဈေးကွက်အဖွင့်ရာသီတွင် ၁ ပိဿာလျှင် ကျပ် ၁၉၀၀၀ အထိ ဈေးကောင်းလျက်ရှိသောကြောင့် တောင်ယာလုပ်ကိုင်သူ တောင်ပေါ်သားတို့ စီးပွားရေးအဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ဖာလာအရောင်းအဝယ်လုပ်လာတဲ့ သက်တမ်းတစ်လျှောက် ဈေးကွက်အဖွင့်ဈေးနှုန်း ဒီလောက်မြင့်တာ ဒီနှစ်ပဲ ရှိသေးတယ်၊ အခု တစ်ပိဿာကို ကျပ်၁၉၀၀၀ လောက်နဲ့ ဝယ်ယူနေရတယ်၊ ဒီအတွက်နှုန်းကလည်း လျော့ကျတယ်ဆိုတော့ ဈေးကွက်အပိတ်မှာ ဒီထက်ဈေးမြင့်ဖို့ပဲရှိမယ်လို့ထင်တယ်၊ ဒီနှစ်ကတော့ တောင်ပေါ်သားတွေရွှေဖြစ်တဲ့နှစ်ပါပဲ" ဟု တောင်ငူမြို့ စည်ပင်သာယာရေးသီးနှံကုန်စည်လက်ကားပွဲရုံတန်း (၄မိုင်)ရှိ ဟိန်းပွဲရုံမှ ကိုမင်းသူအောင်က ပြောသည်။

ယခင်နှစ်က တစ်ပိဿာလျှင် ကျပ် ၈၀၀၀ နှုန်းဖြင့် ဈေးကွက်ဖွင့်ခဲ့ပြီး ကျပ် ၁၄၀၀၀ နှုန်းဖြင့် ဈေးကွက်ပိတ်ခဲ့ကာ သစ်တောဦးစီးဌာန တောင်ငူမြို့ စည်ပင်သာယာရေး သီးနှံကုန်စည် လက်ကားပွဲရုံတန်း (၄မိုင်)ဦးစီးအရာရှိရုံး စာရင်းများအရ ပိဿာချိန် ခုနစ်သိန်းကျော် ထွက်ရှိခဲ့ကြောင်း သိရသည်။

ချဉ်ပေါင်ဖာလာကို မြန်မာနိုင်ငံတွင် ကရင်ပြည်နယ်ရှိ လိပ်သို၊ ရာဒို၊ ဘောဂလိ၊သံတောင်ကြီး၊ ဖာပွန်ဒေသများ၊ မွန်ပြည်နယ်တွင် မော်လမြိုင်၊ ကျိုက်ထို၊ ဘီးလင်းနှင့် ရှမ်းပြည်တောင်ပိုင်းဒေသများတွင် စိုက်ပျိုးဖြစ်ထွန်းထွက်ရှိသော်လည်း ကရင်ပြည်နယ်ထွက် ဖာလာမှာဈေးကွက်တွင် မျက်နှာပန်းလှပြီး တစ်နိုင်ငံလုံး ဖာလာအထွက်နှုန်း၏ သုံးပုံနှစ်ပုံခန့် ထွက်ရှိသည်။

ချဉ်ပေါင်ဖာလာကို တရုတ်နိုင်ငံနှင့် ကိုရီးယားနိုင်ငံတို့မှ အဓိကဝယ်ယူပြီး ဟင်းခတ်အမွှေးအကြိုင်၊ ပရဆေးနှင့် ဆေးဝါးများဖော်စပ်ရန်အတွက် အသုံးပြုကြောင်း သိရသည်။ တရုတ်ပြည်ဈေးကွက်သို့ မန္တလေး၊ မူဆယ်မှတစ်ဆင့် တိုက်ရိုက်တင်ပို့ရောင်းချပြီး ကိုရီးယားနိုင်ငံသို့ ရန်ကုန်ကုမ္ပဏီမှတစ်ဆင့် တင်ပို့လျက်ရှိကြောင်းသိရသည်။ ချဉ်ပေါင်ဖာလာကို မြန်မာနိုင်ငံတွင် စားသုံးအသုံးပြုမှုမရှိသော်လည်း ပြည်ပပို့ကုန်သီးနှံဖြစ်ပြီး တောင်ယာစိုက်ပျိုးသူများအနေဖြင့်လည်း အလေ့ကျပေါက်ရောက်သည့်ပုံစံအနေဖြင့်သာ စိုက်ပျိုးပြီး စိုက်ပျိုးကုန်ကျစရိတ်သက်သာသောကြောင့် တွက်ခြေကိုက်၍ အဓိကဝင်ငွေရ သီးနှံဖြစ်ကြောင်း သိရသည်။

ကျော်စွာ(တောင်ငူ)

အိမ်ခြံမြေဈေးမြင့်တက်လျက်ရှိသည့် ပုသိမ်ကြီးမြို့နယ်

မန္တလေး အောက်တိုဘာ ၅

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်အတွင်းရှိ အဓိကလမ်းမကြီးအချို့အား ချဲ့ထွင်ပြုပြင်နေမှုများကြောင့် အဆိုပါမြို့နယ်အတွင်းရှိ အိမ်ခြံမြေဈေးမှာ အဆမတန်မြင့်တက်လာကြောင်း ယင်းမြို့နယ်ရှိ ဒေသခံများက ပြောသည်။**(ယာပုံ)**

ပုသိမ်ကြီးမြို့နယ်နှင့် မန္တလေးမြို့တွင်းသို့ အဓိကဆက်သွယ်ရာ လမ်းကြောင်းဖြစ်သော ပုသိမ်ကြီးမြို့ဝင်လမ်းအား လမ်းတစ်ဖက်တစ်ချက် ၁၂ ပေစီချဲ့ထွင်ပြုပြင်နေမှုကြောင့် အဆိုပါမြို့နယ်အတွင်းရှိ ရပ်ကွက်အချို့၏ အိမ်ခြံမြေဈေးနှုန်းများမှာ မြင့်တက်သွားခြင်းဖြစ်ကြောင်း ရပ်ကွက်နေပြည်သူတချို့က ပြောကြားသည်။

"ပုသိမ်ကြီးမြို့နယ် အတွင်းမှာ ယခင်က အိမ်ခြံမြေဈေးကွက်မရှိဘူး၊ ယခုလိုလမ်းချဲ့ထွင်ပြုပြင်မှုကြောင့် နောင်နှစ်တွေမှာ စည်ကားဖွံ့ဖြိုးလာနိုင်တဲ့အတွက် လာရောက်ဝယ်ယူကြတာပါ" ဟု ၎င်းကဆိုသည်။

ယခင်အိမ်ခြံမြေ ဈေးနှုန်းများငြိမ်သက်နေသည့် ရန်ကင်းသာယာရပ်ကွက် သုမင်္ဂလာလမ်းပေါ်ရှိ မြေဈေးများမှာ လွန်ခဲ့သည့်နှစ်များက ကျပ်သိန်း ၃၀နှင့် ၄၀ ဝန်းကျင်သာရှိခဲ့ရာမှ ယခုအခါ ကျပ်သိန်း ၂၅၀ မှ ၃၀၀ အထိ ဈေးမြင့်တက်လျက်ရှိပြီး မြောက်ဘက်လှည့်နှင့် အိမ်ပါဝင်ပါက ကျပ်သိန်း ၅၀၀ အထိ ဈေးပေးဝယ်ယူလျက်ရှိကြောင်း ရန်ကင်းသာယာရပ်ကွက်နေ ပြည်သူတစ်ဦးက ပြောပြသည်။

"အဓိကလာရောက်ဝယ်ယူသူတွေကတော့ ယခင်အိမ်ဈေးကောင်းတဲ့ သမန်းကုန်းမြို့သစ်နှင့် သိပ္ပံလမ်းတောင်ဘက်အခြမ်းက လူတွေလာဝယ်နေကြတာများတယ်၊ လာဝယ်တဲ့အကြောင်းကတော့ ပုသိမ်ကြီးမြို့နယ်က အေးချမ်းပြီး ရပ်ကွက်သန့်တဲ့အတွက်ကြောင့်"ဟု ပြောသည်။

ထို့အပြင် တရုတ်လူမျိုးများမှလည်း ၎င်းတို့ကိုယ်ပိုင်ဥယျာဉ်ခြံမြေ စိုက်ပျိုးရန်အတွက် ရန်ကင်းတောင်ဘက်ရှိ မြေအချို့အား ဈေးကြီးပေး၍ ဝယ်ယူလျက်ရှိပြီး ရပ်ကွက်အတွင်းရှိ မြေအချို့ကိုလည်း ဝယ်ယူလျက်ရှိကြောင်း၎င်းက ဆက်လက်ပြောကြားသည်။

ယခုပြင်ဆင်ချဲ့ထွင်နေသည့် လမ်းမကြီးမှာပုသိမ်ကြီးမြို့ နယ်အတွင်း နေထိုင်လျက်ရှိသော အလုပ်သမားများ မန္တလေးမြို့တွင်းသို့ သွားရောက်ရာတွင် အဓိကအသုံးပြုသည့် ယခင်က လမ်းကျဉ်းမြောင်းမှုအခက်အခဲကြောင့် ယာဉ်မတော်တဆဖြစ်မှုများ နေ့စဉ်ကြုံတွေ့နေရပြီး ယခုကဲ့သို့ လမ်းပိုင်းချဲ့ထွင်မှုကြောင့် အဆိုပါပြဿနာအား ဖြေရှင်းပေးနိုင်ပြီဖြစ်ကြောင်းလည်း သိရသည်။

မင်းထက်အောင် (မန်းကိုယ်ပွား)

ရေပေးရေးလုပ်ငန်းဆောင်ရွက်ရန် အလှူငွေပေး

စစ်ကိုင်း အောက်တိုဘာ ၅

စစ်ကိုင်းမြို့ ရွာထောင်ရပ်ကွက် ရေပေးရေးကော်မတီမှ ကြီးမှူးကျင်းပသော ကိုယ့်အားကိုယ်ကိုး ရေပေးရေးလုပ်ငန်းဆောင်ရွက်ရန် အလှူငွေပေးအပ်ပွဲ အခမ်းအနားကို စက်တင်ဘာ ၂၈ ရက်က ရွာထောင်ကျောင်းတိုက် ဓမ္မာရုံ၌ ကျင်းပသည်။

ထို့နောက် ဦးဝင်းနိုင်(လမင်းသာ)မိသားစုမှ အလှူငွေသိန်း ၂၀ နှင့် ကျန်အလှူရှင် ၁၁ ဦးတို့မှ အလှူငွေ စုစုပေါင်း ကျပ် ၂၇၈၀၀၀၀ ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်သည်။ရွာထောင်ရပ်ကွက်တွင် ရွာထောင်၊ အိုးဘို၊ ရွှေသမား၊နန်းစု၊အောင်သာယာနှင့် ပန်းဘဲတန်းရပ်များပါဝင်ပြီး ပဏာမအနေဖြင့် အိမ်ခြေ ၆၀၀ အား မြေအောက်အဝီစိစက်ရေတွင်းတူးဖော်ပြီး သောက်သုံးရေသွယ်တန်းပေးရန် ရေပိုက်လိုင်းတူးဖော်လျက်ရှိကြောင်း သိရသည်။ **(၂၂၅)**

အစိုးရ/စီးပွားရေးကြော်ငြာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များ ခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
ကျောက်မျက်ရတနာသတ်မှတ်လုပ်ကွက်နှင့် ဖော်ထုတ်လုပ်ကွက်များအတွက် အဆိုပြုလွှာများတင်သွင်းရန်
ကြေညာချက်(၇/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ခုနှစ်၊ တော်သလင်းလဆန်း(၇)ရက်
(၂၀၁၃ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်)

၁။ မိုးကုတ်ရတနာနယ်မြေနှင့် မိုင်းရှူးရတနာနယ်မြေများတွင် နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ သမဝါယမအသင်းများက မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ ကျောက်မျက်တူးဖော်ထုတ်လုပ်နေသည့် ကျောက်မျက်လုပ်ကွက်များမှ ၂၀၁၃ခုနှစ်၊ အောက်တိုဘာ၊ နိုဝင်ဘာ၊ ဒီဇင်ဘာလများအတွင်း သက်တမ်းကုန်ဆုံးသည့် သတ်မှတ်လုပ်ကွက်များ၊ ဖော်ထုတ်လုပ်ကွက်များနှင့် လစ်လပ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ(ပုဒ်မ-၁၂)၊ (ပုဒ်မ-၁၃)၊ (ပုဒ်မ-၁၅)တို့နှင့်အညီ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်များ ထုတ်ပေးရေးဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ **လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားသောကုမ္ပဏီသည် အဆိုပြုလွှာနှင့်အတူ ငွေရေးကြေးရေးခိုင်မာမှုရှိကြောင်း မြန်မာ့စီးပွားရေးဘဏ်(သို့မဟုတ်) နိုင်ငံတော်က အသိအမှတ်ပြုထားသည့် ပုဂ္ဂလိကဘဏ်တစ်ခုခုမှ (Bank Statement)ကို ပူးတွဲတင်ပြလျှောက်ထားရမည်ဖြစ်ပါသည်။**

၃။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာပြန်လည်တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)နှင့် ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်-

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာထုတ်ယူခြင်း**။ ၂၀၁၃ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်(နေပြည်တော်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများ ပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း**။ အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ(မကလ-၂)နှင့် ပုံစံ(သမ-၁) တို့တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက် အဆိုပြုလွှာ(မကလ-၅)နှင့် ပူးတွဲပုံစံ(ဖထ-၁) တို့တွင်လည်းကောင်း၊ လိုအပ်သည်များကို ပြည့်ပြည့်စုံစုံ ရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင် ချိပ်ထိုးပြီး ၂၀၁၃ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်မှ အောက်တိုဘာလ ၁၆ ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၄။ ကျောက်မျက်ရတနာလုပ်ကွက်များအတွက် ဈေးပြိုင်စနစ်ဖြင့်ချိပ်ပိတ်အဆိုပြုလွှာများ တင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင်(လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ(Deposit)ကျပ်တစ်ဆယ်သိန်းကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ အဆိုပြုလွှာတင်သွင်းရာတွင် ပေးသွင်းရပါမည်။

၅။ အမည်မည်း (Black List)စာရင်းတင်သွင်းခံရသည့် လူပုဂ္ဂိုလ်နှင့်ကုမ္ပဏီများကို ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားခွင့်မပြု(မပြု)ပါ။

၆။ အသေးစိတ်သိလိုသူများသည် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) နေပြည်တော်တွင်လည်းကောင်း၊ ရန်ကုန်မြို့ရှိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးခွဲ)တွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန (မိုးကုတ်)တွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန၊ စခန်းရုံး(မန္တလေး)တွင်လည်းကောင်း၊ ကျောက်မျက်တူးဖော်ရေးဌာန(မိုင်းရှူး)တွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး
စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာန၏ တောင်ငူ-ကမာနတ် ၅၀၀ကေဗွီ နှစ်ထပ်ဓာတ်အားလိုင်းတည်ဆောက်ရန်အတွက် လိုအပ်သော Survey တိုင်းတာခြင်းလုပ်ငန်းအား ဆောင်ရွက်ရန် နိုင်ငံခြားကျွမ်းကျင်ပညာရှင်များနှင့် ပူးပေါင်းလုပ်ကိုင်နိုင်သော ကုမ္ပဏီများသို့ မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်ရန် တင်ဒါခေါ်ဆိုလိုပါသည်။

တင်ဒါပုံစံ ရောင်းချမည့်ရက်	- ၄-၁၀-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်	- ၄-၁၁-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန်	- ၁၂း၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်။ ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

စက်မှုဝန်ကြီးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း
ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်းအတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ အမှတ် (၁) ဆေးဝါးစက်ရုံ(ရန်ကုန်) အရာရှိအိမ်ရာ၊ ရန်ကုန်အင်းစိန်လမ်းမကြီးနှင့် ဆေးဝါးစက်ရုံလမ်းထောင့်၊ အနောက်ကြို့ကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (၈. ၇၇၂) ဧကခန့်တွင် ရန်ကုန်အင်းစိန်လမ်းမဘက်ခြမ်းရှိ မြေဧရိယာတစ်ဝက်အား လုပ်ငန်းဆောင်ရွက်ခွင့်ပေးပြီး အဖိုးအခအဖြစ် ကျန်ဧရိယာတစ်ဝက်တွင် အဆင့်မြင့် ဝန်ထမ်းအိမ်ရာများကို ရေမီးအပြည့်အစုံဖြင့် အောက်ပါအတိုင်း ဆောက်လုပ်လိုပါသည်-

(က) အရာရှိကြီး အိမ်ရာ (၄ခန်းတွဲ ၁၂ ထပ်) (၁)လုံး
(ခ) အရာရှိငယ်အိမ်ရာ (၈ခန်းတွဲ ၁၂ထပ်) (၁)လုံး
(ဂ) အမှုထမ်းအိမ်ရာ (၈ခန်းတွဲ ၁၂ ထပ်)(၃)လုံး
(ဃ) 10 MVA Substation
(င) အခြားဆက်စပ်လုပ်ငန်းများ

၂။ တင်ဒါတင်သွင်းနိုင်ရေးအတွက် တင်ဒါခေါ်ယူလွှာ၊ အသေးစိတ်အချက်အလက်များဖော်ပြထားသည့် တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းများပါဝင်သည့် တင်ဒါစာရွက်စာတမ်း အပြည့်အစုံကို ငွေကျပ် ၁၀၀၀၀၀၀ (ကျပ်တစ်သန်းတိတိ)ဖြင့် ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ ငွေစာရင်းအမှတ်သို့ ပေးသွင်း၍ ငွေသွင်းချလန်ရယူပြီး ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၊ စီမံရေးဌာနတွင် ဝယ်ယူနိုင်ပါသည်။ တင်ဒါဝယ်ယူငွေအတွက် မည်သည့်အကြောင်းနှင့်မျှ ငွေပြန်အမ်းမည်မဟုတ်ပါ။

၃။ တင်ဒါစတင်ရောင်းချမည့်ရက်	-	၁၅-၁၀-၂၀၁၃ ရက် (အင်္ဂါနေ့)
တင်ဒါပိတ်မည့်ရက်နှင့် အချိန်	-	၂၀-၁၂-၂၀၁၃ ရက်(သောကြာနေ့) (၁၆း၀၀) နာရီ
တင်ဒါတင်သွင်းရမည့်နေရာ	-	ဒုတိယဝန်ကြီးရုံးခန်း၊ စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၇)၊ နေပြည်တော်။

၄။ တင်ဒါစည်းကမ်းများနှင့် တင်ဒါခေါ်ယူမည့် အချက်အလက်များကို အသေးစိတ်သိလိုပါက ဖော်ပြပါလိပ်စာသို့ ရုံးချိန်အတွင်းလာရောက် စုံစမ်းမေးမြန်းနိုင်ပါသည်။

စီမံရေးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း
ဖုန်း-၀၆၇-၄၀၈၁၄၀၊ ၄၀၈၂၇၅၊ ၄၀၈၂၇၆
(Fax) ၀၆၇-၄၀၈၁၉၅



နှစ်ပေါင်း ၂၀၀၀ ကျော် သက်တမ်းရှိ ရှေးဟောင်းဘုရားများလာရောက်ဖူးမြော်နိုင်

ရန်ကုန် အောက်တိုဘာ ၅

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် အင်းလျက်ကျေးရွာအုပ်စု ရေပြာကျေးရွာအနီး အောင်ဇမ္ဗူတောရရိပ်သာကျောင်း၌ နှစ်ပေါင်း ၂၀၀၀ ကျော်သက်တမ်းရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များကို လာရောက်ဖူးမြော်နိုင်ကြောင်း ပဓာနနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍာဝံသ (သဒ္ဓမ္မဇောတိကဓဇ) က မိန့်ကြားသည်။ အဆိုပါကျောင်းတိုက်တွင် နှစ်ပေါင်း ၂၀၀၀ နှင့် ၂၆၀၀ ဝန်းကျင်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော် ၃၀၁ ဆူကို တစ်နေရာတည်းတွင် ဖူးမြော်နိုင်မည်ဖြစ်ပြီး ကြာသပတေး၊ သောကြာ၊ စနေနှင့် တနင်္ဂနွေနေ့များတွင် နံနက် ၇ နာရီမှ ညနေ ၆နာရီအထိ လာရောက်ဖူးမြော်နိုင်ကြောင်း၊ ဆရာတော်ကြီးများနှင့် သီလရှင်ဆရာကြီးများအတွက်မူ ပိတ်ရက်မထားဘဲ အချိန်မရွေး ဖူးမြော်နိုင်ကြောင်း သိရသည်။

ရန်ကုန်မြို့မှ ရန်ကုန်-ပြည်လမ်းအတိုင်း ၂၅ မိုင်ခန့် စမ်းချောင်းဝ မှတ်တိုင်မှ အနောက်ဘက်သို့ ကွန်ကရစ်လမ်းကလေးအတိုင်း နှစ်ဖာလုံခန့် အရောက်တွင် အောင်ဇမ္ဗူတောရကျောင်းတိုက်သို့ ရောက်ရှိမည်ဖြစ်ပြီး ဆရာတော် ဖုန်း-၀၉-၄၉၂၇၈၅၈၈နှင့် ဂေါပကအကျိုးတော်ဆောင် ဖုန်း-၀၉-၄၉၀၀၂၇၄၄ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။ **(၅၉၇)**

မြို့ပြနှင့် ကျေးလက်ဆက်သွယ်သောလမ်း ကျောက်ကြမ်းခင်း

ကညွတ်ကွင်း အောက်တိုဘာ ၅

ဖြူးမြို့နယ် ကညွတ်ကွင်းမြို့အရှေ့ကျေးရွာဖြစ်သော ဆိုးပုံကွင်းကျေးရွာနှင့် ကညွတ်ကွင်းမြို့သို့ ဆက်သွယ်ထားသည့် လမ်းမကြီးအား ဆိုးပုံကွင်း အုပ်ချုပ်ရေးမှူး ဦးတင့်ဇော်နှင့် ရပ်မိရပ်ဖများ၊ လမ်းဖြစ်မြောက်ရေးကော်မတီများ၊ ကျေးရွာသားကျေးရွာသူများနှင့် အလှူရှင်များစုပေါင်း၍ အရှည်သုံးမိုင်ရှိသော မြေသားလမ်းအား ကျောက်ကြမ်းလမ်းခင်းရာ တစ်မိုင် တစ်ဖာလုံအား ငွေကျပ် ၇၅ သိန်းခန့်ကုန်ကျ၍ အဆိုပါကျောက်ကြမ်းလမ်း တိုးမြှင့်ခင်းပေးသည့်အတွက် ကျောင်းသား ကျောင်းသူများနှင့် အများပြည်သူတို့ သွားရေးလာရေး အဆင်ပြေလျက်ရှိကြောင်း သိရသည်။**(ဝဲပုံ)** **(၅၂၁)**

ပြောက်အိုးဖောက်မှုကြောင့် ပြည်သူတို့အာထိတ်တလန့်ဖြစ်

ကလေး အောက်တိုဘာ ၅

မြန်မာလူမျိုးတို့သည် ရိုးရာအစဉ်အလာကို တန်ဖိုးထားမြတ်နိုးကြသည်။ ထိန်းလည်းထိန်းသိမ်းကြသည်ဟု နိုင်ငံအသီးသီးကအသိအမှတ်ပြုကြသည်။ ဗုဒ္ဓဘာသာပွဲတော်များတွင်လည်း ၁၂ ရာသီပွဲတော်ဟူ၍ရှိရာ သီတင်းကျွတ် မီးထွန်းပွဲတော်သည် ဗုဒ္ဓဘာသာဝင် လူကြီး၊ လူငယ်၊ ကလေးအားလုံး ပျော်ရွှင်ကြသောပွဲတော်တစ်ခုဖြစ်သည်။

ထိုကဲ့သို့ ချစ်ခင်စရာအလှတစ်ခုကို အကျည်းတန်အရုပ်ဆိုးစေသည်မှာ ပြောက်အိုးဖောက်ခြင်းဖြစ်သည်။ ပြောက်အိုးဖောက်ခြင်းကြောင့် သက်ကြီးရွယ်အိုတို့ကိုထိတ်လန့်စေသည်။ စည်းကမ်းမရှိသူတို့ကြောင့် မိန်းကလေးတို့၏ ကာယိန္ဒြေကိုပျက်စီးစေသည်။ ခိုက်ရန်ဖြစ်ပွားနိုင်သည်။မတော်တဆနှလုံးအားနည်းသူကို သွားစမိပါက အသက်အန္တရာယ်ပင်ထိခိုက်နိုင်သည်။

သီတင်းကျွတ်မီးထွန်းပွဲတော်ကျင်းပခြင်းမှာ မြတ်စွာဘုရားရှင်သည် ယခင်ဘဝများက မိခင်တော်စပ်ခဲ့ဖူးသည့် သေတကေတုနတ်သားအမှူးပြုသောနတ်အပေါင်းကို ဝါတွင်းသုံးလပတ်လုံး တာဝတိံသာနတ်ပြည်တွင် အဘိဓမ္မာတရားကို ဟောကြားအပြီး လူ့ပြည်သို့ပြန်အကြွတွင် ရွှေစောင်းတန်း၊ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်းများဖြင့် ဆင်းသက်လာရာ ဗုဒ္ဓဘာသာဝင်အပေါင်းက ပန်း၊ ဆီမီးများဖြင့် ဖူးမြော်ကြည်ညိုကြသည့်အချိန်ကို သီတင်းကျွတ်မီးထွန်းပွဲတော်ဟု ခေါ်ခြင်းဖြစ်သည်။

ထို့ကြောင့် သီတင်းကျွတ်မီးထွန်းပွဲတော်တွင် အရုပ်ဆိုး အကျည်းတန်သည့် ပြောက်အိုးဖောက်ခြင်းမပါရှိကြောင်း၊ ပြောက်အိုးဖောက်ခြင်းများကိုလည်း တာဝန်သိစွာဖြင့်တားဆီးသွားရမည်ဖြစ်ပါကြောင်း တင်ပြလိုက်ရပါသည်။

(လင်းလက်ကြယ်စင်)

ဈေးသူဈေးသားများအား အသေးစားချေးငွေထုတ်ချေး

မြိတ် အောက်တိုဘာ ၅

မြိတ်မြို့နယ် မြို့သစ်ရပ်ကွက် သီဟဇေယျာဈေး ဈေးသူဈေးသားများအား အသေးစားချေးငွေထုတ်ချေးခြင်းကို အောက်တိုဘာ ၃ ရက် မွန်းလွဲ ၂ နာရီတွင် မြို့သစ်ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြိတ်မြို့နယ် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းက အမှာစကားပြောကြားသည်။ ယင်းနောက် ဈေးသူဈေးသားများအား အသေးစားချေးငွေများကို မြိတ်မြို့နယ် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဈေးသူဈေးသား တစ်ဦးလျှင် ကျပ်တစ်သိန်းနှုန်းဖြင့် ဈေးသူဈေးသား ၁၃၆ ဦးအား ချေးငွေ ၁၃၆ သိန်း ထုတ်ချေးပေးခဲ့သည်။

အဆိုပါချေးငွေများမှာ မြိတ်အများပိုင် ကော်ပိုရေးရှင်းလီမိတက်မှ ချေးငွေများဖြစ်ကြောင်း သိရသည်။

(မြိတ်ခရိုင် ပြန်/ဆက်)

ကနောင်မြို့ရှိ ထရန်စဖော်မာ ကေဘယ်ကြိုးအသစ်လဲလှယ်

မြန်အောင် အောက်တိုဘာ ၅

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ကနောင်မြို့ရှိအများပြည်သူသုံးထရန်စဖော်မာတွင်ရှိသော ကေဘယ်ကြိုးမှာပြတ်တောက်သွားသဖြင့် အသစ်လဲလှယ်တပ်ဆင်ခြင်းလုပ်ငန်းကို အောက်တိုဘာ ၂ ရက်က မြန်အောင်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံး လိုင်းဝန်ထမ်းများက ဆောင်ရွက်ခဲ့ကြသည်။

မြို့နယ်လျှပ်စစ်အင်ဂျင်နီယာရုံးမှ လိုင်းတာဝန်ခံ ဦးပေါ်ထွန်းနှင့်ဝန်ထမ်းများသည် ၄၀၀ ဗို့လိုင်းအား မီးပေးဝေနေသည့် ကေဘယ်ကြိုးမှာပြတ်တောက်သွားခဲ့ရာ အများပြည်သူများ လျှပ်စစ်မီးအမြန်ပြန်လည် အသုံးပြုနိုင်ရေးအတွက် ကေဘယ်ကြိုးအသစ်ပြန်လည်တပ်ဆင်ပေးခြင်းလုပ်ငန်းကို နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **နေဝင်းဇော်(မြန်အောင်)**

အစိုးရ/စီးပွားရေးကြော်ငြာ

ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တောင်ကြီးမြို့သည် အောက်ဖော်ပြပါ မော်တော်ယာဉ်(၁၁၉)စီးအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က)	Pajero	(၁) စီး
(ခ)	Van	(၅၉) စီး
(ဂ)	Pick Up	(၅၉) စီး

၂။ ဈေးပြိုင်အဆိုပြုလွှာပုံစံနှင့် တင်ဒါစည်းကမ်းများအား မော်တော်ယာဉ်တင်သွင်းမည့် ပုဂ္ဂိုလ်/သက်ဆိုင်ရာ ကုမ္ပဏီ/အဖွဲ့အစည်းကိုယ်တိုင်(သို့မဟုတ်)၎င်းတို့၏ တရားဝင် ကိုယ်စားလှယ်အဖြစ် လွှဲအပ်ခြင်းခံရသူကသာ ဝယ်ယူခွင့်ရှိသည်။

၃။ ဈေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့်ပုံစံများအား တစ်စုံလျှင် ၂၀၀၀၀ိ/-(ကျပ်နှစ်သောင်းတိတိ)ဖြင့် ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တောင်ကြီးမြို့တွင် ၁-၁၀-၂၀၁၃ ရက်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၄။ ဈေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့်ပုံစံကို တရားဝင်ဝယ်ယူထားသူများ၏ အဆိုပြုလွှာများကိုသာ လက်ခံမည်ဖြစ်ပါသည်။ ဈေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့်ပုံစံသည် မူရင်းဈေးပြိုင်အဆိုပြုလွှာ တင်သွင်းသည့်ပုံစံဖြစ်ရပါမည်။

၅။ ဈေးပြိုင်အဆိုပြုလွှာများကို အုပ်ချုပ်ရေးမှူး၊ ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တောင်ကြီးမြို့ထံလိပ်မူ၍ ၁၄-၁၀-၂၀၁၃ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထားပြီး ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တောင်ကြီးမြို့ရှိ တင်ဒါပုံးအတွင်းသို့ တင်သွင်းရမည် ဖြစ်ပါသည်။

၆။ ဈေးပြိုင်အဆိုပြုလွှာဖွင့်ပွဲကို ၁၅-၁၀-၂၀၁၃ ရက် ၁၀း၀၀ နာရီတွင် ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ တောင်ကြီးမြို့တွင် ဆောင်ရွက်မည်ဖြစ်ပါသည်။

၇။ အသေးစိတ်သိရှိလိုပါက တယ်လီဖုန်းအမှတ်-၀၈၁-၂၀၀၂၈၈ နှင့် ၀၈၁-၂၁၂၁၃၄၅ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

၈။ ၁-၁၀-၂၀၁၃ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၃ ပါ ကြော်ငြာအား ဤကြော်ငြာဖြင့် ပြင်ဆင်လွှမ်းမိုးပယ်ဖျက်လိုက်သည်။

အုပ်ချုပ်ရေးမှူး
ရှမ်းပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
တောင်ကြီးမြို့



အများသိစေရန် သတိပေးကြေညာခြင်း

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၆)ရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊ အမှတ်-၁၃၉နေ ဦးရဲနိုင် [၁၄/ပတန(နိုင်)၀၂၄၁၀၄]၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ ဦးရဲနိုင်သည် ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ (၂၀)ရပ်ကွက်၊ ဝေပုလ္လ(၆)လမ်း၊ အမှတ်(၆၀) (အလျားပေ ၂၀ × အနံပေ ၆၀)အကျယ်ရှိ အိမ်ခြံမြေနှင့်မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အား ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်တွင် ပိုင်ရှင်ဖြစ်သူများဖြစ်ကြသော ဒေါ်ရင်နွဲ့နှင့်ဒေါ်မြင့်မြင့်စန်းတို့ထံ ဆက်စပ်စာချုပ်များကို စိစစ်ပြီးတရားဝင်ဝယ်ယူပြီးစီးပြီး တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ယင်းအိမ်ခြံမြေပေါ်တွင် မည်သူမှနေထိုင်ခွင့်မရှိပါ။ ဦးရဲနိုင်၏ အတိအလင်းသဘောတူညီချက်မပါဘဲ ဝင်ရောက်နေထိုင်သူများ ကျူးကျော်ဝင်ရောက်သူများကို ပိုင်ရှင်ဖြစ်သူ ဦးရဲနိုင်က ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း၊ ယင်းအိမ်ခြံမြေကို ရောင်းချ၊ပေါင်နှံ၊ ပေးကမ်း၊စွန့်လွှတ်၊ အာမခံထားခြင်း၊ လျှုဒါန်းထားခြင်း ၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းမပြုစေရန် သတိပေးတားမြစ်လိုက်ပါသည်။ မလိုက်နာသူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ထပ်ဆင့်သတိပေးအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ရှေ့နေစိန်ဂွန်းဦးမျိုးမြင့်(စဉ်-၃၂၅၅/၇၄)
B.A, H.G. P, R.LII, D.L.P,W.I.P.O (Switzerland)
Legal Practitioner & Adviser

ဒေါ်ခိုင်သင်္ဂီရွှေ(LL.B) **ဒေါ်နှင်းဝေဝေ(LL.B)**
အထက်တန်းရှေ့နေ(စဉ်-၄၁၅၇၂) M2 LAW FIRM အထက်တန်းရှေ့နေ(စဉ်-၃၈၄၅၇)
ရုံးအမှတ်-၉၀၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၀၁-၃၉၈၀၇၀၊ H.P ၀၉- ၄၂၁၇၁၉၅၂၉



ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
၂၀၁၃-ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၆၅

ဦးအောင်ရွှေမြ(ခ)ဦးထွန်းလင်း နှင့် ၁။ ဦးမြင့်သိန်း
၂။ ဒေါ်စိန်

(တရားလို) **(တရားပြိုင်များ)**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁)ရပ်ကွက်၊(၃)လမ်း၊ မြေညီထပ်၊ အမှတ်(၅၇)နေ၊ (ယခုနေရပ်လိပ်စာမသိသူများ) တရားပြိုင် (၁)ဦးမြင့်သိန်းနှင့် တရားပြိုင် (၂)ဒေါ်စိန်တို့သိစေရမည်။

သင်တို့အပေါ်၌တရားလိုက ငွေကျပ်(၁၈၂၇၆၁၃၅၀ိ/-)(ငွေကျပ်တစ်ထောင့်ရှစ်ရာနှစ်ဆယ့်ခုနှစ်သိန်းခြောက်သောင်းတစ်ထောင့်ငါးဆယ်) ရလိုကြောင်းနှင့်လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူသင်တို့ ကိုယ်စားလှယ်၊ ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကိုချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၃-ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက် (၁၃၇၅-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်တို့သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်တို့ကွယ်ရာတွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ(၄)ရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(ခင်နှင်းဦး)
တွဲဖက်ခရိုင်တရားသူကြီး(၂)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ကြောင်းကြော်ငြာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အမှတ်(၁၉)ထန်းနှစ်ပင်ကျောင်းလမ်း၊ မြို့မတောင်ရပ်ကွက်နေ ဒေါ်နှင်း[၁၂/သလန(နိုင်)၀၀၄၅၇၅]ကိုင်ဆောင်သူမှ ၂၉-၉-၂၀၁၃ ရက်စွဲပါ မိသားစုအမွေပစ္စည်းစီမံမှုစာချုပ်အရ မြေကွက်နှင့်မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဦးမောင်ဆိုင်ထံမှ ဒေါ်ကျင်မွှာကဝယ်ယူခဲ့ပြီး ၎င်းခြံမြေ၏ထက်ဝက်ဖြစ်သော ညာဘက်ခြမ်းရှိမြေကွက်နှင့်အိမ်ကို ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ညှိနှိုင်းပြီးဖြစ်ပါ၍ ဤအရောင်းအဝယ်ညှိနှိုင်းမှုကိစ္စအား ကန့်ကွက်မည့်သူရှိပါက ပိုင်ဆိုင်သည့်စာရွက်စာတမ်း အထောက်အထား အပြည့်အစုံဖြင့်ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းကြော်ငြာအပ်ပါသည်။

ဒေါ်အေးမြိုင်၏လွှဲအပ်ညွှန်ကြားချက်အရ
ဦးမျိုးမြင့်ဦး (LL.B, D.I.L)
အထက်တန်းရှေ့နေ(စဉ်-၂၃၅၉၉)
အမှတ်(၅၀)၊ ပထပ်၊ အခန်း(စီ-၁၀)၊ ဘဏ်လမ်း၊ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၂၄၀၉၅၆

ရွှေဆုမျှော်မှန်းချက်ထားရှိနေသည့် မြန်မာပီတန်းအားကစားအဖွဲ့

၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်မှ ၂၂ ရက်ထိ ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ (ဆီးဂိမ်း)တွင် အားကစားနည်း ၃၃ မျိုး ထည့်သွင်းကျင်းပမည်ဖြစ်သည်။ အိမ်ရှင်မြန်မာအနေဖြင့် ပြိုင်ပွဲတွင်ထည့်သွင်းကျင်းပမည့် အားကစားနည်း ၃၃ မျိုးစလုံးတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ ရှေ့နှစ်များက ကျင်းပပြီးစီးခဲ့သည့်ပြိုင်ပွဲ (အကြိမ်)များတွင် အကြိမ်ဆက်ဝင်ရောက်ယှဉ်ပြိုင်သည့် အားကစားနည်းများပါဝင်သလို ယခုနှစ်အိမ်ရှင်အဖြစ် လက်ခံကျင်းပရမည့်ပြိုင်ပွဲတွင် ပထမဦးဆုံးအကြိမ် ပါဝင်ယှဉ်ပြိုင်မည့်အားကစားနည်းအချို့လည်း ပါဝင်နေသည်ကို တွေ့ရသည်။

ဗိုဗီနမ်၊ ပီတန်း တို့လို အားကစားနည်းများသည် မြန်မာအားကစားပရိသတ်များနှင့် အကျွမ်းတဝင်မရှိ၊ နီးစပ်ထိတွေ့မှုဝေးနေသည်။ တချို့ဆိုလျှင် အားကစားနည်းအမည်ပြောပြလျှင်ပင် ကြားဖူးခြင်းမရှိဟုဆိုကြသည်။ ဗိုဗီနမ် အားကစားနည်းကို မြန်မာနိုင်ငံအနေဖြင့် ယခုနှစ်ပြိုင်ပွဲတွင် ပထမဆုံးအကြိမ်ပါဝင်ယှဉ်ပြိုင်မည်ဖြစ်သလို ပီတန်းအားကစားနည်းသည်လည်း မြန်မာနိုင်ငံမှပထမဦးဆုံးအကြိမ် စတင်ဝင်ရောက်ယှဉ်ပြိုင်မည့် အားကစားနည်းတစ်နည်းဖြစ်နေသည်။

ပီတန်းအားကစားနည်းသည် ယခုနှစ် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာ့ရိုးရာခြင်းလုံးအားကစားနည်း ထည့်သွင်းကျင်းပခြင်းနှင့် ဆက်စပ်ပြီး ထည့်သွင်းကျင်းပဖြစ်ခဲ့ရသည့် အားကစားနည်းဖြစ်သည်။ တစ်နည်းအားဖြင့် ရိုးရာခြင်းလုံး အားကစားနည်းပါဝင်ခြင်းနှင့်အတူ ဒွန်တွဲပါဝင်လာသည့် အားကစားနည်းဟု ပြောနိုင်ပါသည်။ ဆီးဂိမ်းတွင် ပီတန်းအားကစားနည်းကို ထည့်သွင်းကျင်းပခဲ့သည်မှာ နှစ်ကြိမ်သာရှိသေးသည်။ လာအိုနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ၂၀၀၉ ခုနှစ် (၂၅)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ပထမဦးဆုံးအကြိမ် စတင်ထည့်သွင်းကျင်းပခဲ့သည်။ ပြီးခဲ့သည့် ၂၀၁၁ ခုနှစ် (၂၆)ကြိမ်မြောက် အင်ဒိုနီးရှားနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပသည့် ဆီးဂိမ်းတွင် ဒုတိယအကြိမ်မြောက် ထည့်သွင်းကျင်းပခဲ့သည်။ ယခုနှစ် မြန်မာနိုင်ငံတွင် ကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ၌ ပီတန်းအားကစားနည်းကို တတိယအကြိမ်ထည့်သွင်းကျင်းပမည်ဖြစ်သည်။ ပထမနှင့် ဒုတိယအကြိမ်ထည့်သွင်းကျင်းပသည့် (၂၅)ကြိမ်မြောက်နှင့် (၂၆)ကြိမ်မြောက် ဆီးဂိမ်း(ပီတန်း)ပြိုင်ပွဲတွင် မြန်မာနိုင်ငံအနေဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်းမရှိပေ။ ယခု အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် ပထမဦးဆုံးအကြိမ် ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ဆီးဂိမ်းပြိုင်ပွဲသမိုင်းတစ်လျှောက် တတိယအကြိမ်ထည့်သွင်းကျင်းပမည့် အားကစားနည်းပြိုင်ပွဲကို မြန်မာပီတန်းအားကစားအဖွဲ့ ပထမဆုံးအကြိမ် ပါဝင်ယှဉ်ပြိုင်ခြင်းဖြစ်သည်ဟု ဆိုနိုင်သည်။

ဆီးဂိမ်း ပီတန်း(Petanque)အားကစားနည်းပြိုင်ပွဲကို နေပြည်တော်ဝဏ္ဏသိဒ္ဓိအားကစားဇုန်ရှိ Gold Camp ပီတန်းအားကစားရုံ၌ ဒီဇင်ဘာ ၁၂ ရက်မှ ၂၀ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။ အိမ်ရှင်မြန်မာအပါအဝင် ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ မလေးရှား၊ ဗီယက်နမ်၊ ဘရူနိုင်းနိုင်ငံများမှ ပီတန်းအားကစားအဖွဲ့များ ပါဝင်ယှဉ်ပြိုင်မည်ဟု သိရသည်။ ပီတန်းအားကစားနည်းပြိုင်ပွဲမှ ရွှေတံဆိပ် ၁၁ ခု၊ ငွေတံဆိပ် ၁၁ ခု၊ ကြေးတံဆိပ် ၂၂ ခု စုစုပေါင်းဆု ၄၄ ခု ဆုချီးမြှင့်မည်။ ဆီးဂိမ်းတွင် ရွှေဆု ၁၁ ခုချီးမြှင့်မည့် အားကစားနည်းနှစ်မျိုးသာ ပါဝင်ရာ ပီတန်းအားကစားနည်းသည် တစ်ခုအပါအဝင်ဖြစ်နေသည်။ သို့သော် ပီတန်း(အားကစားနည်း)ပြိုင်ပွဲကို နေပြည်တော်တွင် ကျင်းပမည်ဖြစ်ပြီး ကျန်ရွှေဆု ၁၁ ခုချီးမြှင့်မည့်အလေးမပြိုင်ပွဲကို ရန်ကုန်မြို့တွင်ကျင်းပမည်ဖြစ်သည်။

ရွှေဆု ၁၁ ခုအထိ ချီးမြှင့်မည်ဖြစ်၍ အရေအတွက်မနည်းလှသည့် အမြင့်ဆုံးအောင်မြင်မှု(ဆုတံဆိပ်)များကို အမိနိုင်ငံအတွက်ရနိုင်သရွေ့အရယူပေးနိုင်ရေး အဓိကရည်မှန်းချက်ထားရှိပြီး ကြိုတင်ပြင်ဆင်မှုများကို အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ခဲ့ပေသည်။ မြန်မာနိုင်ငံအနေဖြင့် ပီတန်းအားကစားနည်းနှင့် အစိမ်းသက်သက်ဖြစ်နေပြီး ယခုအိမ်ရှင်အဖြစ်ကျင်းပမည့် ပြိုင်ပွဲမှာမှ ပထမဦးဆုံးအကြိမ် ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်သော်လည်းအားကစားဝန်ကြီးဌာန၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ပီတန်းအဖွဲ့ချုပ်ဖွဲ့စည်းခြင်းကို စတင်ဆောင်ရွက်ခဲ့ပြီး အဖွဲ့ချုပ်မှအားကစားသမားများ ရှာဖွေစုဆောင်းခြင်း၊ ရွေးချယ်ခြင်း၊ လေ့ကျင့်ခြင်းစသည့်လုပ်ငန်းစဉ်အဆင့်ဆင့်ကို တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျစီမံကြိုးကြပ်ဆောင်ရွက်ခဲ့သည်။ ၂၀၁၃ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် မြန်မာနိုင်ငံ ပီတန်းအဖွဲ့ချုပ်ကို စတင်ဖွဲ့စည်းခဲ့ပြီး နောက်ပိုင်းအားကစားသမား (အမျိုးသား အမျိုးသမီး) စုစုပေါင်း ၄၆ ဦးကို ဘိုးလင်း၊ အလေးမ၊ ဂျူဒိုနှင့် ပြေးခုန်ပစ် အပစ်သမားများမှအဓိကထားရွေးချယ်ပြီး ပြုလုပ်ခဲ့သည်။ ထိုကစားသမားများကို ဖေဖော်ဝါရီ ၂၀ ရက်မှ စတင်ကာ နေပြည်တော် Gold Camp တွင် စခန်းသွင်းလေ့ကျင့်မှုများ စတင်ဆောင်ရွက်စေခဲ့ပါသည်။

လေ့ကျင့်မှုများပြုလုပ်နေစဉ်အတွင်း ကစားသမားတစ်ဦးချင်းစီ၏ စွမ်းရည်ပိုင်းအနီးကပ်လေ့လာခြင်း၊ လက်ရည်စစ်ပွဲများ ပြုလုပ်ယှဉ်ပြိုင်စေခြင်းများ ပြုလုပ်ပြီး စတင်ရှာဖွေရွေးချယ်ထားသည့် ကစားသမား ၄၆ ဦးထဲမှ ၃၃ ဦးကိုထပ်မံစိစစ်ရွေးချယ်မှုပြုလုပ်ခဲ့သည်။ အားကစားသမားများ ပီတန်းအားကစားနည်းကို နည်းစနစ်ကျကျ ထဲထဲဝင်ဝင်သိရှိနားလည်ပြီး အောင်မြင်မှုဆုများဆွတ်ခူးနိုင်စေရေးရည်ရွယ်ကာ ထိုင်းနိုင်ငံသားနည်းပြနှစ်ဦး ခေါ်ယူလေ့ကျင့်စေခြင်းကို မတ်လတွင် စတင်ခဲ့သည်။ ထို့အပြင် ပြည်ပနိုင်ငံများသို့သွားရောက်၍ ပူးတွဲလေ့ကျင့်မှုများကို မြန်မာပီတန်းအဖွဲ့ချုပ်၏ အစီအစဉ်ဖြင့် ဆောင်ရွက်စေခဲ့သည်။ မေ ၈ ရက်မှ ၃၀ ရက်အထိ ၂၃ ရက်ကြာ ထိုင်းနိုင်ငံသို့သွားရောက်ပြီး ထိုင်းလူငယ်လက်ရွေးစင်အသင်းနှင့်အတူ ပူးတွဲလေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်။ ဇွန်၊ ဇူလိုင် နှစ်လတာကာလအတွင်းတွင် ပြည်တွင်းပြည်ပနည်းပြများ၏ နည်းစနစ်ပိုင်း စနစ်တကျ သင်ကြားပြသမှု၊ အောင်မြင်မှုဆုလဒ်ကို ဆွတ်ခူးပေးနိုင်ရေး မျှော်လင့်ချက်အပြည့်အဝဖြင့် အားကစားသမားအားလုံး ကြိုးကြိုးစားစားလေ့ကျင့်မှုများသည် မြန်မာပီတန်းအားကစားအဖွဲ့အောင်မြင်မှု ရယူနိုင်မည့် လမ်းကြောင်းပေါ်သို့ တစ်လှမ်းချင်းမှန်မှန် ဦးတည်ချီတက်နေခြင်းဖြစ်သည်ဟု ဆိုနိုင်ပါသည်။ မြန်မာပီတန်းအဖွဲ့သည် အမျိုးသား ၁၄ ဦး၊ အမျိုးသမီး ၁၄ ဦး ပေါင်း ၂၈ ဦးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ပြိုင်ပွဲအပြီးတွင် အိမ်ရှင် မြန်မာပီတန်းအဖွဲ့ ဆုတံဆိပ် ၈ ခု၊ (ရွှေ ၂၊ ငွေ ၁၊ ကြေး ၅) ဆွတ်ခူးရရှိခဲ့သည်။ အိမ်ရှင်မြန်မာပီတန်းအားကစားအဖွဲ့အတွက် ရွှေတံဆိပ်နှစ်ခုကို အမျိုးသားတစ်ဦးချင်းပြိုင်ပွဲမှ သန်းဇော်ဦးနှင့် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲမှ ချောအိသူတို့က ရယူပေးခဲ့သည်။

ဆီးဂိမ်းအကြိုပြိုင်ပွဲဝင်ကစားသမားများ ပြိုင်ပွဲတွင် ရယူနိုင်ခဲ့သည့် အောင်မြင်မှုရလဒ်များကို ဆက်လက်ထိန်းထားနိုင်ရေး ဆီးဂိမ်းပြိုင်ပွဲကြီးတွင်လည်း ပြိုင်ဘက်အသင်းကစားသမားများကို ဖြတ်ကျော်ပြီးနိုင်ငံ့ဂုဏ်ဆောင်နိုင်မည့်ရွှေဆုရှင် အားကစားသမားများပေါ်ထွန်းလာစေရေးအတွက် မြန်မာပီတန်းအဖွဲ့ချုပ်အနေဖြင့် ဒီဇင်ဘာ ဆီးဂိမ်းပြိုင်ပွဲမတိုင်မီ မြန်မာပီတန်းလက်ရွေးစင်အားကစားသမားများအား ပြည်ပနိုင်ငံတစ်ခု (ထိုင်း သို့မဟုတ် လာအို)သို့သွားရောက်ပြီး နှစ်နိုင်ငံအသင်းများအချင်းချင်း ပူးတွဲလေ့ကျင့်မှုများထပ်မံပြုလုပ်စေဦးမည်ဟု သိရသည်။

ယင်းအစီအစဉ်သည် ဆီးဂိမ်းတွင် အမြင့်ဆုံးအောင်မြင်မှု (ဆုတံဆိပ်) ပိုင်ဆိုင်နိုင်မည့် လမ်းကြောင်းဆီ ဦးတည်လျှောက်လှမ်းနေကြသည့် မြန်မာပီတန်းအားကစားသမားများကို သေချာပေါက် ဆုဆွတ်ခူးရယူပေးနိုင်မည့်လမ်းကြောင်းပေါ်(သို့မဟုတ်) ဆုတံဆိပ်ပန်းတိုင်ဆီသို့ အရောက်တွန်းတင်ပို့နေခြင်းပင် မဟုတ်ပါလား။ ထို့ကြောင့်လည်း မြန်မာပီတန်းအားကစားသမားများအားလုံးက ရွှေဆု(အောင်မြင်မှု)အတွက် မျှော်မှန်းချက်ထားရှိလို့နေကြသည်ကို တွေ့ရသည်။ အမှန်တကယ်လည်းမြန်မာပီတန်းအားကစားသမားများ၏ လက်ရှိစွမ်းရည်ပိုင်း အောင်မြင်မှုရယူလိုစိတ်ခက်ထန်ပြင်းပြနေမှု၊ နိုင်ငံ့ဂုဏ်ဆောင်ရွှေဆုရှင်များ ဖြစ်ရမည်ဆိုသည့် ခံယူချက်ဖြင့် ပြင်းပြင်းထန်ထန် ကြိုးစားလေ့ကျင့်နေမှုနှင့် နည်းပြများ၏နည်းစနစ်ကျကျ သင်ကြားပြသပေးနေမှုများက ရွှေတံဆိပ်ဆုမျှော်မှန်းနိုင်သည့် အနေအထား ဖြစ်နေသည်ဟုဆိုနိုင်ပါသည်။သို့ဖြစ်၍ မြန်မာပီတန်းအားကစားသမားများ ရွှေဆုမျှော်လင့်ချက်ရောင်စဉ်တန်း(အရောင်အစုံအလင်ဖြင့်) ပီပီပြင်ပြင် ထွန်းလင်းတောက်ပနိုင်ပါစေဟု ဆန္ဒပြုရေးသား ဖော်ပြလိုက်ရပါသည်။ ။

ဆီးဂိမ်းတွင် အမြင့်ဆုံးအောင်မြင်မှု (ဆုတံဆိပ်) ပိုင်ဆိုင်နိုင်မည့် လမ်းကြောင်းဆီ ဦးတည်လျှောက်လှမ်းနေကြသည့် မြန်မာပီတန်း အားကစားသမားများကို သေချာပေါက် ဆုဆွတ်ခူးရယူ ပေးနိုင်မည့်လမ်းကြောင်းပေါ် (သို့မဟုတ်) ဆုတံဆိပ်ပန်းတိုင်ဆီသို့ အရောက် တွန်းတင်ပို့နေခြင်းပင်။

ဝင်းထွဋ်ဦး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံးကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀

မန္တလေးခရိုင်တရားရုံးတော်၌

၂၀၁၃-ခုနှစ်၊ တရားမကြီးမှုအမှတ်- ၃၁၇

ဒေါ်ညွန့်ညွန့်ဝေ **နှင့်** ဦးစိန်ဝင်း

တရားလို **တရားပြိုင်**

ဦးစိန်ဝင်း(ဘ) ဦးကြင် (စ)ရပ်ကွက်၊ ၅၉ လမ်း၊ အိမ်အမှတ်(၃၄)၊ ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်ညွန့်ညွန့်ဝေက မြွက်ဟကြော်ငြာပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကိုချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၁၇ ရက် (၁၃၇၅ ခုနှစ် သီတင်းကျွတ်လဆန်း ၁၃ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ ၄ ရက်က တင်သွင်းရမည်။

၂၀၁၃ ခုနှစ် စက်တင်ဘာလ ၂၇ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ခင်မြင့်မြင့်)
ဒုတိယခရိုင်တရားသူကြီး(၁)
မန္တလေးခရိုင်တရားရုံး





ရွှေမြင့်မိုရ်ဆရာတော် မိုးကုတ်ဝိပဿနာ (၁၀)ရက်တရားစခန်းပွဲ

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ပါရမီလမ်း၊ အမှတ်(၁)ကျောင်းတိုက် ရွှေမြင့်မိုရ် မိုးကုတ်ဝိပဿနာဓမ္မရိပ်သာကြီးတွင် ၁၀-၁၀-၂၀၁၃ ရက်မှ ၁၉-၁၀-၂၀၁၃ ရက်အထိ (၁၀)ရက်တရားစခန်းပွဲကို ရွှေမြင့်မိုရ်ဆရာတော် ဒီဃနိကာကောဝိဒ၊ ဓမ္မကထိက ဗဟုဇနဟိတရေ အရှင်သူမြတ်မှ ပဋ္ဌိစ္စသမုပ္ပာဒ် ဝိပဿနာသစ္စာလေးပါးတရားတော်မြတ်တို့ကို ဟောကြားမည်ဖြစ်ပါသည်။ ၂၀-၁၀-၂၀၁၃ ရက်မှ ၂၇-၁၀-၂၀၁၃ ရက်အထိ (၇)ရက်တရားစခန်းပွဲကို ဒေါက်တာအာသဘ (ရွှေဝါဝင်းဆရာတော်)အရှင်သူမြတ်မှ ပဋ္ဌိစ္စသမုပ္ပာဒ်ဝိပဿနာ သစ္စာလေးပါးတရားတော်မြတ်တို့ကို ဟောကြားမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသောယောဂီများနှင့် ဆွမ်းစသော အာဟာရတို့ကို လှူဒါန်းလိုသူများသည် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

ရွှေမြင့်မိုရ်အကျိုးဆောင်အဖွဲ့

ဖုန်း-၅၇၁၂၈၅၊ ၈၅၀၀၃၄၅၊ ၀၉-၅၀၅၀၀၁၀၊ ၀၉-၇၃၀၁၇၄၇၉

မြန်မာနိုင်ငံဆရာဝန်အသင်းမှ ကျင်းပပြုလုပ်မည့်ဆေးပညာနှီးနှောဖလှယ်ပွဲ

မြန်မာနိုင်ငံဆရာဝန်အသင်းနှင့် အင်္ဂလန်နိုင်ငံအခြေစိုက် Royal College of Practitioners(RCGP)နှင့် Brighter Future Foundation(UK) တို့ ပူးပေါင်းကျင်းပသော လုပ်ငန်းခွင်ဆိုင်ရာ အရည်အချင်းမြှင့်တင်ရေး နှီးနှောဖလှယ်ပွဲကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်တွင် မွန်းလွဲ ၁ နာရီခွဲမှ ၃ နာရီခွဲအထိ မြန်မာနိုင်ငံဆရာဝန်များအသင်းတိုက်၊ သိမ်ဖြူလမ်းတွင်ကျင်းပမည် ဖြစ်ပါ၍ စိတ်ပါဝင်စားသူ ဆရာဝန်များအားလုံး တက်ရောက်နိုင်ရန်ဖိတ်ကြားအပ်ပါသည်။

Dr.Caroline Nixon, Programme Director GP training scheme, Oxford Deanery,
Dr.Eleanor Vogel, Royal College of GP International Representative တို့မှ ပို့ချဆွေးနွေးမည်ဖြစ်ပါသည်။ (ဝင်ကြေးအခမဲ့)

အထက(၄)ပုဇွန်တောင် အငြိမ်းမအကြိမ် အာစရိယပူဇော်ပွဲကျင်းပမည်

အထက(၄) ပုဇွန်တောင် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ အငြိမ်းမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်(တနင်္ဂနွေနေ့)တွင် ပုဇွန်တောင်မြို့နယ်၊ ရေကျော်လမ်း၊ အမှတ်(၇၇) ရှိ Y.M.B.A ခန်းမ၌ နံနက် ၉း၀၀ နာရီမှ မွန်းတည့် ၁၂း၀၀ နာရီအထိ ကျင်းပမည်ဖြစ်ကြောင်း၊ ၁၉၆၇ ခုနှစ်မှ ၁၉၈၇ ခုနှစ်အတွင်း တာဝန်ထမ်းဆောင်ခဲ့သော အသက်(၆၀)ပြည့်ပြီးသည့် ဆရာကြီး၊ ဆရာမကြီးများကို ကန်တော့မည်ဖြစ်ပါ၍ ပူဇော်ကန်တော့ခြင်းအတွက် လှူဒါန်းလိုသည့် ကျောင်းသား၊ ကျောင်းသူများ (မည်သည့်နှစ်မဆို) အနေဖြင့် အောက်ဖော်ပြပါ ကျောင်းသားဟောင်းများထံသို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း။

၁။ ဦးကျော်ညွန့်ဦး ၀၉-၇၃၁၇၂၀၃၀	၄။ ဦးအောင်ဇော်ဝင်း ၀၉-၇၃၁၂၅၂၀၇	၇။ ဦးတင်အောင်ကျော် ၀၉-၅၀၇၂၂၈၂
၂။ ဒေါ်ခင်မလေး ၀၉-၅၁၃၃၁၂၀	၅။ ဦးဟန်ထူး ၀၉-၅၀၈၈၃၄၆	၈။ ဒေါ်သင်းသင်းဆွေ ၀၉-၃၁၃ ၄၄၅၉၉
၃။ ဒေါ်သက်နှင်းဦး ၀၉-၅၁ ၁၂၅၉၃	၆။ ဒေါ်မာမာစိုး(ခ)ဒေါ်စိုးစံ ၀၉-၅၀၂၅၉၆၈	၀၉-၇၃၁၀၃၆၂၁

တိုက်ခန်းငှားမည်

ရန်ကင်းမြို့နယ်၊ လုံးချင်းနှစ်ထပ်တိုက်
2 MBR 2AC - Ph ပါ
1 BR **Ph - 09450066716၊ 01- 579093**

ဝန်ထမ်းအလိုရှိသည်

(1) Driver ကျား(၅) ဦး
[illegible]

(2) Sales Promoter ကျား(၂၀) ဦး
[illegible]

(3) Sales Representative ကျား(၂၀) ဦး
[illegible] Marketing [illegible]

(4) Sales Supervisor ကျား(၅) ဦး
[illegible] Distribution & Marketing [illegible] Leadership Skill [illegible]

[illegible]

[illegible] (Excel Tower) [illegible]

ချမ်းမြေ့ရိပ်သာကျောင်း(ရန်ကုန်)
(၃၇)ကြိမ်မြောက် ဘုံကထိန်သင်္ကန်းဆက်ကပ်ပွဲ

ကျင်းပမည့်နေ့ရက်	-	(၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်)၊ ၂၇-၁၀-၂၀၁၃ရက်(တနင်္ဂနွေနေ့)
ကျင်းပမည့်နေရာ	-	ချမ်းမြေ့ရိပ်သာကျောင်း၊ အမှတ် ၅၅(က)၊ ကမ္ဘာအေးစေတီလမ်း၊ ရန်ကုန်မြို့
ရေစက်ချချိန်	-	နံနက် ၉ နာရီ
နံနက်စာကျွေးမွေးချိန်	-	နံနက် ၉း၃၀ နာရီမှ ၁၂း၀၀ နာရီ
သတိပြုပါရန်	-	လှူဖွယ်ပစ္စည်းများကို နံနက် ၈ နာရီမှစ၍ အလှူရှင်များကိုယ်တိုင် ကပ်လှူနိုင်ရန် စီစဉ်ထားပါသည်။

ဝေယျာဝစ္စအဖွဲ့
ချမ်းမြေ့ရိပ်သာကျောင်း(ရန်ကုန်)

[illegible] (၅) ကြိမ်မြောက် [illegible]

[illegible]

[illegible] 09-73008262, 09-73055611, 01-563141

အထက(၃)တာမွေ
(၁၅)ကြိမ်မြောက် အာစရိယပူဇော်ပွဲ
(၁၉၆၄-၁၉၇၂)ခု စာသင်နှစ်

ကျောင်းသား၊ ကျောင်းသူဟောင်းများခင်ဗျား-

၂၀၁၃ ခုနှစ် အောက်တိုဘာ ၂၇ ရက်(တနင်္ဂနွေနေ့) နံနက် ၁၀နာရီတွင် အငြိမ်းစားကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများနှင့်အတူ (၁၉၆၄-၁၉၇၂)ပညာသင်နှစ် အငြိမ်းစား ဆရာ၊ ဆရာမများအား အထက(၃)၊ တာမွေကျောင်းခန်းမကြီးတွင် ပူဇော်ကန်တော့ကြမည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် ကျောင်းသား၊ ကျောင်းသူဟောင်း သူငယ်ချင်းများအား လေးစားစွာဖိတ်ကြားအပ်ပါသည်။

ဆရာကန်တော့ပွဲဖြစ်မြောက်ရေးအဖွဲ့(ယာယီ)

ဆက်သွယ်ရန်ဖုန်း-	ဦးလူမွန်ရဲမြင့်	၀၉-၂၅၀၀၁၁၃၀၈
	ဦးအေးလွင်	၀၉-၅၁၃၄၉၁၈
	ဦးတင်အောင်ဝင်း	၀၉-၅၀၀၄၈၃၆
	ဒေါ်ရီရီဇင်	၀၁-၅၇၇၃၅၁
	ဒေါ်ခင်စန်းဝင်း	၀၉-၇၃၂၀၈၆၀၀
	ဒေါ်လီလီအောင်	၀၉-၅၀၉၃၅၃၂

မြေညီထပ်တိုက်ခန်းငှားမည်

စမ်းချောင်းမြို့နယ်၊ ဂွဈေးအနီး၊ ဗဟိုလမ်းမပေါ် ပေ(၁၅×၆၀)၊ ပြင်ဆင်ပြီး ကိုယ်ပိုင်သီးသန့်၊ Telephone+ရေမော်တာ+ မီတာဘောက်(စ်) ဆက်သွယ်ရန်ဖုန်း-၀၉-၅၅၀၁၀၄၀၊ ၀၉-၅၁၈၅၀၅၇

CHEMLAB

Contact to 09420010788, 09420010789,09420100178,01534644
Email: thetsuwai9@gmail.com,pcy2860@gmail.com
Senior Business Development Executive
(Based in Yangon)

- B.Sc in Chemistry or related Sciences or Marketing
- Minimum 3 years experience in sales/marketing/business development preferably gained in the chemical industry, oil & gas, food or environment-related industries.
- Strong interpersonal and communication skills.
- Proficient in written & spoken English.
- Possess own transport and willing to travel.

We offer competitive remuneration package (salary + commission) and career advancement opportunities to the successful candidate.

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ လူနေရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်-၂၆၁/ခ၊ အကျယ်ပေ(၂၀×၆၀)ရှိ နှစ် (၆၀)ဂရန်မြေနှင့် မြေပို ပေ(၄×၆၀) အပါအဝင် ယင်းမြေနှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၄/မြောက် ရပ်ကွက်၊ မြို့မ (၁၂)လမ်း၊ အမှတ်-၂၆၁(ခ)ဟု ခေါ်တွင်သော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်ခိုင်ဇာဝင်း [၁၄/ဖပန(နိုင်)၀၀၀၃၁၅]ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်က စရန်ငွေပေးချေခဲ့ပါသည်။ ယင်းမြေနှင့်အိမ်ကို အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသည့်အထောက်အထားများဖြင့် ကြော်ငြာပါသည့်နေ့မှ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ကာလကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

အမှတ်(၈၃/၁၁)၊ ဒုတိယထပ်၊ ပန်းဆိုးတန်းလမ်း (၄) ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၃၇၇၂၇၆၊ ၀၉၅၄၀၆ ၄၀၆

ဦးထင်အောင်(စဉ်-၃၀၇၈) တရားလွှတ်တော်ရှေ့နေ

ကျောင်းကုန်းမြို့ မိုယ်းကောင်းစာသင်တိုက်တွင် ငွေကျပ်သိန်း ၅၀၀ တန် ဘောဇနကျောင်းဆောင်သစ်အတွက် ပါဝင်လှူဒါန်းနိုင်ကြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်ကျောင်းကုန်းမြို့၊ အမှတ်(၁) ရပ်ကွက်၊ မိုယ်းကောင်းပရိယတ္တိစာသင်တိုက်တွင် (အလျား ပေ၆၀×အနံ ပေ၄၀)၊ RC ကွန်ကရစ် (၁)ထပ် ဘောဇနကျောင်းဆောင်သစ်အား ငွေကျပ် သိန်း ၅၀၀ အကုန်ကျခံ ဆောက်လုပ်နေပါ၍ ရပ်ဝေး၊ ရပ်နီးမှ ဒကာ၊ ဒကာမများနှင့် အလှူရှင်များမှ ပါဝင်လှူဒါန်းနိုင်ကြောင်းနှင့် လှူဒါန်းမည်ဆိုပါက ပဓာနဆရာတော် ဘဒ္ဒန္တ လာဘ ဖုန်း ၀၉ ၄၉၇၄၀၁၅၃၊ ဉူးအစ္စရိ စာချဆရာတော် ဖုန်း-၀၉ ၄၉၇၃၈၇၄၆၊ ဦးကျော်စိုးဂေါပကအတွင်းရေးမှူး ဖုန်း-၀၉ ၄၂၂၅၃၀၈၉၂ သို့ ထံ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

မိုယ်းကောင်းပရိယတ္တိစာသင်တိုက်
ကျောင်းကုန်းမြို့

မိုးကုတ်ဝိပဿနာ(၁၀)ရက်အထူးတရားစခန်းပွဲ

[illegible]

ဖုန်း- [illegible]

[illegible]

ရွှေပါရမီသွေးလှူဒါန်းပွဲ

[illegible]

လမ်းမတော်မြို့နယ်၊ (၅)လမ်းထဲမှာ
ဒေါ်မြင့်
မုန့်ဟင်းခါးဆိုင်- ရှိတယ်နော်

စားကြည့်ပါလား၊ ကြိုက်သွားမှာပါ
ဆိုင်ဖွင့်ချိန်-နံနက် (၆) နာရီ
ဖုန်း-၀၁-၂၂၃၂၀၈

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်(၄၄)၊ မြေကွက်အမှတ်(၂၀၁)၊ ကျောက်စိမ်း ၆-လမ်း၊ မြေအကျယ်အဝန်း(အလျား×အနံ)ပေ (၄၀ × ၆၀)ရှိ ဦးထွန်းရင်[KPU-၀၀၂၄၇၈]အမည်ဖြင့် တည်ရှိသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ဂရန်မူရင်း၊ ပိုင်ဆိုင်မှုအဆက်အစပ်စာချုပ်စာတမ်းမူရင်းများနှင့်တကွ လက်ရောက်ပိုင်ဆိုင်ထားပြီး ထပ်ဆင့်လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံသူဦးအောင်မြင့်[၁၂/ဥကတ(နိုင်)၁၁၂၈၃၈]ထံမှ ကျွန်ုပ်တို့က ရောင်းဖိုငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်၊ ခြံ၊မြေ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ခိုင်လုံတိကျသော အထောက်အထားစာရွက်စာတမ်း မူရင်းများနှင့်တကွ နှစ်ပတ်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဒေါ်သီတာဝင်း[၁၄/ဟသတ(နိုင်)၀၀၃၄၈၅]
ဖုန်း- ၀၉-၇၃၁၉၁၉၆၁၊ ၀၉-၇၃၁၅၇၂၄၃

ဈေးချစ်သူများအတွက်

[illegible] Nine [illegible]
[illegible] ၄/၅ [illegible]
[illegible]
(Thai Imported) [illegible]
PH : 09-420034020,09-49284129,09-5054801

TOTAL

TOTAL E&P MYANMAR

Total E&P Myanmar, a subsidiary of the TOTAL Group, a major International Energy Company is presently operating the Yadana Gas Field situated offshore Myanmar.

We now have requirement for the following position in our company.

APPLICATION SUPPORT ENGINEER – 1 POST

Location – Info System & Telecoms Department, Yangon Office

Main Responsibilities:

- To install, maintain applications and provide end-user support
- To setup operational procedures, train the users and manage contacts with the application providers
- To backup the person in charge of Linux/Unix environments and applications
- To analyze users' requirements, propose and discuss for a solution and make the solution to a reality

Required Qualifications and Experience:

- Degree in Computer Science or Engineering
- Good knowledge of Windows environment and collaborative tools
- Good knowledge of middleware, especially DBMS (Oracle, SQL...)
- Good knowledge of Linux and Unix would be highly appreciated
- Functional, technical, and client skills to enable a quick productive learning curve
- Fluent in both written and spoken English
- Able to interact well with end users

Candidates must be Myanmar Nationals (Male/Female) with good command of spoken and written English.

Only short-listed candidates will be contacted to attend English language and technical tests and will be requested to bring Labour Registration Card, National Registration Card (NRC) and education/professional training certificates originals.

Application Procedure

Candidates who meet these requirements should send their applications (electronic CV or Resume in English language, giving clear details of their qualifications and work experience to-date with contact telephone numbers and mailing address) **by e-mail** to the company mail address **HRD.TEPM-YGN@total.com** by **30th October 2013** at the latest.

(For Local Services Only)

Total E&P Myanmar

No. 5, Sacred Tooth Relic Lake Avenue, Punn Pin Gone Quarter No.5

Mayangone Township, Yangon

e-mail : HRD.TEPM-YGN@total.com

09-73005053

09-5122010

TSI Computer Training

AutoCAD (2D,3D,Isometric) Course Fees-60000Ks Only

Revit MEP Course Fees-60000Ks Only

တန်ခိုးအာဏာနှင့်

အရေးကြီးတဲ့ကိစ္စရှိရင်လာခဲ့ပါ

အမျိုးသမီးများ၏ အခက်အခဲများကို အထူးဦးစားပေး ဆောင်ရွက်ပေးပါသည်။ ကိုယ်ရေးလုံခြုံမှုကို အာမခံပါသည်။

အခန်း(၄)၊ မဟာဝိဇယစေတီ၊ ခြသေ့်နှစ်ကောင်အနီး၊ Prof.Ph.D ဒေါက်တာခင်မျိုးတင့်၊ မြန်မာ့ဗေဒင်နဝင်းစီးပညာ

ပျောက်ဆုံး

ကျွန်တော် ရီစိန်း ကိုင်ဆောင်သော ပတ်စ်ပို့အမှတ်-၆၂၅၂၁ သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။ **ဖုန်း-၀၉၂၅၄၀၀၆၅၈၇**

ပျောက်ဆုံး

ကျွန်တော် သူရအောင်[၁၂/အလန(နိုင်) ၀၃၀၉၈၁]၏ Passport (နံပါတ်မမှတ်မိ)စာအုပ်မှာ ခရီးသွားရင်း ပျောက်ဆုံးသွားသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပါရန်။ **ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၆၂၇၃၃**

ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုအောင်မျိုးဦး[၁၂/မရက(နိုင်)၁၀၇၀၄၈]ကိုင်ဆောင်သည့် နိုင်ငံကူးလက်မှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။ **ဖုန်း-၀၉-၅၁၅၆၇၃၃**

အထူးဝမ်းမြောက်ဂုဏ်ယူခြင်း

ရေယာဉ်ပေါ်တွင်လည်း International Marine & Dredging Consultants (IMDC) ကုမ္ပဏီမှ အကြီးတန်းအင်ဂျင်နီယာ Gijsbert Van Holland နှင့် တာဝန်ရှိသူများက (IMDC) ကုမ္ပဏီသည် သဘာဝရေအရင်းအမြစ်များအား ရေရှည်တည်တံ့စွာ စီမံခန့်ခွဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကျွမ်းကျင်ပညာရှင်အကြံဉာဏ်များ ပံ့ပိုးပေးအပ်ကြောင်း၊ သောင်တူးလုပ်ငန်းများနှင့် အကြံဉာဏ် များ ပေးအပ်ခြင်း၊ မြစ်၏အောက်ခြေပိုင်းရေစီးကြောင်း၌ သဲနှင့် နုန်းမြေပို့ချမှု၊ ပင်လယ်ဆားငန်ရေဝင်ရောက်မှု၊ ရေလွှမ်းမိုးမှုကိစ္စရပ်များကို လေ့လာခြင်း၊ ရေကြောင်းသွားလာမှုနှင့် ဆိပ်ကမ်းဒီဇိုင်းပုံစံများ၊ ဟိုက်ဒရောလစ်ဒီဇိုင်းပုံစံ စသည်တို့နှင့်ပတ်သက်သည့် ဝန်ဆောင်မှုများကို ဆောင်ရွက်ကြောင်း၊ သဘာဝမြစ်ကြောင်းစနစ်ကို နားလည်မှုစနစ် အပြောင်းအလဲကြောင့် ရေတို၊ ရေရှည်အကျိုးသက်ရောက်မှုများ၊ သဘာဝအလျောက်နှင့် လွန်ကဲသည့် ရေမျက်နှာပြင်အမြင့်၊ ရေစီးနှုန်း၊ ရေကြောင်းသွားလာနိုင်မှု စသည့် နည်းစနစ်များကို အသုံးပြုလျက်ရှိကြောင်း၊ ၎င်းအပြင် မြန်မာနိုင်ငံတွင် (IMDC) ကုမ္ပဏီ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ရန်ကုန်မြစ်ကြောင်းတစ်လျှောက် Overall model grid၊ Detail model grid စသည့် နည်းစနစ်အမျိုးမျိုးကို အသုံးပြု၍ စိစစ်လေ့လာထားရှိချက်များကိုလည်းကောင်း၊ DEME ကုမ္ပဏီမှ Scheldt မြစ်အတွင်း တူးဖော်ရေးလုပ်ငန်းများနှင့် Wind Mill Farm များဖြင့် စွမ်းအင်ထုတ်လုပ်မှုအခြေအနေတို့ကိုလည်းကောင်း အသီးသီးရှင်းလင်း ပြောကြားခဲ့ကြသည်။

စာမျက်နှာ ၉ ကော်လံ ၁ သို့ ❖

လေ့လာကြည့်ရှု

ဒုတိယသမ္မတ ဦးညဏ်ထွန်း ဘယ်လ်ဂျီယံနိုင်ငံ ဖလန်းဒါးစ်ပြည်နယ် Scheldt မြစ်ကမ်းတစ်လျှောက် ရေတံခါး (Lock) မှ ရေယာဉ်များ ဖြတ်သန်းသွားလာမှုကို လေ့လာကြည့်ရှုစဉ်။

(သတင်းစဉ်)

အဲကွန်းအထူးရထား ပြေးဆွဲရာတွင် အများပြည်သူများ အထူးနှစ်ခြိုက်

ရန်ကုန်　　အောက်တိုဘာ　　၅

RBE 50. 38 (No Cab)အဲကွန်းအထူးရထား အသုံးပြု၍ ရန်ကုန်မြို့ပတ်အထူးရထားအား ယနေ့နံနက်ပိုင်းမှ စတင်ပြေးဆွဲပေးရာ အများပြည်သူများ အထူးနှစ်ခြိုက်လျက်ရှိကြကြောင်း သိရသည်။**(အပေါ်ပုံ)**

အဆိုပါ RBE 50. 38 (No Cab)အဲကွန်းအထူးရထား အသုံးပြု၍ ရန်ကုန်မြို့ပတ်အထူးရထားအား ပြေးဆွဲပေးသောခရီးစဉ်မှာ ယနေ့နံနက် ၆ နာရီခွဲက အင်းစိန်ဘူတာမှ ခရီးသည်များအား တင်ဆောင်ကာ စတင်ထွက်ခွာလာခြင်းဖြစ်ပြီး အထူးရထားမှာ နံနက် ၇ နာရီ ၁၅ မိနစ်တွင် ရန်ကုန်ဘူတာကြီး စင်္ကြံအမှတ် 4 သို့ ဆိုက်ရောက်ခဲ့ကာ

စာမျက်နှာ ၉ ကော်လံ ၅ သို့ ○

ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်နှင့် ဒုတိယပိုလ်ချုပ်ကြီးလှမင်း သံတွဲမြို့နယ်အတွင်း ပဋိပက္ခဖြစ်ပွားသည့်ဒေသများအား လှည့်လည်ကြည့်ရှုစစ်ဆေးအားပေး

နေပြည်တော်　　အောက်တိုဘာ　　၅

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးလှမောင်တင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးလှမင်း၊ တိုင်းမှူး ဗိုလ်ချုပ်ကိုကိုနိုင်၊ ပြည်နယ်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တို့ ပါဝင်သောအဖွဲ့သည် အောက်တိုဘာ ၃ ရက်တွင် သံတွဲမြို့နယ်ရှိ ရွှေလေ့၊ ပေါက်တော၊ လင်းသီးကျေးရွာနှင့် သပြုချိုင်ကျေးရွာတို့သို့ သွားရောက်ပြီး ပဋိပက္ခကြောင့် နေအိမ်များ၊ အဆောက်အအုံများပျက်စီးမှုများကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် သပြုချိုင်ကျေးရွာတွင် နေအိမ်မီးလောင်ဆုံးရှုံးခဲ့သည့် နှစ်ဖက်အဖွဲ့အစည်းမှ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး အားပေးစကားပြောကြားသည်။

ထို့နောက် သပြုချိုင်ကျေးရွာမှ မီးလောင်ဆုံးရှုံးခဲ့သည့် အိမ်ထောင်စု ၅၂ စုအတွက် ဆန်၊ ပဲ၊ ဆီ၊ ဆား၊ ခေါက်ဆွဲနှင့် ကယ်ဆယ်ရေးပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

သံတွဲမြို့နယ်၌ ဖြစ်ပွားခဲ့သည့် ပဋိပက္ခများကြောင့် လူနေအဆောက်အအုံ ၁၁၄ လုံး၊ ဘာသာရေး အဆောက်အအုံသုံးလုံး၊ ဓာတ်ဆီဂိုဒေါင်တစ်လုံးတို့ မီးလောင်ဆုံးရှုံးခဲ့ပြီး လူဦးရေ ၄၈၂ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ရကာ ငါးဦးသေဆုံး၍ ငါးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

ပဋိပက္ခဖြစ်ပွားသည့် ဒေသများသို့ လုံခြုံရေးနှင့်ကယ်ဆယ်ရေးအဖွဲ့များ သွားရောက်၍ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုအခါ သံတွဲမြို့နယ်အတွင်း အခြေအနေမှာ တည်ငြိမ်စပြုလာပြီဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

တနင်္ဂနွေ အထူးထုတ်ပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် တနင်္ဂနွေအထူးထုတ် ရှစ်မျက်နှာ ပါရှိပါသည်။

သံတွဲမြို့၌ဖြစ်ပွားခဲ့သည့် ပဋိပက္ခနှင့်စပ်လျဉ်း၍ သံသယရှိသူ ၄၄ ဦးအား ထိန်းသိမ်းစစ်ဆေးမေးမြန်းလျက်ရှိ

နေပြည်တော်　　အောက်တိုဘာ　　၅

စက်တင်ဘာ ၂၉ ရက် ညပိုင်းမှစတင်၍ အောက်တိုဘာ ၁ ရက်အထိ ရခိုင်ပြည်နယ် သံတွဲမြို့၌ဖြစ်ပွားခဲ့သည့် ပဋိပက္ခဖြစ်စဉ်နှင့်စပ်လျဉ်း၍ ပါဝင်ပတ်သက်သည်ဟု သံသယရှိသူ အမျိုးသား ၄၂ ဦး၊ အမျိုးသမီး နှစ်ဦး စုစုပေါင်း ၄၄ ဦးအား သံတွဲမြို့ရဲစခန်း၌ ထိန်းသိမ်းစစ်ဆေးမေးမြန်းလျက်ရှိကြောင်း ပြည်နယ်အစိုးရအဖွဲ့ထံမှ သတင်းရရှိသည်။

(သတင်းစဉ်)

ကင်ဆာရောဂါအကြောင်း
သိကောင်းစရာ

စာမျက်နှာ - ၂ »

ဘွဲ့ယူယဉ်ကျေးမှုအနုပညာ
စွမ်းရည် မန္တလေး၌ ကပြ

စာမျက်နှာ - ၄ »

လစဉ် စာပေရေအေး
တိုက်ကျွေးလျက်ရှိ

စာမျက်နှာ - ၄ »

သက်ကြီးရွယ်အိုစောင့်ရှောက်ရေး
လုပ်ငန်းအောင်မြင်ရေး ပြည်သူ
တစ်ရပ်လုံး ဝိုင်းဝန်းကူညီပေး

စာမျက်နှာ - ၆ »

ကင်းထောက်မောင်မယ်များ
အဝတ်အထည်များ လှူဒါန်း

စာမျက်နှာ - ၇ »

ကြေးမုံ Mirror
တနင်္ဂနွေ အထူး
SUNDAY SPECIAL
2013 OCTOBER 6, SUNDAY

သဘာဝပတ်ဝန်းကျင်

ရှုမ်းပြည်နယ်အလှအပနှင့် ထင်ရှားသည့် ရထားတံတားများ (၂)

ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ဂုတ်ထိပ်ကျေးရွာအနီးရှိ ကမ္ဘာ့ဒုတိယအမြင့်ဆုံး မီးရထားသွားဂုတ်ထိပ်တံတားနှင့် ရှုမ်းတောင်တန်းအလှ

နိုင်ထွန်း (TGI)

» ယခင်အပတ်မှအဆက်

ဒုတိယတံတားတစ်စင်းမှာ မန္တလေး-လားရှိုးမီးရထားလမ်းပိုင်းပေါ်ရှိ ကျောက်မဲခရိုင် နောင်ချိုမြို့နယ် ဂုတ်ထိပ်ကျေးရွာအနီးရှိ ဂုတ်ထိပ်ချောင်း(သို့မဟုတ်) မိုင်းတင်ချောင်းအား ဖြတ်သန်းတည်ဆောက်ထားသည့် ကမ္ဘာပေါ်တွင် ဒုတိယအမြင့်ဆုံး မီးရထားတံတားတစ်စင်းဖြစ်သည့် ဂုတ်ထိပ်တံတားဖြစ်သည်။ အဆိုပါတံတားကို ၁၉၀၁ ခုနှစ်မှ ၁၉၀၃ ခုနှစ်အထိ အမေရိကန်နိုင်ငံ ပင်ဆီလ်ဗေးနီးယားနှင့် မေရီလန်းတံတား ဆောက်လုပ်ရေးကုမ္ပဏီမှ တည်ဆောက်ခဲ့ပြီး တံတားအမြင့်ပေ ၁၁၀၀ ရှိကာ အလျား ၂၂၆၀ ပေ၊ သံမဏိတန်ချိန် ၄၃၁၁ တန်နှင့် သံမှိုပေါင်း ၁၀ သိန်းကျော် သုံးစွဲထားခဲ့ကြောင်း သိရှိရသည်။ ထိုစဉ်က တံတားတန်ဖိုးမှာ အိန္ဒိယ ရူပီးငွေ ၁၆၉၈၂၀၀ ဖြစ်ကြောင်းနှင့် တံတားအား သံမဏိတိုင် ၁၆ တိုင်ဖြင့် ထောက်မ တည်ဆောက်ထားပြီး အမြင့်ဆုံးတိုင်မှာ တိုင်အမှတ် (၁၂) ဖြစ်ကြောင်း သိရှိရသည်။ အဆိုပါ ဂုတ်ထိပ်တံတားအား မဖြတ်သန်းမီ ပြင်ဦးလွင်မှ ထွက်ခွာလာသည့် မီးရထားသည် ဂုတ်ထိပ်ဘူတာသို့

စာမျက်နှာ ၄ သို့ »

PARAMI General Hospital
ပါရမီအထွေထွေရောဂါကုဆေးရုံ
Parami General Hospital

အရိုးအဆစ် ဒူးဆစ်ကျောရိုးဆိုင်ရာ ခွဲစိတ်ကုသခြင်းအစီအစဉ်

ပါရမီဆေးရုံသို့ လစဉ်ပုံမှန်လာရောက်ကုသပေးနေသော နိုင်ငံခြားမှ
အရိုးအထူးကုဆရာဝန်ကြီးသည် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၁၁) မှ
(၁၂)ရက်နေ့ အထိ လာရောက်မည်ဖြစ်ပါ၍ ကြိုတင်စာရင်းပေးနိုင်ပါပြီ။

အမှတ် (၆၀) (ဂ-၁)၊ ပါရမီလမ်းသစ် (ရွှေတွင်းကုန်းဆီဆိုင်အနီး)၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -

ကင်ဆာရောဂါအကြောင်းသိကောင်းစရာ

ပါမောက္ခ စိုးဦးမောင်
(ဓာတ်ရောင်ခြည်ဆေးကုဌာန၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး)

» ယခင်အပတ်မှအဆက်

ကင်ဆာရောဂါကုသနည်းများမှာ

- ခွဲစိတ်ကုသခြင်း
- ကင်ဆာဆေးများဖြင့်ကုသခြင်း
- ဓာတ်ရောင်ခြည်ဖြင့်ကုသခြင်း
- ဟော်မုန်းဆေးများဖြင့်ကုသခြင်း
- တိုးတက်လာသော ဆေးပညာနှင့်အညီ အခြားအဆင့်မြင့်ကုသနည်းများဖြင့် ကုသခြင်း(ဥပမာ- မျိုးရိုးဗီဇ ကုထုံးများ)

အထက်ပါ ကုသနည်းများဖြင့် ကင်ဆာရောဂါကို ကုသရာတွင်ကုသနည်းတစ်ခုချင်းစီ သော်လည်းကောင်း၊ ကုသနည်းများပေါင်းစပ်၍သော်လည်းကောင်း အသုံးပြုကြသည်။

ကင်ဆာရောဂါကုဆေးဝါးများဖြင့် ဆေးသွင်းကုသခြင်း

သားအိမ်ခေါင်းကင်ဆာရောဂါ

သားအိမ်ခေါင်းကင်ဆာရောဂါသည် ကာကွယ်နိုင်သော ရောဂါဖြစ်သည်။ သားအိမ်ခေါင်းဝ အရည်ကြည်ကို စစ်ဆေး၍ စောစီးစွာသိလျှင် လုံးဝပျောက်ကင်းအောင် ကုသနိုင်သောရောဂါဖြစ်သည်။ လိင်ပိုင်းဆိုင်ရာ ကူးစက်ရောဂါများကြောင့်ဖြစ်နိုင်သည်။ အသက်ငယ်ရွယ်စဉ် လိင်ဆက်ဆံမှု ပြုဖူးသူများ၊ လိင်ဆက်ဆံဘက်များသူ အမျိုးသမီးများ၊ တစ်ကိုယ်ရေသန့်ရှင်းရေးမကောင်းသူ အမျိုးသမီးများတွင် ဖြစ်နိုင်သည်။ ရောဂါလက္ခဏာများမှာ အဖြူဆင်းခြင်း၊ ပုံမှန်မဟုတ်ဘဲသွေးဆင်းခြင်း၊ ဆီးစပ်နှင့် ခါးနာကျင်ကိုက်ခဲခြင်း၊ လိင် ဆက်ဆံမှုပြုပြီးပါက သွေးဆင်းခြင်းတို့ ဖြစ်သည်။

ခံတွင်းကင်ဆာရောဂါ

ခံတွင်းကင်ဆာရောဂါဖြစ်စေနိုင်သောအကြောင်းရင်းများမှာ ဆေးလိပ်သောက်ခြင်း၊ ကွမ်းစားခြင်း၊ ဆေးရွက်ကြီး ငုံခြင်း၊ အရက်သောက်ခြင်း၊ သွားနှင့် ခံတွင်း မသန့်ရှင်းခြင်းတို့ကြောင့် ဖြစ်သည်။ ရောဂါလက္ခဏာများမှာ ပါးစပ်(သို့မဟုတ်)လျှာတွင် မပျောက်ကင်းသော အနာများရှိခြင်း၊ လည်ပင်းတွင် အကျိတ်ထွက်လာခြင်း၊

ပါးစပ် (သို့မဟုတ်) လျှာတွင် အဖြူကွက်များရှိခြင်းတို့ ဖြစ်သည်။

ရင်သားကင်ဆာရောဂါ

ရင်သားကင်ဆာဖြစ်စေနိုင်သောအကြောင်းများမှာ မျိုးရိုးလိုက်ခြင်း၊ အသက်ငယ်ငယ်တွင်သွေးစပေါ်ခြင်း၊ သွေးဆုံးချိန်နောက်ကျသူ အမျိုးသမီးများ၊ ကိုယ်ဝန်မဆောင်ဖူးသူ သို့မဟုတ် ကိုယ်ဝန်ဆောင်မှုနည်းသူ အမျိုးသမီးများ၊ မိခင်နို့တိုက်ကျွေးသောမိခင်များတွင် အဖြစ်နည်းသည်။ ရင်သားကင်ဆာရောဂါလက္ခဏာများမှာ ရင်သားတွင် အဖုအကျိတ်ရှိခြင်း၊ အကျိတ်ပေါ်မှ အရေပြား ချိုင့်ဝင်နေခြင်း၊ နို့သီးခေါင်းဝင်နေခြင်း၊ နို့သီးခေါင်းမှ အရည်(သို့မဟုတ်)သွေးထွက်ခြင်း၊ လည်ပင်းနှင့် ချိုင်းတွင် အကျိတ်အဖုရှိခြင်းတို့ ဖြစ်သည်။ ထို့ကြောင့် ရင်သားကင်ဆာကို စောစီးစွာသိရှိနိုင်ရန် မိမိရင်သားကို လစဉ်အချိန်မှန်မှန် မိမိကိုယ်တိုင် အလုံးအကျိတ် ရှိ၊ မရှိ၊ အခြား မသင်္ကာဖွယ်ရာ လက္ခဏာများ ရှိ၊ မရှိ စစ်ဆေးခြင်းများ

ပြုလုပ်သင့်ပါသည်။

အဆုတ်ကင်ဆာရောဂါ

အဆုတ်ကင်ဆာရောဂါသည် ဆေးလိပ်သောက်ခြင်း၊ အခြားသူများသောက်သော ဆေးလိပ်ငွေ့ကို ရှူရှိုက်မိခြင်း၊ လေထုညစ်ညမ်းခြင်း၊ ဓာတုဗေဒဓာတ်ငွေ့များ ရှူမိခြင်းတို့ကြောင့် ဖြစ်သည်။ ရောဂါလက္ခဏာများမှာ ကြာရှည်စွာချောင်းဆိုးခြင်း၊ အသက်ရှူမဝခြင်း၊ ရင်ဘတ်အောင့်ခြင်း၊ ချောင်းဆိုးသွေးပါခြင်း၊ အစားအသောက်ပျက်ခြင်း၊ ကိုယ်အလေးချိန်ကျခြင်း အစရှိသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ လက္ခဏာများ ဖြစ်ပေါ်တတ်ပါသည်။

အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာကင်ဆာများ

အဓိကဖြစ်ရသောအကြောင်းများမှာ အဆီများသော အစာများ၊ ကြပ်တင်ထားသော အစာများ၊ မှိုတက်သော အစာများ စသည်တို့ကို စားသုံးသူများတွင် ပိုမိုဖြစ်ပွားတတ်ပါသည်။ အချို့အူလမ်းကြောင်းကင်ဆာများတွင် မျိုးရိုးဗီဇကြောင့်လည်း ဖြစ်ပွားတတ်ပါသည်။ဟင်းသီးဟင်းရွက်နှင့် အသီးအနှံများများ စားသုံးသူများတွင် ဖြစ်ပွားမှုနည်းသည်။ ရောဂါလက္ခဏာများမှာ ဝမ်းသွားလျှင် သွေးနှင့်ချွဲပါခြင်း၊ ဝမ်းသွားလိုက် ဝမ်းချုပ်လိုက်ဖြစ်ခြင်း၊ အစားအသောက်ပျက်ခြင်း၊ မကြာခဏ ဗိုက်အောင့်ခြင်း၊အသားဝါခြင်း၊ ကိုယ်အလေးချိန်လျော့ကျခြင်း၊ အစာမျိုရခက်ခဲခြင်း၊ အစာမျိုလျှင် နာကျင်ခြင်း အစရှိသည်တို့ ဖြစ်သည်။

ကင်ဆာဆေးဝါးများကို တွေ့ရစဉ်။

ဖော်ပြခဲ့သော ကင်ဆာရောဂါ ကာကွယ်ရန် နည်းလမ်းများကို လိုက်နာကျင့်သုံးပြီး မိသားစုများအတွင်း မသင်္ကာဖွယ်ရာလက္ခဏာများကို တွေ့ရှိပါက နီးစပ်ရာ ကျန်းမာရေးဝန်ထမ်းများဖြင့် ဆွေးနွေးပါ၊ ရောဂါဖြစ်ပွားပါကလည်း ပျောက်ကင်းရန်အတွက် အမြန်ဆုံးနီးစပ်ရာ ဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုခံယူပါ၊ ကင်ဆာရောဂါသည် စနစ်တကျကုသလျှင် ပျောက်ကင်းသော ရောဂါဖြစ်သဖြင့် ကြိုးစားကုသရန် အကြံပေးလိုပါသည်။

ကင်ဆာရောဂါဖြစ်ပွားပါက စိတ်ဓာတ်မကျဘဲ ဖွဲ့လုံ့လ၊ မှန်ကန်သော ကုသမှုတို့ဖြင့် ရင်ဆိုင်ကျော်ဖြတ်ရမည့် အခြေအနေတစ်ခု ဖြစ်ပါသည်။ ကင်ဆာဝေဒနာ ဖြစ်နေကြသူများကို ကင်ဆာရောဂါကာကွယ်ထိန်းသိမ်းရေး စီမံချက်နှင့်အတူ မိသားစုများ၊ မိတ်ဆွေအပေါင်းအသင်းများ၊ စေတနာရှင်များ၊ လူမှုရေးအဖွဲ့အစည်းများမှ ဝိုင်းဝန်းကူညီကြရန် အကြံပြုတိုက်တွန်းလိုက်ရပါသည်။ ။

လှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

SWEETY HOME ၏ မင်းဓမ္မ အရောင်းပြခန်း ကို (၆.၁၀.၂၀၁၃) ရက်နေ့တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် အထူးဂုဏ်ယူ ဝမ်းမြောက်ပါကြောင်းနှင့် တိုးတက်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ROYAL MODERN FURNITURE

ခရမ်းချဉ်၊ သနပ်ခါး အမြန်ကြီးပွား

တင်မြင့်(ညောင်ကန်)

ကြီးပွားချင်ရင်၊ ချမ်းသာချင်ရင်၊ ပြောသံစည်သံတညံညံနှင့် ရင်မှဖြစ်သော သားလှရတနာများကို ရှင်ပြုအလှူပေးချင်ရင် ဘယ်နိုင်ငံခြားကိုမှလည်း အထင်ကြီးပြီး သွားအလုပ်လုပ်မနေရပါဘူး။ သမ္မာအာဇီဝလည်းဖြစ်တယ်၊ ကျန်းမာရေးနဲ့လည်း ညီညွတ်တယ်၊ နိုင်ငံတော်ကလည်း အားပေးနေတယ်၊ ထီထိုးတာထက် သေချာတယ်ဆိုတော့။

ကဲ. . တွေးမနေနဲ့၊ ငေးမနေနဲ့၊ အခုသိရင် အခုစမယ်၊ စာရေးတဲ့အဘသိရင် အဘကတော့ဘာလို့မလုပ်တာလဲ၊ ရေးရုံ၊ ပြောရုံ၊ အာရိုက်ရုံပဲလားခင်ဗျားလို့ မေးပြီဆိုပါတော့၊ ပြောပြမယ်၊ ပြောပြမယ် အခုလို ပွင့်ပွင့်လင်းလင်းမေးလိုက်တာ ကောင်းတယ်။

အဘတို့မိသားစုမှာ သားသမီးခြောက်ယောက်ထဲက ဝန်ထမ်းဘဝအမှုထမ်းလုပ်တဲ့သူဆိုလို့ အဘတစ်ယောက်ပဲရှိတယ်။ ကျန်ငါးယောက်က တောင်သူတွေပါပဲဗျာ။ စာရေးသူက အခုနိုင်ငံတော်တာဝန်လည်းကျေပွန်ပြီ။ သားသမီးငါးယောက်ရဲ့တာဝန်လည်းကျေပြီ။ အသက်လည်းကြီးပြီဆိုတော့ လုပ်စရာမလိုတော့ဘူး။ အသိပညာကိုစေတနာနဲ့ ပေါင်းပြီး ပညာပေးဆောင်းပါးကိုပဲရေးရတာပေါ့။ ဝန်ထမ်းလုပ်ဖြစ်တယ်ဆိုတာကလည်း မိဘတွေစကားကို နားထောင်တဲ့အနေနဲ့မို့ပါ။ အဖေက ကတိပေးထားတာ လစာနဲ့ မလောက်ရင်ထောက်မယ်၊ လုပ်သာလုပ်ဆိုလို့ လုပ်ရတာ။ ပြောတဲ့အတိုင်း ဝန်ထမ်းဘဝမှာ လောက်လည်းမလောက်ပါဘူး။ အဖေကထောက်လည်းထောက်ပါတယ်။ အဖေနေကောင်းငွေတစ်သောင်းဆိုတာ ကျောင်းသားဘဝတင်မကဘူး။ ဝန်ထမ်းဘဝတိုင်အောင်ပါပဲ။ ထောက်ရုံမကပါဘူး။ အခုဓာတ်ပုံလေးတစ်ပုံတင်ပြချင်ပါတယ်။ စာရေးသူရဲ့သားနှစ်ယောက်ကို မိဘများကသာသနာ့ဘောင် သွတ်သွင်းပေးခဲ့ကြတာပါ။ ကျေးဇူးကြီးလှတဲ့မိနှင့်ဖရဲ့ပုံကို တင်ပြပေးပါတယ်။ တောင်သူကြီးပါ။ စစ်ကိုင်းတိုင်းဒေသကြီးမှာ ညောင်ကန်နဲ့ မောင်းထောင်ဆိုတာ ရွာကြီးနှစ်ရွာပေါ့။ ညောင်ကန်က သာသနာပိုင်ဆရာတော်ဦးဗုဓ် နာမည်ကျော်ကြားခဲ့သလို မောင်းထောင်ကလည်း သံချိုဦးကျော်လှဆိုတာနဲ့ နာမည်ကျော်ခဲ့တယ်။ ဒီရွာကြီးနှစ်ရွာကြားမှာ ရွာကလေးငါးရွာလောက်ရှိတယ်။ ညောင်ကန်ရွာရဲ့မြောက်ဘက်မှာရှိလို့ မြောက်တောလို့ခေါ်တယ်။ မောင်းထောင်ရွာကတော့ သူတို့ရဲ့တောင်ဘက်မှာရှိလို့ တောင်ကုန်းဆိုပြီးခေါ်ကြတယ်။ အဲဒီကရွာကလေးတွေဟာ ဆင်းရဲကြတယ်၊ ရိုးသားမှုလည်းရှိကြတယ်။ ရှေးခေတ်က သာသနာ့ဝန်ထမ်းတွေ အများကြီးပေါ်ပေါက်ခဲ့တယ်။ ဆင်းရဲခြင်းရဲ့အကြောင်းကတော့ မြေညံ့လို့ပါပဲ။ မြေတွေက မြေနီသဲဝှမ်းတွေဆိုတော့ မြေပဲစိုက်လည်း မြေပဲတစ်ဧကမှာ သုံးတင်း၊ လေးတင်းလောက်ပဲရကြတယ်။ ပဲစင်းငုံ၊ မတ်ပဲ၊ ကုလားပဲ၊ နှမ်းတို့စိုက်ကြတယ်။ မြေညံ့တော့ သီးနှံထွက်နှုန်းနည်းတာပေါ့။ ဒါပေမယ့် နောက်ပိုင်းမှာ ချင်းတွင်းမြစ်ရေကို ရေဘုတလင် လျှပ်စစ်မြစ်ရေတင်စနစ်နဲ့ ရေရောက်အောင် ပို့ပေးပါတယ်။

အဲဒီမှာ အတွေးအမြင်အသိကလည်း ပြောင်းလဲပြီး စိုက်ပျိုးလာကြတယ်။ အဘပြောလိုတာဟာ အဲဒီဒေသကို အခြေခံပြီးပြောတာပါ။ သီးထပ်၊ သီးညှပ်တို့ သီးနှံပုံစံတို့ နည်းပညာတို့ဆိုတာ လူကြားကောင်းအောင်ပြောနေတာ မဟုတ်ပါဘူး။ လက်တွေ့ကျင့်သုံးပြီး လုပ်မှတိုးတက်မှုရှိတာပါ။ အဲဒီဒေသမှာ ထန်းပင်တွေပေါတော့ ထန်းတက်ကြ၊ ထန်းရေကိုထန်းလျက်ချက်ကြတယ်။ ထန်းရွက်တွေကို အိမ်အမိုးလုပ်ကြတယ်။ ထန်းခေါက်တောင်း ရက်ပြီးရောင်းကြတယ်။ ထန်းလျှော်ကြိုးကျစ်ပြီး နွားချည်ကြိုး၊ နဖားကြိုးလုပ်ပြီး ရောင်းကြတယ်။ နွားချည်ကြိုးကလည်း ခိုင်တယ်။ ထန်းခေါက်တောင်းကလည်း ခိုင်ခံ့တယ်၊ မာတယ်။ ခုလို သမားရိုးကျအလုပ်ကနေပြောင်းလဲပြီး စိုက်ပျိုးကြတာကို ပြောမှာပါ။

ဒီဒေသဟာ မိုးခေါင်ရေရှားဒေသဆိုတော့ ရွာသမ္မမိုးရေကို ရရှိပြီးထိန်းနိုင်အောင်၊ ထယ်ထိုး၊ ထွန်မွှေထားကြပါတယ်။ နောက် မြန်မာဝါမျိုးများကို စိုက်ကြပြီး ထွက်လာတဲ့ဝါနဲ့ ပင်နီအကျီစ နှစ်နံစပ်ပုဆိုးတို့ဆိုတာလည်း ရက်လုပ်ကြပါသေးတယ်။ အလွန်ကြမ်းပါတယ်။

၁၉၇၅ ခုနှစ်လောက်က စာရေးသူတင်ပြမယ့် စိုက်ပျိုးနည်းကိုစတင်ခဲ့ကြပါတယ်။ အထက်ကတင်ပြခဲ့တဲ့မြေတွေမှာ မိုးဖွဲဖွဲရွာပြီဆိုရင် အသင့်ပျိုးထားတဲ့ သနပ်ခါးအပင်ပေါက် ပျိုးအိုးလေးတွေကို ယူလာပြီးစိုက်ကြပါတော့တယ်။ သနပ်ခါးပျိုးတာဟာ သနပ်ခါးပင်ကအပွင့်ပွင့်ပြီး သီးလာတဲ့သနပ်ခါးသီးကိုလှေကားထောင်ပြီးခူးရပါတယ်။ ရင့်မှည့်ပြီးသနပ်ခါးသီးကိုရေဆေးပြီး ချက်ချင်းပျိုးထောင်တာ အပင်ပေါက်ပိုကောင်းတယ်လို့သိရပါတယ်။ (Dormancy Period) အစေ့ငုပ်ချိန်မရှိတဲ့အတွက်ပါပဲ။ ဒီအချက်ကလည်း သိထားဖို့အရေးကြီးတယ်။ သိသူဖော်စား၊ မသိသူကျော်သွားဆိုတဲ့စကားရှိပါတယ်။ စာရေးသူ ကထိက ဥယျာဉ်ခြံသီးနှံဌာနမှူးလုပ်စဉ်ကာလ ကျောင်းသားမိဘတစ်ဦးက "ဆရာရယ် ကျွန်မတို့ကငုစပ်၊ ငုရွှေဝါပင်တွေကို အရမ်းကြိုက်တာ၊ ခြံထဲမှာစိုက်ဖို့ အဘိုးလက်ထက် ကတည်းကပျိုးခဲ့တာ။ အပင်မပေါက်ဘူး။ ဆရာသင်ပေးလိုက်တဲ့သမီး (မြေး)လက်ထက်ရောက်မှ မျိုးစေ့ခွံ (Seed Coat)မာနေလို့ အစိုဓာတ် (ရေ) မဝင်နိုင်ဖြစ်နေတာ၊ သွေးပြီးပျိုးလိုက်မှပေါက်တော့တာပဲ"တဲ့။ သနပ်ခါးပျိုးပင်ပေါက်တွေရဲ့ အရွယ်ပမာဏဟာ အမြစ်ပိုင်းက သုံးလက်မ၊ ပင်စည်ပိုင်းက သုံးလက်မလောက်ရှိပါတယ်။ စိုက်တာဟာ ဝါးအချွန်လေးနဲ့ မြေတွင်းကိုထိုးစိုက်ပြီး အနက်လေးလက်မလောက်ရှိတယ်ဆိုရင် စိုက်လို့ရပါပြီ။ သနပ်ခါးမြစ်ကလေး မကွေးမကောက်ဘဲ ဖြောင့်ဖြောင့်ကလေးဖြစ်အောင် အမြစ်ဖျားမှာ ရွှံ့သီးကလေးနဲ့ ပေါင်းစပ်ပြီး မြေတွင်းထဲချပြီး လေးဖက်လေးတန်က မြေကိုလည်းစောစောက ဝါးအချွန်လေးနဲ့ ပဲစိုက်ပြီး အပင်ဘက်ကိုကပ်ပေးရပါတယ်။ သနပ်ခါးပျိုးအိုးတစ်အိုးမှာ ပျိုးပင် ၅၀ လောက်ပါပါတယ်။ တစ်ပင်နှင့်တစ်ပင် ပင်ခြားအကွာအဝေးဟာ ၁၈ လက်မလောက် ခွာပြီးစိုက်ပါတယ်။ တန်းကြားကတော့ ခုနစ်သွားထွန်ဝင်သာအောင် ရှစ်ပေခွာစိုက်ပါတယ်။ ဒီလိုခြားထားတာကတော့ သနပ်ခါးပင် မကြီးထွားခင်ကြားထဲမှာ ဝင်ငွေရမယ့်သီးနှံစိုက်ဖို့ပါပဲ။ နှမ်း၊ နေကြာ၊ မြေပဲ၊ ပဲစင်းငုံ၊ ပဲလွမ်း၊ ခရမ်းချဉ် တောင်သူနှစ်သက်ရာ သီးနှံစိုက်ပါတယ်။ သီးနှံပေါ်ချိန်ရောက်မှ တောင်သူအချင်းချင်း ဘယ်သီးနှံကို ဘယ်လိုညှပ်စိုက်တာအကောင်းဆုံးလဲဆိုတာသိပြီး နောက်နှစ်တွေမှာတော့ အခုပြောတဲ့ခရမ်းချဉ်ကို သီးညှပ်စိုက်ကြပါတယ်။ ခရမ်းချဉ်ပျိုးပင်တွေကို တိုင်ထောင်စနစ်နဲ့ နှစ်တန်းစိုက်ပါတယ်။ အခုလိုအတန်းလိုက်စိုက်တဲ့ အကျိုးကျေးဇူးတွေကတော့ အပင်အရေအတွက် ပိုဝင်ဆံ့တယ်၊ ပေါင်းရှင်းရ၊ ဆေးဖျန်းရ၊ ဆွတ်ခူးရလွယ်ကူတယ်။ လေဝင် လေထွက်ကောင်းကောင်းရရှိတယ်။ သီးလာတဲ့ ခရမ်းချဉ်သီးဟာ မြေကြီးနဲ့ မထိတော့ အသီးပုပ်တာမရှိတော့ဘူး။ အလေအလွင့်အလွန်နည်းပါးတယ်။

ခရမ်းချဉ်သီးက သုံး၊ လေးလအတွင်း ဝင်ငွေရရှိပါတယ်။ သနပ်ခါးပင်ကတော့ လေး၊ ငါးနှစ်လောက်မှ ဝင်ငွေစရတာပါ။ သနပ်ခါးပင်စည်ကျပ်လုံးအရွယ်ရှိပြီဆိုရင် တစ်ပင်ခြားအမြစ်ပါတူးပြီး ရောင်းရပါတော့တယ်။ သနပ်ခါးကျပ်လုံးအရွယ်ကို ကိုးလက်မလောက်ဖြတ်ရောင်းရင် ဘယ်လောက်ပေးရတယ်ဆိုတာ အမျိုးသမီးတွေသိပါတယ်။ ခရမ်းချဉ်ကလည်း လျှပ်စစ်မြစ်ရေတင်က ရေရတော့ နောက်တစ်သီး (လမိုင်းသီး)ထပ်ပြီးရပါသေးတယ်။

ခရမ်းချဉ်-သနပ်ခါး အမြန်ကြီးပွား၊ ဝင်ငွေပမာဏဘယ်လောက်ရသလဲတော့ စာရေးသူမမေးဖြစ်ခဲ့ဘူး။ အဲဒီသီးညှပ်စနစ်ကို စတင်ဆောင်ရွက်သူကတော့ ဦးအုန်းမြင့်ပါပဲ။ ဦးအုန်းမြင့်နဲ့ စာရေးသူရဲ့နှမ (မခင်သစ်)တို့ဟာ ဒီသီးညှပ်စနစ်ရဲ့အကျိုးကျေးဇူးကြောင့် သားသမီးခြောက်ယောက်လုံး ပညာတတ် ဘွဲ့ရတွေဖြစ်ကုန်ပါပြီ။ သမီးတစ်ယောက်က ဆရာဝန်၊ ဒေသမှာပဲ ဆေးခန်းဖွင့်ထားပါပြီ။ အဲဒီအပြင် လှူဒါန်းနိုင်ပုံပြောပြပါဦးမယ်။ စာရေးသူတို့လို ဝန်ထမ်းတွေဆို ဘယ်လွယ်မလဲ။ ခုနစ်ရက်ခုနစ်လီ အလှူကြီးပေးနိုင်ခဲ့တယ်။ ဗြောစည်တီးလှူတာ နေကြာဆီတစ်ပီပါကုန်ပါသတဲ့။ မန္တလေးက နာမည်ကြီးဆိုင်းဝိုင်း၊ ဘိသိက်အလှူလှည့်နဲ့ ပျော်မဆုံးလှူနိုင်တာ အလွန်ညံ့သော မြေနီသဲဝှမ်းမှာတိုးတက်တဲ့ အမြင်အသိ၊ နည်းပညာပေါင်းစပ်ပေးခြင်းရဲ့ အကျိုးကျေးဇူးပါပဲ။ တကယ်ဖြစ်ချင်ရင် တကယ်လုပ်တော့ အဟုတ်ဖြစ်တာပေါ့။ လက်တွေ့ကြည့်ချင်သေးရင် အဲဒီဒေသကိုပြေးပြီးကြည့်လိုက်ပါ။

မန္တလေးတိုင်းဒေသကြီး

အောင်မြေသာစံမြို့နယ် အမျိုးသားကဇာတ်ရုံ၌ ဘွဲ့ယူယဉ်ကျေးမှု အနုပညာစွမ်းရည်ပြ

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)၏ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ဂီတသဘင်စွမ်းရည်ပြတင်ဆက်မှုအစီအစဉ်ကို စက်တင်ဘာ ၂၈ ရက်က မန္တလေးမြို့ အောင်မြေသာစံမြို့နယ်ရှိ အမျိုးသားကဇာတ်ရုံ၌ ကျင်းပသည်။ **(အပေါ်ပုံ)** ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ကျောင်းသား ကျောင်းသူများက ဘွဲ့ယူ စွမ်းရည်ပြသကြခြင်းဖြစ်ပြီး နဝမအကြိမ်မြောက် ကျင်းပခြင်းလည်းဖြစ်သည်။ ပဏာမဧည့်ခံဂီတသံဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး ပျော်ရွှင်မြူးကြွ မင်းနှစ်ပါးအက မျိုးဆက်သစ်သန္နိဋ္ဌာန်၊ ကကြိုးခြယ်သအင်းဝပျိုမဒီအလှ၊ လောကမြေလွှာ ဤကမ္ဘာအလှစုံစွာ ဒိုးပဒေသာ၊ မြူးကြွမြိုင်ဆိုင် မင်းသားပြိုင်၊ ဖူးပွင့်ဝေဆာ တက္ကသိုလ်မှာ၊ ငြိမ့်ညောင်းလှပ မြန်မာ့မှုဟန်အက၊ ဆန်းသစ်ဝေဖြာ စောင်းသံသာ၊ ပြည်ထောင်စုကြီး ဒို့ရဲ့မြန်မာ၊ တူယှဉ်နွဲ့က ရုပ်သေးနှစ်ပါးအလှ၊ တူရိယာစုံလင် တေးဥယျာဉ် အစရှိသဖြင့် အစီအစဉ်တကျ တင်ဆက်ဖျော်ဖြေကြရာ ကြွရောက်အားပေးသူများက လက်ခုပ်သံ တညံညံနှင့် အားပေးကြသည်။ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)အား ၂၀၀၁ ခုနှစ် နိုဝင်ဘာ ၅ ရက်က စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ပန်းချီ၊ ပန်းပု၊ ဂီတ၊ သဘင်၊ ပန်းထိမ်၊ ဝိဇ္ဇာဘွဲ့ (ရိုးရိုး)၊ ဝိဇ္ဇာဘွဲ့ (ဂုဏ်ထူးတန်း)၊ ဘွဲ့လွန်အနုပညာဒီပလိုမာသင်တန်းများ သင်ကြားပို့ချလျက်ရှိသည်။ **[ဘဦး-မန်း]**

မန္တလေးတိုင်းဒေသကြီး

ရေဘေးသင့်ပြည်သူများအား စားနပ်ရိက္ခာများကူညီထောက်ပံ့

မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ပန်းလောင်မြစ်ရေ လျှံပြီး စဉ့်ကိုင်မြို့နယ်အတွင်းရှိ ကျေးရွာ ၁၂ ရွာခန့် ရေဝင်ရောက်လျက်ရှိရာ ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ သောက်ရေသန့်၊ ခေါက်ဆွဲခြောက်၊ ထမင်းထုပ်များကို အောက်တိုဘာ ၁ ရက် နံနက် ၈ နာရီက ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ရေဝင်ရောက်သော ကျေးရွာများရှိ ရွှေ့ပြောင်းအိမ်ထောင်စုများအား ထောက်ပံ့နိုင်ရန်အတွက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထောက်အကူပြု ကော်မတီဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ချမ်းမြေ့မေတ္တာနာရေးကူညီမှုအသင်းနှင့် စေတနာရှင်အလှူရှင်များစုပေါင်း၍ ရေဝင်ပြောင်းရွှေ့ခဲ့ရသည့် ကျေးရွာအုပ်စု ရှစ်အုပ်စု၊ ကျေးရွာ ၁၂ ရွာ၊ အိမ်ခြေ ၇၈၆၊ အိမ်ထောင်စု ၈၀၈ စု၊ လူဦးရေ ၃၁၆၀ တို့အား ငွေကျပ် ၂၂၃၂၄၀၀ တန်ဖိုးရှိ ဆန်အိတ် ၇၄ အိတ်၊ သောက်ရေသန့် ၄၀၄ ကတ်၊ ခေါက်ဆွဲခြောက်ထုပ် ၇၉၀ နှင့် ထမင်းထုတ် ၁၀၀၀ တို့အား ထောက်ပံ့ပေးအပ်ခဲ့ရာ မြို့နယ်ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက လိုက်လံဝေငှပေးခဲ့ကြောင်း သိရသည်။ **[ထွန်းထွန်းနိုင်]**

ကရင်ပြည်နယ်

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးခွင့်ပြုရန်ပုံငွေထုတ်ပေး

ကရင်ပြည်နယ် ကော့ကရိတ်မြို့၌ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်း ပထမအကြိမ် ခွင့်ပြုရန်ပုံငွေထုတ်ပေးခြင်းအခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၁၁ နာရီက ဘုရင့်နောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကော့ကရိတ်ခရိုင် အုပ်ချုပ်ရေးမှူးဦးသန်းဆွေက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ကျေးရွာအလိုက် လုပ်ငန်းများစတင်ရန်နှင့် ပစ္စည်းများဝယ်ယူနိုင်ရန် ခွင့်ပြုငွေများကို ထုတ်ပေးခဲ့ရာ တက်ရောက်လာသော ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌတို့က ပထမအရစ်ခွင့်ပြုငွေများကို အသီးသီးလက်ခံခဲ့ကြသည်။ စုစုပေါင်းပေးအပ်သော ခွင့်ပြုငွေကျပ် ၁၂၁၇၁၅၀၀ ဖြစ်ကြောင်း သိရသည်။ **[ခရိုင်ပြန်/ဆက်]**

တနင်္သာရီတိုင်းဒေသကြီး

ထားဝယ်မြို့၌ ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံပိုက်ကျော်ခြင်းပြိုင်ပွဲ

တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံပိုက်ကျော်ခြင်းပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ ရှမ္ဗလည်ဆွဲရပ် တိုင်းအားကစားခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက တနင်္သာရီတိုင်းဒေသကြီးမြို့နယ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲသည် တိုင်းဒေသကြီးကိုယ်စားပြု လက်ရွေးစင်အားကစားသမားကောင်းများ ရွေးထုတ်နိုင်ရန် ကျင်းပခြင်းဖြစ်သလို တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်သန်စွမ်းစေရန်နှင့် တိုင်းဒေသကြီး၏ အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာစေရန် ရည်ရွယ်ပြီး ကျင်းပသည့်ပြိုင်ပွဲတစ်ခုလည်းဖြစ်ပါကြောင်း၊ အားကစားလောကဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ ထူးချွန်သည့် အားကစားသမားများဖြစ်အောင် ကြိုးစားသွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြိုင်ပွဲဝင်အသင်းများက တိုင်းဒေသကြီးဝန်ကြီးချုပ်အား အလေးပြုပြီး အားကစားသစ္စာအဓိဋ္ဌာန် လေးချက်ရွတ်ဆို၍ ကွင်းအတွင်းမှ ပြန်လည်ထွက်ခွာသည်။ ပထမပွဲစဉ်အဖြစ် ထားဝယ်မြို့နယ်အသင်းနှင့် မြိတ်မြို့နယ်အသင်းယှဉ်ပြိုင်ရာ ထားဝယ်မြို့နယ်အသင်းက အနိုင်ရရှိသည်။ **(အပေါ်ပုံ)** **[ကျော်ကျော်လတ်]**

မန္တလေးတိုင်းဒေသကြီး

မိတ္ထီလာမြို့နယ် ညောင်သာကျေးရွာ၌ တစ်ပိုင်တစ်နိုင် မွေးမြူသည့် အသားတိုးဝက်လုပ်ငန်း အောင်မြင်

မြန်မာနိုင်ငံတွင် ပြည်တွင်းတစ်ပိုင်တစ်နိုင် အသားတိုးဝက်မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများအနေဖြင့် အာဟာရဖြစ်စေပြီး ဖွံ့ဖြိုးတိုးတက်မှုမြန်ဆန်သည့် မွေးမြူရေးအစားအစာတွင် ဖြည့်စွက်အစာများ ထည့်သွင်းကျွေးမွေးခြင်း၊ မျိုးကောင်းမျိုးသန့်များရွေးချယ်မွေးမြူခြင်းကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြသည်။

“အသားတိုးဝက်များ မွေးမြူရာမှာ D.Y.L အသားတိုးဝက်မျိုးများကို ဩဂုတ် ၁၁ ရက်က ထုံးဘို နယ်မှကီလို ၂၀ ရှိဝက်တစ်ကောင်ကို ငွေကျပ် ၆၀၀၀၀ နှုန်းနဲ့ အကောင်ရေ ၁၀၄ ကောင် သွားရောက်ဝယ်ယူခဲ့ပါတယ်။ ကီလို ၂၀ ကျော်တဲ့ဝက်တွေကို တစ်ကီလိုကို ငွေကျပ် ၂၁၀၀ နှုန်း ထပ်ပေးခဲ့ရတယ်။ ဝက်တွေကို အစားအစာကျွေးရာမှာလည်း ပြောင်းဖူးစေ့၊ ဖွဲနု၊ ဆန်ကွဲ၊ ပဲဖတ်၊ ဆား၊ ငါးခြောက်မှုန့်နဲ့ ဖြည့်စွက်အစားအစာတွေဖြစ်တဲ့ လိုင်စင်၊ မီသိအိုနင်း၊ ကိုလင်း၊ မှိုတားဆေး၊ အင်ဆိုင်း၊ သရီအိုနင်း၊ အက်စမစ်ဖော်အော်နဲ့ D.C.P တို့ကို အချိုးကျရောစပ်ပြီး တစ်နေ့ နှစ်ကြိမ် ကျွေးမွေးပါတယ်။ သန့်ရှင်းရေးကတော့ ဝက်တွေ အစာစားပြီးတိုင်း ရေချိုးပေးတယ်၊ ရေကိုလည်း တစ်နေ့နှစ်ခါ ချိုးပေးရတယ်။ အသားတိုးဝက်တွေကို မွေးမြူရာမှာ အချိန်သုံးလကြာရင် ရောင်းလို့ရတယ်။ အခုဆိုရင် ဝက်မွေးမြူရာမှာ အထီးတွေရောင်းချပြီး အမတွေကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနဲ့ ပူးပေါင်းပြီး A.I နိုင်ငံခြားမျိုးချောင်းများနဲ့ သားတင်ဆောင်ရွက်နိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိပါတယ်ဟု ” မိတ္ထီလာမြို့နယ် ထမုန်ကန်အုပ်စု ညောင်ပင်သာကျေးရွာတွင် အသားတိုးဝက်မျိုးများမွေးမြူသူ ဦးချစ်မင်းစိုးက ပြောသည်။ **[သိန်းမြင့်ကျော်-မိတ္ထီလာ]**

ကယားပြည်နယ်

ဖရူဆိုမြို့၌ လူကုန်ကူးမှုဆိုင်ရာ အသိပညာပေး

လူကုန်ကူးမှုဆိုင်ရာအသိပညာပေးဟောပြောပွဲနှင့် အမျိုးသမီးငယ်များ အကြမ်းဖက်ခံရမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၂၉ ရက် နံနက် ၁၀ နာရီက ဖရူဆိုမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူးက လူကုန်ကူးမှုဆိုင်ရာ အကြောင်းအရာများကို အကျယ်တဝင့်ဆွေးနွေးဟောပြောပြီး မြို့နယ်ဥပဒေအရာရှိက အမျိုးသမီးငယ်များအား အကြမ်းဖက်မှုတားဆီးကာကွယ်ရေးနှင့် ဥပဒေဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူး၊ ဥပဒေအရာရှိ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ အမျိုးသမီးငယ်များ စုစုပေါင်း ၁၁၀ ခန့် တက်ရောက်ကြောင်း သိရသည်။ **[မြို့နယ်ပြန်/ဆက်]**

မွန်ပြည်နယ်

e-government ဖော်ဆောင်နိုင်ရေး ICT အသုံးချသင်တန်းဖွင့်

မွန်ပြည်နယ် သထုံခရိုင်အတွင်းရှိ ဌာနအသီးသီးမှဝန်ထမ်းများ e-government ဖော်ဆောင်နိုင်ရေး၊ ICT နည်းပညာရပ်များကို ကျွမ်းကျင်စွာအသုံးပြုနိုင်စေရေးအတွက် ICT အသုံးချသင်တန်းအမှတ်စဉ် (၁) ဖွင့်ပွဲကို ကွန်ပျူတာတက္ကသိုလ်(သထုံ)၌ အောက်တိုဘာ ၂ ရက်က ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေလင်းက သင်တန်းဖွင့် အမှာစကားပြောကြားပြီး ကျောင်းအုပ်ကြီးဒေါက်တာဝင်းဌေးက e- government တွင် ICT နည်းပညာများ အသုံးပြုခြင်းဖြင့် ပိုမိုထိရောက် အကျိုးရှိကြောင်း၊ ယနေ့ကာလတွင် မိမိတို့လုပ်ငန်းများ အောင်မြင်ရေးအတွက် ICT နည်းပညာများကို လေ့လာတတ်မြောက်ထားရန်လိုအပ်ကြောင်း၊ ယခုသင်ကြားပေးမည့် ပညာရပ်များကိုအသုံးချကာ နိုင်ငံ့အကျိုးအတွက် မိမိတို့ဌာနလုပ်ငန်းစဉ်များတွင် ထိရောက်စွာ အသုံးချစေလိုကြောင်း ရှင်းလင်းဆွေးနွေးဟောပြောသည်။ **(အောက်ပုံ)**

အဆိုပါ သင်တန်းတွင် ကွန်ပျူတာတက္ကသိုလ်(သထုံ)မှ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများက သထုံခရိုင်အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်း ၄၀ တို့အား Internet, e-mail, Social Media, ရုံးသုံးစာဝင်/စာထွက် ပရိုဂရမ်အသုံးပြုခြင်းအစရှိသည့် e-government နှင့် သက်ဆိုင်သည့် ဘာသာရပ်များကို အောက်တိုဘာ ၂ ရက်မှ ၆ ရက်အထိ အခမဲ့သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်းသိရသည်။ **[သက်ဦး-သထုံ]**

ရန်ကုန်တိုင်းဒေသကြီး

လစဉ်စာပေရေအေးတိုက်ကျွေးလျက်ရှိ

၂၀၁၃ ခုနှစ် ဇူလိုင် ၁ ရက်မှ စတင်သန္ဓေတည်ခဲ့သော နံရံကပ်စာပေရေချမ်းစင်များကို ဒလမြို့နယ်တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဌာနမှ ဦးစီး၍ လစဉ်အတွဲ၊ အမှတ်စဉ်အသစ်စာအုပ်များလဲလှယ်ပေးလျက်ရှိသည်။ ထို့ကြောင့် ယခုအောက်တိုဘာလတွင် နောက်ဆုံးထွက်ရှိလာသော စာပေရေချမ်းစင်အတွဲ ၁၊ အမှတ် ၄ ကို ဒလမြို့နယ်ရှိ ရေချမ်းစင်(mini book corner) ခြောက်စင်၌မြို့နယ်ပြန်/ဆက်ဝန်ထမ်းများမှ အောက်တိုဘာ ၁ ရက်က ဖြည့်တင်းဆောင်ရွက်ပေးခဲ့သည်။ ဒလမြို့နယ်တွင် ထားရှိသောနေရာ ခြောက်ခုမှာ ဒလ-ပန်းဆိုးတန်း၊ ကျန်စစ်သားသင်္ဘောနှင့် ထီးလှိုင်ရှင်သင်္ဘောပေါ်၊ မြို့နယ်ပြည်သူ့ဆေးရုံ၊ တရားရုံး၊ မော်တော်ယာဉ်ကွပ်ကဲမှုရုံးနှင့် ကမာအောင်ကူးတို့ဆိပ်များ၌ဖြစ်ပြီး ခေတ္တခဏ နားနေစောင့်ဆိုင်းနေစဉ်နှင့် ခရီးသွားများ လက်လှမ်းမီ အလွယ်တကူ ဖတ်ရှုနိုင်သည်။ **(အပေါ်ပုံ)** **[မြို့နယ်ပြန်/ဆက်]**

» ရှမ်းပြည်နယ်အလှအပမှ

ဦးစွာရောက်ရှိသည်။ နောင်ချိုဘူတာမှ ဂုတ်ထိပ်ဘူတာသည် အဆင်းဖြစ်ပြီး တစ်နာရီခန့် အကွေ့အကောက်များဖြင့် တောင်ကိုပတ်ပြီး ခုတ်မောင်းရသည်။ ယင်းနောက် ဂုတ်ထိပ်ဘူတာမှရထားထွက်ခွာပြီး ကမ္ဘာကျော်သံမဏိတံတားကြီးအား အသည်းတယားယား ရင်တဖိုဖိုဖြင့် ၁၅ မိနစ်ခန့် ဖြတ်သန်းမောင်းနှင်ပြီး သဘာဝကျောက်နံရံကြီးအား ဖောက်ထွင်းတည်ဆောက်ထားသည့် ၁၉၀၀ ခုနှစ်တွင်တည်ဆောက်ခဲ့သော အလျား ၃၅၂ ပေ၊ အမြင့် ၁၈ ပေ၊ အကျယ် ၁၇ ပေ ခြောက်လက်မရှိသည့် လိုဏ်ဂူအမှတ်(၆)အား ဖြတ်သန်းရပါသည်။ ယင်းနောက် အလျား ၄၀၇ ပေ၊ အမြင့် ၁၈ ပေ ခြောက်လက်မ၊ အကျယ် ၁၇ ပေရှိသည့် လိုဏ်ဂူအမှတ်(၇)အား ထပ်မံဖြတ်သန်းပြီး တောင်ကြောအတိုင်းပတ်၍ ဆက်လက်တက်ခဲ့ရာ နောင်ပိန်ဘူတာရောက်မှ အတက်ဆုံးတော့သည်။ ၎င်းခရီးသည်လည်း တစ်နာရီကျော်ခန့်ကြာမြင့်သည်။

စာရေးသူသည် လားရှိုး၌ တာဝန်ထမ်းဆောင်စဉ် ၁၉၉၀ ပြည့်နှစ်များတွင် ၎င်းဂုတ်ထိပ်တံတား၌ လုံခြုံရေးတာဝန်ထမ်းဆောင်ခဲ့ဖူးပြီး ထိုစဉ်က ဖောက်လုပ်ပြီးစ ဂုတ်ထိပ်တံတားလမ်းလွှဲနှင့် တံတားအား လည်းကောင်း၊ ဂုတ်ထိပ်ဘူတာမှ နောင်ပိန်ဘူတာသို့ လည်းကောင်း၊ နေ့စဉ်လမ်းတစ်လျှောက် လုံခြုံရေးဆောင်ရွက်ခဲ့ရပြန်သဖြင့် နှစ်ပေါင်း ၁၁၂ နှစ်သက်တမ်းရှိသည့် တံတားကြီးအတွက် ဂုဏ်ယူစွာတင်ပြရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရပါသည်။ ထိုအချိန်က ဆင်ခြေလျှောမှ ရထားလမ်းလွှဲတစ်ခုဖောက်လုပ်ခဲ့ရာ လမ်းပိုင်းမြေသားများ ခံနိုင်မှုအားနည်းခြင်း၊ ရထားလမ်းအချိုးအကွေ့များ သတ်မှတ်ဒီဂရီထက်များခြင်း၊ အတက်အဆင်း မတ်စောက်ခြင်း၊ တောင်ကမ်းပါးယံများ လှီးဖြတ်ထားရာတွင် ကျဉ်းမြောင်းသဖြင့် အချို့နေရာများတွင် ရထားယိမ်းသည်နှင့် တွဲနှင့်တိုက်မိခြင်း၊ ဂုတ်ထိပ်ချောင်းဖြတ် ဘေလီတံတား၏ ခံနိုင်မှုအားနည်းခြင်း စသည့် အကြောင်းများကြောင့် လမ်းလွှဲအား ဖောက်လုပ်ခဲ့သော်လည်း အသုံးမပြုနိုင်ခဲ့ကြောင်း တွေ့ရပါသည်။

ဂုတ်ထိပ်တံတားကြီးအား ဒုတိယကမ္ဘာစစ်အတွင်းက မဟာမိတ်တပ်များက သံမဏိမုခ်ခုံး(၂/၅)တို့ကို ဗုံးကြဲဖျက်ဆီးခဲ့သဖြင့် ဂျပန်တို့က ပြန်လည်ပြုပြင်ခဲ့ပြီး ဂျပန်တို့ဆုတ်ခွာစဉ်က သံမဏိမုခ်ခုံးအမှတ် (၉/၁၀/၁၁/၁၂)တို့ကို ဖြိုဖျက်ခဲ့ကြောင်း မှတ်တမ်းများအရ သိရှိရသည်။ တံတားကြီးအား ၁၉၄၇ ခုနှစ်မှ ၁၉၄၉ ခုနှစ်အထိ အကြီးစားပြင်ဆင်မှုများ ပြုလုပ်ခဲ့ပြီး ၁၉၉၁၊ ၁၉၉၅၊ ၂၀၀၀၊ ၂၀၁၂ ခုနှစ်တို့တွင် ဇလီဖားတုံးများလဲလှယ်ခြင်းနှင့် ၂၀၁၃ ခုနှစ် မတ်လတွင် တိုင်အမှတ်(၁၀)နှင့်(၁၂)တို့အား ငွေမင်ရောင်ဆေးသုတ်ခြင်းနှင့် ကြံ့ခိုင်မှုအား အစဉ်မပြတ် ပြုလုပ်လျက်ရှိကြောင်း သိရသည်။

မည်သို့ပင်ဆိုစေ တင်ပြခဲ့သည့် တံတား နှစ်စင်းသည် သက်တမ်း ၈၀ နှင့် ၁၀၀ ကျော်ကာလအတွင်းရှိသည့် ကိုလိုနီခေတ်ဗိသုကာလက်ရာများဖြင့် တည်ဆောက်ထားကြောင်းတွေ့ရှိရပါသည်။ ထို့အပြင် သာစည်-ရွှေညောင်လမ်းပိုင်းနှင့် မန္တလေး-လားရှိုး လမ်းပိုင်းများတွင်ရှိသည့် လိုဏ်ဂူများသည် တံတားများ၊ ရထားလမ်းများနှင့်အတူ သမိုင်းအထောက်အထားများအရ လူလုပ်လိုဏ်ဂူများဖြစ်၍ သမိုင်းအတွင်းအရေးပါသည့် အခန်းကဏ္ဍမှ ပါဝင်နေကြောင်း တွေ့ရပေသည်။

ထို့အပြင် ယခုအချိန်အထိ စီးပွားရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးတို့အတွက် အစားထိုးမရနိုင်သေးသည့် ရှေးဟောင်းသမိုင်းဝင် တံတားများဖြစ်၍ သဘာဝခရီးသွားနေရာများအဖြစ် ဖန်တီးပြီး ထိန်းသိမ်းစောင့်ရှောက်သင့်ပါကြောင်း တင်ပြလိုက်ရပါသည်။ ■

ပဲခူးတိုင်းဒေသကြီး

ဖြူးမြို့ ထန်းကုန်းရပ်ကွက် ရပ်ကွက်သူရပ်ကွက်သားတို့ စုပေါင်းအလှူ

ဖြူးမြို့ ထန်းကုန်းရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ဆင်းရဲနွမ်းပါးမိသားစုများအား ငွေသားကံစမ်းမဲ၊ မီးဖိုချောင်သုံး ပစ္စည်းအစုံနှင့် ဆန်တို့အား အောက်တိုဘာ ၁ ရက်မှစ၍ ပေးလှူကြသည်။

ယင်းလှူဒါန်းပွဲအား ထန်းကုန်းရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးတင်သန်းထွန်း ဦးဆောင်မှုဖြင့် အလှူရှင် ၇၉ ဦးတို့၏ လှူဖွယ်ပစ္စည်းတို့အား ရပ်ကွက်သူ ရပ်ကွက်သားများက အောက်တိုဘာ ၁ ရက်မှစ၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ သံဃာငါးပါး ဆွမ်းကပ်သီလယူပြီး ရပ်ကွက်အတွင်းရှိဆင်းရဲနွမ်းပါးသူ ၁၆၈ ဦးတို့အား တစ်ဦးလျှင် **(ယာပုံ)** ဆန်၊ ငရုတ်၊ ကြက်သွန်၊ အာလူးများအပြင် ငွေသားကံစမ်းမဲ ကျပ် ၃၀၀၀၊ ကျပ် ၅၀၀၀ များ ပေးလှူခဲ့ပြီး မုန့်ဟင်းခါးဖြင့် ကျွေးမွေးဧည့်ခံခဲ့သည်။

ဤသို့လှူဒါန်းမှုအား ဩဂုတ် ၁ ရက်တွင် ပထမအကြိမ် ၁၄၁ ဦး၊ စက်တင်ဘာ ၁ ရက်တွင် ဒုတိယအကြိမ် ၁၆၈ ဦး၊ ယခုအောက်တိုဘာ ၁ ရက်တွင် တတိယအကြိမ် ၁၆၈ ဦး စုစုပေါင်း ၄၇၇ ဦးတို့အား တစ်ဦးလျှင် ဆန် ၁၀ ပြည်လေးလုံးတို့အား သုံးကြိမ်မြောက်(နောက်ဆုံးအကြိမ်အဖြစ်) ပေးအပ်လှူဒါန်းခဲ့ကြပြီး ရပ်ကွက်အထောက်အကူပြုအဖွဲ့ ဦးအောင်မောင်းကလည်း ယခုလာမည့် သီတင်းကျွတ်လပြည့်ကျော် တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဆောင်၍ နှစ်ကိုတ်ရှစ်ဆူဘုရားလှည့်လည်ပူဇော်ပွဲပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

[ဖြူး-မြင့်ဦး]

သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းစီမံကိန်းကြီးအောင်မြင်ရေး ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းကူညီပေး

ရှမ်းပြည်နယ်

၂၀၁၃ ခုနှစ် အောက်တိုဘာ ၁ ရက် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကို အောက်တိုဘာ ၁ ရက် မွန်းလွဲ ၁ နာရီက တောင်ကြီးမြို့ အတုလမာရစိန်မြို့လယ်ဓမ္မာရုံ၌ ကျင်းပခဲ့ရာ **(ယာပုံ)** ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က မိဘဘိုးဘွား သက်ကြီးရွယ်အိုများအား ရိုရိုသေသေ လေးလေးစားစား လုပ်ကျွေးပြုစု စောင့်ရှောက်ခြင်းသည် မိမိတို့ မြန်မာတိုင်းရင်းသားများ၏ ယဉ်ကျေးမှုဓလေ့တစ်ခုဖြစ်ပါကြောင်း၊ ရိုသေမြတ်နိုးစွာ လုပ်ကျွေးပြုစုကြရန် ဆိုဆုံးမထားသည့် နီတိများ၊ ဆုံးမစာများသည် မြန်မာ့လူ့ဘောင်၏ ဒဿနတွေအဖြစ် အခိုင်အမာ တည်ရှိခဲ့ပါကြောင်း၊ အိုမင်းမစွမ်းဖြစ်လာသည့် မိအို၊ ဖအိုနှင့် အဘိုးအဘွားများကို သားသမီးမြေးမြစ် လူငယ်တွေက ချစ်ခင်မြတ်နိုး ဂူပုထိုးသို့ ရိုကျိုးလေးစားစွာ ကျွေးမွေးစောင့်ရှောက်ကြခြင်းသည် မြန်မာတို့၏ယဉ်ကျေးသော ဓလေ့စရိုက်များပင် ဖြစ်ပါကြောင်း၊ အိမ်တိုင်ရာရောက် သက်ကြီးရွယ်အိုစောင့်ရှောက်ရေးလုပ်ငန်းစီမံကိန်းကြီး အောင်မြင်ရေးအတွက် ပြည်သူတစ်ရပ်လုံးကဝိုင်းဝန်းကူညီပေးကြရန် လိုအပ်ကြောင်း တိုက်တွန်းပြောကြားသွားသည်။

ဆက်လက်၍ ရပ်စောက်မြို့နယ် သုခကာရီ ဘိုးဘွားရိပ်သာရှိ ဘိုးဘွားများအတွက် လူမှုဝန်ထမ်းဦးစီးဌာနမှ အလှူငွေများလှူဒါန်းရာ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းက အလှူငွေကျပ်တစ်သိန်းပေးအပ်ရာ ရပ်စောက်မြို့ သုခကာရီ ဘိုးဘွားရိပ်သာကြီးကြပ်မှုကော်မတီအတွင်းရေးမှူးဦးထွန်းဦးက လက်ခံရယူသည်။

အဆိုပါအပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အခမ်းအနားတွင် (၈၇)နှစ်အထက် အဘိုး ၃၄ ဦး၊ အဘွား ၄၄ ဦး စုစုပေါင်း ၇၈ ဦးတက်ရောက်ပြီး တက်ရောက်သည့် အဘိုးအဘွားများကို တစ်ဦးလျှင် ၂၀၀၀၀ ကျပ်စီနှင့် မတက်ရောက်နိုင်သည့် အဘိုးအဘွားများကို တစ်ဦးလျှင် ၁၅၀၀၀ ကျပ်နှုန်းဖြင့် ဂါရဝလက်ဆောင်ပေးအပ်ပြီး ရှမ်းပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးမှူးမှ ဘိုးဘွားများအား အာဟာရကျွေးမွေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများပြုလုပ်ပေးခြင်း၊ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများအား လှူဒါန်းငွေမှာ ကျပ် ၃၈၇၉၂၀၀၊ ဆေးတန်ဖိုးမှာ ငွေကျပ် ၄၅၇၅၀၀ ဖြစ်ပြီး အခမ်းအနားသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်/ခရိုင်/မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့အစည်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ကန်တော့ခံ ဘိုးဘွားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

[အင်းသားလေး-တောင်ကြီး]

ရှမ်းပြည်နယ်

အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်

မိုင်းဆတ်ခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်သီသီစိုးနှင့် အဖွဲ့ဝင်များသည် ပုံပါကျင်မြို့နယ်ခွဲ အထက်တန်းကျောင်းရှိ သူငယ်တန်းကလေးများအား အာဟာရပြည့် ပဲနို့ရည်တိုက်ကျွေးခြင်းနှင့် အမှတ်(၁) ရပ်ကွက် တုံဖေ့ရွာတွင် နေထိုင်သည့် အသက်(၈၈) နှစ်ရှိ မျက်မမြင်အဘွား ဒေါ်သိန်းတင်ထံသွားရောက်၍ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုပေးပြီး အာဟာရပြည့် ကွေကာအုပ်နှင့် ငွေကျပ် ၁၀၀၀၀ တို့ကို စက်တင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီက ထောက်ပံ့ပေးအပ်ခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် အမှတ် (၄) ရပ်ကွက်တွင်နေထိုင်သည့် အသက်(၁၃)နှစ်ရှိ မသန်မစွမ်းကလေး စိုင်းနွံခေးနှင့် အသက် (၇၅) နှစ်ရှိ အဘိုး ဦးဘချစ်တို့အား အိမ်တိုင်ရာရောက် ကျန်းမာရေးစောင့်ရှောက်မှုပေးပြီး အာဟာရပြည့် ကွေကာအုပ်နှင့် ငွေကျပ် ၁၀၀၀၀ စီကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

[သန်းဇော်-iprd]

စစ်ကိုင်းတိုင်းဒေသကြီး

ပြည်သူတို့၏အိုးအိမ်များ အန္တရာယ်ကင်းရေး ဥပုတ်ချောင်းရေလမ်းကြောင်းလွှဲ

ကလေးမြို့တွင် စက်တင်ဘာ ၂၉ ရက် တစ်ရက်တည်း မိုးရေချိန် ၇ ဒသမ ၄၄ လက်မရွာသွန်းသောကြောင့် ဥပုတ်ချောင်းရေကြီးကာ ပြည်သူတို့၏အိုးအိမ်နေရာများ ရေစီးထဲမျောပါသွားခြင်း၊ ပြောင်းရွှေ့ပေးရခြင်းများပြုလုပ်ပေးခဲ့ရသည်။ ဥပုတ်ချောင်းရေသည် မိုးဆက်လက်ရွာသွန်းနေပါက ပြည်သူတို့၏အိုးအိမ်များ အန္တရာယ်ကင်းရေးအတွက် ဥပုတ်ချောင်းရေလမ်းကြောင်းလွှဲမှုကို အောက်တိုဘာ ၂ ရက် နံနက်ပိုင်းမှ စတင်၍ ဆောင်ရွက်လျက်ရှိသည်။ **(အောက်ပုံ)**

"ကျွန်တော်တို့ဥပုတ်ချောင်းရေကို ရေတိုက်စားနိုင်မယ့်နေရာတိုင်း ရေလမ်းကြောင်းလွှဲမှုတွေ ဆောင်ရွက်သွားနိုင်ဖို့ စီစဉ်နေပါတယ်။ ခရိုင်/မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ ဆောက်လုပ်ရေးဌာနနဲ့ ငွေကြေးတတ်နိုင်တဲ့ ပုဂ္ဂိုလ်တွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေပါတယ်။ တိုင်းဒေသကြီးဆီကနေလည်း အကူအညီရဖို့ တောင်းခံထားပါတယ်"ဟု တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်သန်းက ပြောသည်။

ဥပုတ်ချောင်းသည် ကလေးမြို့ အလယ်မှ ဖြတ်သန်းစီးဆင်းသော ချောင်းဖြစ်ပြီး ချင်းတောင်ခြေရင်းမှ ချောင်းဖျားခံကာစီးဆင်းလာခြင်းဖြစ်သည်။ အဆိုပါဥပုတ်ချောင်းရေ တိုက်စားခြင်းများ ကာကွယ်နိုင်ရန်အတွက် ကျောက်စီမြေကာနံရံပြုလုပ်ခြင်းလုပ်ငန်း (၂× ၉၃၀၀× ၂၅×၈) ပေကို နိုင်ငံတော်ထောက်ပံ့ငွေရရှိရေး တင်ပြလျက်ရှိကြောင်း သိရသည်။

[လင်းလက်ကြယ်စင်]

ရှမ်းပြည်နယ်

ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ဒေသဦးစီးရုံး စစ်ဆေး

ရှမ်းပြည်နယ် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးခွန်စံလွင်သည် ဒေသဦးစီးအဖွဲ့အတွင်းရေးမှူး ဦးနိုးဝေ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်နှင့်တာဝန်ရှိသူများလိုက်ပါလျက် စက်တင်ဘာ ၃၀ ရက် နံနက် ၉ နာရီက မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်လျက်ရှိသည့် ဒေသဦးစီးရုံးအဆောက်အအုံ၊ ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနရုံးအဆောက်အအုံနှင့် ခြောက်ခန်းတွဲနှစ်ထပ် ၅၃' × ၂၅' × ၁၉ ½' ၊ လေးခန်းတွဲ နှစ်ထပ် ၁၀၂'×၂၅'×၁၉½'၊ နှစ်ခန်းတွဲ နှစ်ထပ် ၅၁' × ၂၅' × ၁၉½' သံကူကွန်ကရစ်ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပြီးစီးမှုအခြေအနေကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။ အဆိုပါ အဆောက်အအုံများကို ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင် အပြီးသတ်တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

[ပြည်နယ်ပြန်/ဆက်]

ကချင်ပြည်နယ်

တရားဥပဒေစိုးမိုးရေး လုံခြုံရေးဟန်ချက်ညီညီ ဆောင်ရွက်

ပြည်နယ်အတွင်းရဲတပ်ဖွဲ့ဝင်များအနေဖြင့် မိမိပိုင်နယ်မြေအသီးသီးတွင် လောင်းကစားမှုများ ကင်းစင်ပပျောက်ရေး ဆောင်ရွက်ရမည့်အပြင် လူသားများအညွန့်တုံးစေသည့် မူးယစ်ဆေးဝါးများကို အရင်းအမြစ်ပါမကျန်အောင် ဖော်ထုတ်ဖမ်းဆီးအရေးယူသွားကြရန် တရားဥပဒေစိုးမိုးရေး၊ လုံခြုံရေးကိစ္စရပ်များသာမက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းကိုလည်း သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ဟန်ချက်ညီညီ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်သွားကြရန်လိုကြောင်း အောက်တိုဘာ ၁ ရက် နံနက် ၈ နာရီက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် (၄၉) ကြိမ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းက ပြောကြားခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးဆောင်ရွက်နိုင်မှု ပထမဆုရ ထူးချွန်ရဲအရာရှိနှင့် ရဲတပ်သားများကိုလည်းကောင်း၊ ဒုတိယဆုရ ထူးချွန်ရဲအရာရှိနှင့် တပ်သားများအား လွှတ်တော်ဥက္ကဋ္ဌက လည်းကောင်း၊ တတိယဆုရ ထူးချွန်ရဲအရာရှိနှင့် တပ်သားများအား မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးကလည်းကောင်း၊ အားကစားထူးချွန်ဆုရ ရဲတပ်သားများအား လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးဇော်သိန်းတို့ကလည်းကောင်း ဆုများ အသီးသီးပေးအပ်ခဲ့သည်။

[ပြည်နယ်ပြန်/ဆက်]

တနင်္သာရီတိုင်းဒေသကြီး

သက်ကြီးရွယ်အိုများအား စောင့်ရှောက်

ထားဝယ်မြို့၌ အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၁ ရက် ညနေ ၄ နာရီက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက "အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံအသစ်ကို တည်ဆောက်ရာတွင် **"သက်ကြီးရွယ်အိုပြောစကား ဒို့လိုချင်တဲ့အနာဂတ်များ"**ဆိုသော ဆောင်ပုဒ်နှင့်အညီ ကြီးသူ၊ ရွယ်သူ၊ ငယ်သူ အရွယ်သုံးပါးစလုံးက နိုင်ရာဝန်ကို ထမ်းဆောင်သွားကြပြီးအဘိုးအဘွားများကလည်း **အိုသည့်တိုင်အောင် ဇွဲကိုဆောင်၊လူ့ဘောင်ကောင်းဖို့ ကြိုးစားစို့** ဆိုပြီး အားမာန်သတ္တိမွေးကာ စွမ်းပကားပြကြရန် လိုကြောင်း" ပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရေဖြူမြို့နယ်မှ အသက်(၁၀၅)နှစ် အဘိုး ဦးဂွတိုအား အလှူငွေနှင့် လက်ဆောင်ပစ္စည်းများကို လည်းကောင်း၊ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဝန်ကြီးများ၊ လွှတ်တော်ဥက္ကဋ္ဌနှင့် တိုင်းအဆင့်ဌာနဆိုင်ရာ အကြီးအကဲများက အဘိုးအဘွားများကို အလှူငွေနှင့် လက်ဆောင်ပစ္စည်းများကို အသီးသီးပေးအပ်ကြသည်။

အဆိုပါ အခမ်းအနားသို့ အဘိုး ၄၈ ဦး၊ အဘွား ၅၂ ဦးတို့ကို တစ်ဦးလျှင် ငွေကျပ်တစ်သောင်းရှစ်ထောင်ကျပ်စီနှင့် လက်ဆောင်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ပြီး တိုင်းကျန်းမာရေးဦးစီးဌာနမှလည်း မျက်စိ၊ အရိုး၊ သွားနှင့်စိတ်ရောဂါအထူးကုဆေးခန်းများ ဖွင့်လှစ်ပေးပြီး တက်ရောက်လာသော အဘိုးအဘွားများကို အခမဲ့ဆေးဝါးကုသပေးခဲ့သည်။

[ကျော်ကျော်လတ်]

ရခိုင်ပြည်နယ်

ကင်းထောက်မောင်မယ်များ အဝတ်အထည်များ လှူဒါန်း

ရခိုင်ပြည်နယ် စစ်တွေမြို့ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းမှ ကင်းထောက်မောင်မယ် ၁၀၀ တို့သည် စက်တင်ဘာ ၃၀ ရက် နံနက် ၉ နာရီက စစ်တွေမြို့ မင်းဂံရပ်ကွက် အကွက် ၁၃ ရှိ ABC ကလေးသူငယ်များပြုစုစောင့်ရှောက်ရေးလုပ်ငန်းဂေဟာသို့သွားရောက်ပြီး ဂေဟာရှိ ကလေးသူငယ် ၃၁ ဦးကို နံနက်စာအာဟာရထမင်းကျွေးမွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ ကင်းထောက်မောင်မယ်များကလည်း ကလေးဂေဟာဝန်းကျင်ကို သန့်ရှင်းရေးပြုလုပ်ခြင်း၊ ကလေးအဝတ်အထည်များကို လှူဒါန်းခြင်းများ ပြုလုပ်ခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)** **[၆၉၈]**

မန္တလေးတိုင်းဒေသကြီး

ကိုယ့်အားကိုယ်ကိုး စုပေါင်းအားဖြင့် ကျေးရွာလုံးကျွတ် မီးလင်းနိုင်ခဲ့

မိတ္ထီလာမြို့နယ် ထမုန်ကန်အုပ်စု ဥယျာဉ်ကုန်းကျေးရွာ၌ ကိုယ့်အားကိုယ်ကိုး စုပေါင်းအားဖြင့် စက်တင်ဘာ ၂၆ ရက်မှစတင်၍ ကျေးရွာလုံးကျွတ် လျှပ်စစ်မီးစတင်လင်းနိုင်ခဲ့သည်။ **(အောက်ပုံ)**"ဒီလိုမီးလင်းနိုင်အောင် ကျေးရွာမီးလင်းရေး ကော်မတီတွေဖွဲ့စည်းပြီး အချိန်နှစ်နှစ်တိတိ ငွေကြေးတွေကောက်ခံ၍ ငွေကျပ် ၃၁၅သိန်းကျော် အကုန်အကျခံကာ ကေဗွီ(၁၆၀)ထရန်စဖော်မာ ဓာတ်အားလိုင်း ၁၁၀၀၀ ဗို့အားဖြင့် ကျေးရွာအိမ်ထောင်စု ၁၆၂ စုတွင် မီတာအလုံး ၁၂၀ တပ်ဆင်နိုင်ခဲ့ပါတယ်။ ဆက်လက်ပြီး ကျန်ရှိနေတဲ့ အိမ်ထောင်စုတွေအတွက် မြို့နယ်လျှပ်စစ်ရုံးသို့ မီတာအလုံး ၄၀ ကျော်ကို လျှောက်ထားပြီးဖြစ်ပါတယ်" ဟု ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးအောင်နိုင်အေးက ပြောသည်။

[သိန်းမြင့်ကျော်-မိတ္ထီလာ]



စက်မှုလုပ်ငန်းစု ဖွဲ့စည်းဆောင်ရွက်စို့

သန်းဇော်

လုပ်ငန်းအစုအဖွဲ့ဆိုသည်မှာ အဘယ်နည်း။

နိုင်ငံတွင်းရှိ ဆက်စပ်လုပ်ငန်းများ စုစည်းဆောင်ရွက်ခြင်းသည် လုပ်ငန်းအစုအဖွဲ့တစ်ခုဖြစ်သည်။ အထူးသဖြင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများသည် အကျိုးရှိသည့်နေရာများတွင် တစုတစည်းတည်းတည်ရှိ၍ အပြန်အလှန်အကျိုးပြု အရည်အချင်းများရှိသည့်လုပ်ငန်းများ ဆောင်ရွက်ခြင်း ဖြစ်သည်။

တစ်နည်းအားဖြင့် စီးပွားရေးလုပ်ငန်းများ၊ ထောက်ပံ့သူများနှင့် အဖွဲ့အစည်း အချင်းချင်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အကျိုးရှိအောင် ဆောင်ရွက်နိုင်သည့် အဖွဲ့အစည်းများအတွင်း ဆက်သွယ်မှုကို ရရှိစေသည့် ဒေသဆိုင်ရာစုစည်းမှုဖြစ်သည်။

ရွှေပြည်သာစက်မှုဇုန်တစ်နေရာကို တွေ့ရစဉ်။

စက်မှုလုပ်ငန်းစု အဘယ်ကြောင့် လိုအပ်သနည်း။

နိုင်ငံတကာယှဉ်ပြိုင်မှုများ ကြီးထွားလာခြင်း၊ စားသုံးသူလိုအပ်ချက်များ ပုံစံပြောင်းလဲလာခြင်း၊ သတင်းအချက် အလက်နည်းပညာလုပ်ငန်းစဉ်များ လျင်မြန်စွာပြောင်းလဲလာခြင်း စသည်တို့ကြောင့် ထုတ်လုပ်မှု အရည်အသွေးမြင့်မားစေရန်၊ လုပ်သားအင်အားနှင့် စွမ်းဆောင်ရည်တိုးတက်စေရန်၊ လုပ်ငန်းရင်းနှီးမြှုပ်နှံမှုပမာဏ များပြားစေရန်နှင့် ထုတ်လုပ်မှုကုန်ကျစရိတ် သက်သာစေရန် စက်မှုလုပ်ငန်းစုများ တည်ထောင်ရမည်ဖြစ်ပါသည်။

လှိုင်သာယာစက်မှုဇုန်ရှိ အထည်ချုပ်စက်ရုံတွင် အလုပ်သမားများ အလုပ်လုပ်ကိုင်နေကြစဉ်။

စက်မှုလုပ်ငန်းစုများအတွက် မဟာဗျူဟာ

စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုမူဝါဒတွင် ပါဝင်သော ပုဂ္ဂလိကလုပ်ငန်းများအနေဖြင့် လုပ်ငန်းစုမဟာဗျူဟာ ကျင့်သုံးခြင်းဖြင့် စီးပွားရေးဖွံ့ဖြိုးမှုကို မြှင့်တင်နိုင်ခြင်း၊ ဒေသဆိုင်ရာ စီးပွားရေးအင်အား တောင့်တင်းမှုအပေါ် အခြေခံ၍ စက်မှုလုပ်ငန်းဆိုင်ရာ အစီအစဉ်များ၊ ဝန်ဆောင်မှုများပံ့ပိုးပေးမည့် ထိရောက်သော၊ အကျိုးရှိသော နည်းလမ်းတစ်ခုကို တွေ့ရှိနိုင်မည်။

စက်မှုလုပ်ငန်းစုများသည် အောင်မြင်မှုကို ပံ့ပိုးပေးသည့် စက်မှုလုပ်ငန်းများနှင့် အဖွဲ့အစည်းများအကြား ဆက်နွှယ်မှုကို သိသာထင်ရှားစေမည်။ လုပ်ငန်းစုနည်းဗျူဟာများသည် စက်ရုံများကို ဦးစားပေးတည်ဆောက်ရမည်ကို ဆိုလိုခြင်းမဟုတ်သည့်အပြင် ၎င်းတို့၏ ပြဿနာများနှင့် အဖွဲ့အစည်းများ၏ ဖြေရှင်းချက်များကို အစိုးရက ဖြေရှင်းပေးရမည်လည်း မဟုတ်ပေ။ သို့သော် အစိုးရနှင့် ပညာရေးသည် ပံ့ပိုးမှုနှင့် ထောက်ပံ့မှုကဏ္ဍများတွင် ပါဝင်လုပ်ကိုင်နေစဉ် စက်မှုလုပ်ငန်းသည် ၎င်းတို့နှင့်သက်ဆိုင်သော ကဏ္ဍများကို ဦးဆောင်လုပ်ကိုင်နေကြမည်။ အကျိုးရလဒ်အနေဖြင့် လုပ်ငန်းစုနည်းဗျူဟာများသည် တိုင်းပြည်အတွက် ပိုမိုကောင်းမွန်သော လုပ်ငန်းအခြေအနေကို ဖန်တီးနိုင်သည်။ ယင်းအခြေအနေသည် လုပ်ငန်းသစ်များ ပေါ်ထွက်လာရေးနှင့် တည်ရှိပြီးသော လုပ်ငန်းများတိုးတက်မှုရှိစေရန် အကူအညီများပေးလိမ့်မည်။

စက်မှုလုပ်ငန်းစုမဟာဗျူဟာ၏ အကျိုးကျေးဇူးများ

စက်မှုလုပ်ငန်းစု မဟာဗျူဟာသည် ပြည်နယ်တစ်ခု(သို့မဟုတ်) တိုင်းဒေသကြီးတစ်ခုအတွက် အကျိုးကျေးဇူးများနှင့် အခွင့်အရေးများ ပေးစွမ်းနိုင်သည်။ သိသာထင်ရှားသော အကျိုးကျေးဇူးမှာ စက်မှုလုပ်ငန်း၊ အုပ်ချုပ်ရေးနှင့် ပညာရေးတို့၏ အရည်အသွေးကောင်းလာစေရန် ပူးပေါင်းဆောင်ရွက်နိုင်ခြင်းဖြစ်သည်။ ဤအချက်သည် အစိုးရနှင့် ပုဂ္ဂလိကအရင်းအမြစ်များကို ပိုမိုထိရောက်စွာ၊ ပိုမိုအကျိုးရှိစွာအသုံးပြုနိုင်ရန် လမ်းပြပေးပြီး ပြည်နယ်တစ်ခု(သို့မဟုတ်) တိုင်းဒေသကြီးတစ်ခု အားကောင်းလာစေရန်နှင့် လုပ်ငန်းစုများ အားကောင်းလာစေရန် ကူညီပေးသည်။ ယင်းလုပ်ငန်းစုများသည် စီးပွားရေးတိုးတက်မှုကို ထပ်မံပေါ်ပေါက်စေမည် ဖြစ်သည်။ လုပ်ငန်းစုမဟာဗျူဟာသည် လူသားအရင်းအနှီးနှင့် လုပ်သားအင်အား ဖွံ့ဖြိုးတိုးတက်မှု၊ အခြေခံအဆောက်အအုံ စီမံကိန်းနှင့် ဖွံ့ဖြိုးတိုးတက်မှု၊ ကျေးလက်နှင့် လူ့အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှု အစရှိသည့် အရေးပါသော ကိစ္စရပ်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတွင် ပေါ်ပေါက်လာစေရန် ကူညီပေးပါမည်။

စက်မှုလုပ်ငန်းစုများ၏ အားသာချက်များ

(က) လုပ်ငန်းတစ်ခုချင်း အနေဖြင့် အရင်းအမြစ်များကို ကောင်းစွာ စီမံခန့်ခွဲမှုပြုနိုင်ခြင်း၊

(ခ) စီးပွားရေးလုပ်ငန်းအရည်အသွေးနှင့် အဆင့်အတန်း မြှင့်တင်နိုင်ခြင်း၊

(ဂ) လုပ်ငန်းလုံခြုံမှုရှိခြင်းနှင့် မြင့်မားသည့် ကုန်စည်အရည်အသွေးများ ရရှိနိုင်ခြင်း၊

(ဃ) လုပ်ငန်းသစ်များ စတင်ခြင်းကို အထောက်အပံ့ပြုနိုင်ခြင်း၊

(င) ယှဉ်ပြိုင်ရန် တီထွင်ဆန်းသစ်မှု အခွင့်အလမ်းများ တိုးတက်စေခြင်း၊

(စ) တစ်ဦးချင်းစီ၏ ယှဉ်ပြိုင်လိုသည့် စိတ်ကို တွန်းအားပေးခြင်းဖြင့် ယှဉ်ပြိုင်ခြင်းများ တိုးတက်နိုင်ခြင်း၊

(ဆ) ပြဿနာကို ပူးပေါင်း၍ အဖြေရှာနိုင်ခြင်း၊

(ဇ) လုပ်ဆောင်ချက်များကို အပြန်အလှန် သင်ယူနိုင်ခြင်း အကျိုးကျေးဇူးများ ရရှိနိုင်ပါသည်။

ပူးပေါင်းဆောင်ရွက်ကြပါစို့

ပြည်တွင်း လုပ်နိုင်စွမ်းအားကိုသုံး၍ ကျယ်ပြန့်သောဈေးကွက် ဖွင့်လှစ်နိုင်ရေး အောင်မြင်မှုများရရှိနိုင်ရန်၊ စားသုံးသူများ၏ လိုအပ်ချက်များကို ကျေနပ်နိုင်စေသည့် ကုန်စည်များ ဖြည့်ဆည်းပေးနိုင်ရေး လုပ်ငန်းအစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ကြပါစို့ဟု တိုက်တွန်းရေးသားအပ်ပါသည်။ ။